# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၇

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪


**ယနေ့** *ဖတ် စ ရာ*

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့်အညီ စစ်ဆေး** — ပြည်တွင်းသတင်း — စာ - ၃

**စစ်မှန်စည်းကမ်းပြည့်ဝမှုနှင့် . . . ဖက်ဒရယ်ဒီမိုကရေစီဟူသည်** — ဆောင်းပါး — စာ - ၈

**အမေရိကန်ပြည်ထောင်စုတစ်ဝန်း မြန်ဆန်တဲ့ ကိုဗစ်လှိုင်းဂယက် ဖြစ်ပွားစေခဲ့တဲ့ အိုမီခရွန်** — နိုင်ငံတကာရေးရာ — စာ - ၁၄


## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများ ကျောင်းဖွင့်လှစ်မည့် နေ့ရက်မတိုင်မီအထိ ဝင်ခွင့်လျှောက်ထားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ နေ့သင်တန်းနှင့် အဝေးသင် သင်တန်း ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များသို့ ဝင်ခွင့်မလျှောက်ထားရသေးသဖြင့် ဝင်ခွင့်လျှောက်ထားလိုသူများသည် မိမိပြည်နယ်/ တိုင်းဒေသကြီး ပညာရေးမှူးရုံးများ (သို့မဟုတ်) အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)တွင် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် လျှောက်လွှာပုံစံ တစ်စုံလျှင် ကျပ်၁၀၀၀/နှုန်းဖြင့် ထုတ်ယူနိုင်ပြီး ကျောင်းဖွင့်လှစ်မည့်နေ့ရက်မတိုင်မီအထိ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်သို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသည့်အတွက် အချိန်နှင့်တစ်ပြေးညီ ကာကွယ်ထိန်းချုပ်ကုသရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နေရပြီဖြစ်သည်။ ရန်ကုန်သည် မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံး၊ စက်မှုဇုန်အများဆုံးဖြစ်၍ စီးပွားရေး အချက်အချာဒေသဖြစ်သလို ကပ်ရောဂါ ကျရောက်ကူးစက်ပျံ့နှံ့မှု အလားအလာမြင့်မားသော ဒေသလည်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းလာပြီး နေ့စဉ်ကူးစက်မှု ရာခိုင်နှုန်းမှာလည်း ၁ ရာခိုင်နှုန်းဝန်းကျင်ခန့်တွင်သာ ရှိနေသည်။ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာလည်း ၁၉၃၁၀ တွင် ရပ်တန့်နေသည်မှာ ရက်သတ္တနှစ်ပတ်ကျော်လာပြီဖြစ်ရာ ကပ်ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့မှုနှင့် ပြေလျော့မှု အနေအထားတွင် ရှိနေခြင်းက ကူးစက်ပျံ့နှံ့မှုများ ပြန်လည်မြင့်တက်လာစေခြင်းဖြစ်သည်ဟု ယူဆရသည်။ ကူးစက်မြန် ကပ်ရောဂါ ကိုဗစ်-၁၉ သည် လူတို့၏ အပြုအမူနှင့် အလစ်အငိုက်ကို အချိန်အခါမလပ် စောင့်ကြည့်နေပြီး ပေါ့လျော့သည်နှင့် ဝင်ရောက်တိုက်ခိုက်နေသကဲ့သို့ပင်ဖြစ်သည်။ ကပ်ရောဂါ၏ သက်တမ်း နှစ်နှစ်တာကာလ ရောက်ရှိလာချိန်တွင် မီဒီယာများမှ တစ်ဆင့် နေ့စဉ်မပြတ် အသိပညာပေးမှုများ၊ သတိပေးမှုများကြောင့် မည်သို့နေထိုင်ရမည်၊ မည်သို့ရှောင်ကြဉ်ရမည်တို့ကို ကလေးငယ်များပင် အတော်အတန် သိရှိနေကြပြီဖြစ်သည်။

လက်တလောတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်က အဓိကလွှမ်းမိုးထားခြင်းဖြစ်သည်။ အိုမီခရွန်ကူးစက်ပျံ့နှံ့မှုနှုန်းက ၎င်း၏အရင် ကူးစက်ပျံ့နှံ့ခဲ့သည့် ဒယ်လ်တာထက် နှစ်ဆပိုမြန်သည်။ သို့ရာတွင် ဒယ်လ်တာလောက်မပြင်းထန်ဘဲ အပျော့စားလက္ခဏာများကိုသာပြသည်။ မည်သည့် ရောဂါလက္ခဏာမှမပြဘဲ ကူးစက်ခံထားရသူများလည်း များစွာရှိနေသည့်အတွက် ပေါ့ဆစွာနေကြပါက ရောဂါကူးစက်မှု စတုတ္ထလှိုင်း ဖြစ်ပေါ်လာနိုင်သည်။ ကာကွယ်ဆေးထိုးမှုနှုန်း မြင့်မားသည့် အမေရိကန်ကဲ့သို့သော နိုင်ငံကြီး၌ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လျစ်လျူရှုကာ လိုက်နာကျင့်သုံးရန် ငြင်းဆန်မှု ပျက်ကွက်မှုများကြောင့် ကမ္ဘာတွင် ကူးစက်မှု၊ သေဆုံးမှု အများဆုံးနိုင်ငံ ဖြစ်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကာကွယ်ဆေး နေ့စဉ်ထိုးနှံနိုင်မှု သုံးသိန်းကျော်နှုန်းဖြင့် တစ်နိုင်ငံလုံးဆေးထိုး မျှော်မှန်းချက်ထက် ၅၃ ရာခိုင်နှုန်း ထိုးနှံထားပြီးဖြစ်သည့်အပြင် အပိုဆောင်းထိုးနှံမှုများလည်း လုပ်ဆောင်ပေးနေပြီဖြစ်သည်။ အရေးကြီးသည့်အချက်မှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားပြီး Booster dose ခေါ် အပိုဆောင်းထိုးနှံ ထားနိုင်စေကာမူ လူစုလူဝေးကို ရှောင်ခြင်း၊ ပါးစပ် နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာတွင် နေခြင်း၊ လက်ကို ဆပ်ပြာဖြင့် မကြာမကြာ ဆေးကြောခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မပျက်မကွက် လိုက်နာကျင့်သုံးကြရန်ပင်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ တတိယလှိုင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့စဉ်က ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများက အတွေ့အကြုံများ၊ အဖိုးမဖြတ်နိုင်သည့် သင်ခန်းစာများပင်ဖြစ်ပြီး စတုတ္ထလှိုင်းဖြစ်ခဲ့လျှင်ပင် စုပေါင်းစွမ်းအားများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်သည်။ ရောဂါကူးစက်မှုနှုန်း ထပ်မံမြင့်တက်မသွားစေရန်အတွက် လိုအပ်သည့် တားဆီးကန့်သတ်မှုများ အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ခြင်း၊ ပြည်သူတစ်ဦးချင်း ကိုယ်စီအသိတရားဖြင့် မိမိကိုယ်ကို ကာကွယ်ခြင်း နည်းလမ်းများဖြင့် ကိုဗစ်-၁၉ စတုတ္ထလှိုင်း ဖြစ်ပေါ်မလာစေရေး လက်ဦးမှုယူကာ စုပေါင်းဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## တောင့်တသောဆု စိန်ရတု

* တို့ပြည်ထောင်စု ၊ စိန်ရတုမှာ
သစ္စာပွင့်လန်း ၊ မေတ္တာပန်းတွေ
ငြိမ်းချမ်းစေမှု ၊ ပြည်ထောင်စုကြီး
ခရီးရှေ့ဆက် ၊ မျှော်လင့်ချက်ဖြင့်
အားတက်ရှေ့ဆက် စေချင်သည်။

* သွေးချင်းတွေသည် ၊ စုံစုံညီလျှင်
ယုံကြည်သယ်ပိုး ၊ ပြည့်အကျိုးကို
ဆတိုးဝန်ထမ်း ၊ မျှော်မှန်းရှေးရှု
ငြိမ်းချမ်းမှုတွက် ၊ ထက်မြက်စွမ်းအား
နှလုံးသားတွေ ညီစေမည်။

* ပြည်ထောင်စု၏ ၊ စိန်ရတုနှစ်
အားမာန်သစ်ကာ ၊ မေတ္တာနှလုံး
အမုန်းမဝေ ၊ သင်ပုန်းချေ၍
“ချစ်စကိုရှည် ၊ အမုန်းတွေငြိမ်း”
အေးငြိမ်းကြအောင် စွမ်းဆောင်မည်။

* သြော်..
အတူတွဲနေ ၊ တို့တစ်တွေသည်
ဤရေမြေနေ ၊ ညီနောင်တွေမို့
“ရေကိုသား၍ ၊ အကြားမထင်”
ထာဝစဉ်သာ ၊ မကွဲကွာခဲ့
“နာစရာရှိခဲ့ ၊ လွမ်းစရာနဲ့ဖြေ”
“တစ်မြေတည်းနေ တစ်ရေတည်းစိတ်”
“လက်သည်းဆိတ်က ၊ လက်ထိပ်ကနာ”
သစ္စာတည်ကြ ၊ ကြည်မြအောင်ဆု
ပြည်ထောင်စုအမွေ ၊ အဓွန့်ရှည်အောင်
စွမ်းဆောင်ကြိုးစား စေချင်သည်။
တို့ပြည်ထောင်စု မြန်မာပြည် ။ ။

**အကျော်ပင်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလေ့ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်း သာမဏေကျော် ဗုဒ္ဓတက္ကသိုလ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှု” ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ပုလဲမြို့နယ်၊ အင်မထီးကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက နှောင့်ယှက်ပစ်ခတ်၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင် ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းတို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ သီပေါမြို့၌ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၇**

(၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပေးပို့သော (၇၅) နှစ်မြောက်စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းထံမှ ပေးပို့သော သဝဏ်လွှာကို



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်မြင့်မြတ်ကလည်းကောင်းဖတ်ကြားကြသည်။ **(အပေါ်ပုံ)** **စိုင်း(သီပေါ)**

# ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ်ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❂ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

**ထာဝရငြိမ်းချမ်းရေးရေးရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် တက်ညီလက်ညီ ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပါကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်ကြရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ဆပ်ကော်မတီများအလိုက် ရှင်းလင်းဆွေးနွေးကြစေ လိုကြောင်း ပြောကြားသည်။

**ဆောင်ရွက်ပြီးစီးမှုဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရာဇဝတ် အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ် တရားမ အထူးအယူခံမှု (၅) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၄ / ၂၀၂၁ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၉၈/၂၀၁၉ (စစ်ကိုင်း)၊ ၂၅/၂၀၂၀ (ရှမ်း)၊ ၂၆/၂၀၂၀ (ရှမ်း) ၊ ၂၇/၂၀၂၀ (ရန်ကုန်) နှင့် ၃၀/၂၀၂၀ (ရန်ကုန်) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု ( ၁ )မှု နှင့် တရားမအထူးအယူခံမှု ( ၅ )မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၉/၂၀၂၀ (စစ်ကိုင်း)၊ ၃၁/၂၀၂၀(ရခိုင်)၊ ၃၆/၂၀၂၀ (မန္တလေး)၊ ၃၉/၂၀၂၀ (စစ်ကိုင်း) နှင့် ၄၄/၂၀၂၀ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ( ၅ )မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ( ၄ )တွင် ပြဋ္ဌာန်းထားသော "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးလျက်ရှိသည်။



ပြည်သူ့အကျိုးပြု ကျောင်းသားများပါတီအား စစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ်။



ပြည်သူ့အင်အားပါတီအား စစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးစောဘလှိုင်နှင့် ဦးဘရန်ရှောင် တို့ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရန်ကုန်မြို့အခြေစိုက်ဖြစ်သော ပြည်သူ့အကျိုးပြု ကျောင်းသားများပါတီ၊ ခေတ်သစ်ပြည်ထောင်စုပါတီ၊ လူထုပါတီ ( The Party for People ) နှင့် ပြည်သူ့အင်အား ပါတီတို့ကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနား တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးငွေးအောင်၊ ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဂုဏ်ပြုဆုရသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

### ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

ယင်းနောက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများချီးမြှင့်ရာ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့် သုံးဆုနှင့် တတိယအဆင့် ခြောက်ဆု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု ပထမအဆင့် ၄၄ ဆုနှင့် ဒုတိယအဆင့် တစ်ဆု၊ တတိယအဆင့် ၂၁ ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု တတိယအဆင့် နှစ်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု တတိယအဆင့် တစ်ဆု၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆု တတိယအဆင့် သုံးဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်)တစ်ဆုနှင့် တတိယအဆင့် ၂၇ ဆု၊ သုတေသနဆိုင်ရာ ထူးချွန်ဆု တတိယအဆင့်ဆု တစ်ဆု ရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ဖတ်ကြားစဉ်။

### ဆိုလာအစုံ ၁၅၀ ပေးအပ်

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအစုံ ၁၅၀ ပေးအပ် လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

### ဟင်းသီးဟင်းရွက်ပွဲတော်ဖွင့်ပွဲကျင်းပ

ယင်းနောက် ကလောမြို့နယ် ဟဲဟိုးအင်းခေါင်းတွင် (၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။


### ထောက်ပံ့မြေသြဇာအိတ်များပေးအပ်

ယင်းနောက် တောင်သူအဖွဲ့အစည်းများကို ထောက်ပံ့မြေသြဇာအိတ်များပေးအပ်ရာ ကလောမြို့နယ် အာလူးအစုအဖွဲ့နှင့် ပင်လောင်းမြို့နယ် ထောပတ်အစုအဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ညောင်ရွှေမြို့နယ်နှင့် ရွာငံမြို့နယ်မှ ခရမ်းချဉ်သီး အစုအဖွဲ့များကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ကလည်းကောင်း၊ ပင်းတယမြို့နယ်နှင့် ရပ်စောက်မြို့နယ်မှ ဟင်းသီးဟင်းရွက်အစုအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေးအောင်က လည်းကောင်း၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ် ထောပတ်အစုအဖွဲ့များကို ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက လည်းကောင်း ပေးအပ်ကြရာ တောင်သူအဖွဲ့အစည်းများက လက်ခံရယူကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများကို ပြည်နယ်ဝန်ကြီးချုပ်ကသစ်သီးလက်ဆောင်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသော ပြခန်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**



# မိုင်းယန်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**မိုင်းယန်း ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့တွင် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ဈေးတန်းရပ်ကွက်ရှိ ဓာတ်လုံဟိုစေတီပရိဝုဏ် အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပါလျံအုပ်စု လူငယ်မောင်မယ်များက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးနေမျိုးသူရိန်က စိန်ရတုရှမ်းပြည်နယ်နေ့ ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းယန်းလူငယ်အသင်းဥက္កဋ္ဌ ဦးစိုင်းလှိုင်ခမ်းက ရှမ်းအမျိုးသားနေ့(ခေါ်) ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း အကျဉ်းကို ပြောကြားပြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းသို့ အလှူငွေများ လှူဒါန်းပေးကြသော စေတနာရှင်များအား ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မိုင်းယန်းလူငယ်အသင်းဥက္ကဋ္ဌ ဦးစိုင်းလှိုင်ခမ်းနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနား တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# မြေဆီလွှာအမျိုးအစားကို စနစ်တကျလေ့လာခွဲခြားပြီး ရေအရင်းအမြစ် အသုံးပြုနိုင်မှုပေါ်မူတည်၍ တိရစ္ဆာန်အစာပင်များ စနစ်တကျ တိုးချဲ့စိုက်ပျိုး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တိရစ္ဆာန်အစာပင်များ အမျိုးအစားအလိုက် အာဟာရပါဝင်မှုများ အပါအဝင် တိရစ္ဆာန် အစာနှင့်သက်ဆိုင်သော သုတေသနများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူအကျိုးရှိစေမည့် လက်တွေ့အသုံးချ သုတေသနများဖြစ်စေရေး ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ညောင်ဇောက်ကျေးရွာအုပ်စုရှိ သဖန်းခြံ၏ ဆိတ်မွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆွေးနွေးပြောကြားသည်။



**ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေး**

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့က ဆိတ်မွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားလုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့် မျိုးပွားထုတ်လုပ်မှု ကွဲကွဲပြားပြားဖြစ်ရန် လိုကြောင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် မျိုးပွားဖြန့်ဖြူးမှုဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ရေရှားပါးသည့်ဒေသဖြစ်၍ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ရေသွယ်စနစ်၊ ရေပေးစနစ်များ ပြောင်းလဲရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ မြေဆီလွှာအမျိုးအစားကို စနစ်တကျလေ့လာခွဲခြားပြီး ရေအရင်းအမြစ် အသုံးပြုနိုင်မှုပေါ်မူတည်၍ တိရစ္ဆာန်အစာပင်များ စနစ်တကျ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မိုးရေဆင်းသည့် ရေလမ်းကြောင်းများတစ်လျှောက်တွင် ကွန်တိုလိုင်းများဖြင့် စနစ်တကျမြေယာဖော်ထုတ်ရာတွင် ရေထိန်း၊ ရေတားစနစ်များဆောင်ရွက်ပြီး မိုးရေကို စနစ်တကျစုဆောင်း အသုံးပြုရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စံပြရေကန်(၁) နှင့် စံပြရေကန်(၂) မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဝါသီးနှံစိုက်ဧရိယာတိုးချဲ့**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ရေလှောင်တမံအတွင်း ဝင်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါး၊ မိုးစပါးထုတ်လုပ်မှုတွင် အထွက်နှုန်းလျာထားချက်ပြည့်မီ ကျော်လွန်ရေး၊ ဝါသီးနှံစိုက်ဧရိယာတိုးချဲ့ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

**သုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ဆည်ပေါက်ဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး စပျစ်နှင့် ဥယျာဉ်ခြံသီးနှံများ မျိုးသန့်မျိုးပွားထုတ်လုပ်နေမှု၊ တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆည်ပေါက်ဥယျာဉ်ခြံကို မျိုးသန့် မျိုးစေ့ပျိုးပင်ထုတ်လုပ်မှုသာမက စပျစ်နှင့်ပတ်သက်သည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်လိုကြောင်း၊ စပျစ်စိုက်စနစ်များ၊ မြေဆီဩဇာထက်သန်ရေးဆိုင်ရာနှင့် သွင်းအားစုဆိုင်ရာ နည်းပညာပေး စံပြခြံအဖြစ် တောင်သူပညာပေးလုပ်ငန်းများကို စီမံချက်များရေးဆွဲပြီး ထိရောက်စွာဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။


ဆည်ပေါက်ဥယျာဉ်ခြံအနေဖြင့် စားပွဲတင်စပျစ်၊ ဝိုင်ပြုလုပ်သော စပျစ်၊ အသီးခြောက် ပြုလုပ်သော စပျစ်အမျိုးမျိုး၏ စိုက်ပျိုးစနစ်အမျိုးမျိုးနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP)ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း ၁၃ ခု အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

**အိန္ဒိယနိုင်ငံ Ministry of New and Renewable Energy ၊ Ministry of External Affairs ၊ The Energy and Resources Institute (TERI) နှင့် ASEAN Centre for Energy (ACE) တို့ပူးပေါင်း၍ Experience and Innovations for Integrated Renewables Market ခေါင်းစဉ်ဖြင့် ASEAN–India High Level Conference on Renewable Energy အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပလျက်ရှိရာ ယင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)




ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၌ သဘာဝဓာတ်ငွေ့မှ ၅၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၃ ရာခိုင်နှုန်းနှင့် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များမှ ၁ ရာခိုင်နှုန်း ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းကို နေစွမ်းအင် (Solar Energy)၊ လေစွမ်းအင် (Wind Energy) ကဲ့သို့သော ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များမှ ဓာတ်အား ထုတ်လုပ်နိုင်ရေး ရည်မှန်းထားရှိပါကြောင်း၊ အဆိုပါရည်မှန်းချက် ပြည့်မီစေရေးအတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း ၁၃ ခုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ မဂ္ဂါဝပ် ၃၉၀ ဓာတ်အား ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း သုံးခုကိုလည်း ထပ်မံအကောင်အထည် ဖော်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံအနှံ့ ဖြစ်နိုင်သမျှနေရာများတွင် Floating Solar စီမံကိန်းများ၊ Rooftop Solar စီမံကိန်းများနှင့် အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထူးကြိုးပမ်းလျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့်လည်း လျှပ်စစ်ဓာတ်အားစနစ်ချိတ်ဆက် ရောင်းဝယ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ ခုနှစ်တွင် ဒေသတွင်းစွမ်းအင်သုံးစွဲမှု Total Primary Energy Supply (TPES) ၏ ၂၃ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များမှ ရယူသုံးစွဲနိုင်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy)ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ၊ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) နည်းပညာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍ တက်ရောက်ကြသည့် အရာရှိကြီးများ၊ ပညာရှင်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေး တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း (၉၇) ဌာန၌ ဖြေဆိုသူ (၅၁၃၃) ဦး၊ အောင်မြင်သူ (၃၆၅၁) ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၃၉၃) ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်- ခါး - ၄၀၊ မယမင်းသူ၊ ညောင်ခါးရှည်စာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊ဒုတိယ၊ ခုံအမှတ်- တမ - ၁၀၊ ဒေါ်စံပယ်လှိုင်၊ တာမွေစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်- တမ - ၁၁၊ ဒေါ်ရှုချင်၊ တာမွေစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၆၇) ဌာန၌ ဖြေဆိုသူ (၉၁၀)၊ အောင်မြင်သူ (၇၅၇) ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၁၇၂) ဦးရှိ၍ ပြည်တွင်း/ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်- အမစ - ၁၄၊ ဒေါ်ခင်နှင်းကြည်၊ အောင်မြေသာစံ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ၊ ခုံအမှတ်- အမစ - ၆၊ ဒေါ်နီလာအေး၊ အောင်မြေသာစံစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်- လှိုင် - ၆၈၊ ဒေါ်ခင်ဖြူဝင်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၅၆) ဌာန၌ ဖြေဆိုသူ (၇၁၂) ဦး၊ အောင်မြင်သူ (၅၉၇) ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၁၂၅) ဦး ရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံးဖြင့် ထူးချွန်ဆုရရှိသူများမှာ ပထမ၊ ခုံအမှတ်- အမစ - ၉၊ ဒေါ်စန်းစန်းငွေ၊ အောင်မြေသာစံ စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ၊ ခုံအမှတ်- လှိုင် - ၂၂၊ ဒေါ်ခင်ဝင်းရီ၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ၊ ခုံအမှတ်- မလ - ၂၊ မောင်စိုးသီဟ၊ မလှိုင်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်

လွိုင်ကော် ဖေဖော်ဝါရီ ၇

**ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများ ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်နယ်လုံခြုံအေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများ အမြန်ဆုံးလက်ခံနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာပါက နေထိုင်စားသောက်ရေး အဆင်ပြေစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရန် စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့နယ်အလိုက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဌာနဆိုင်ရာ အသီးသီးက ကဏ္ဍအသီးသီးတွင် တက်ညီလက်ညီဖြင့် ပြည်နယ်အကျိုးအတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုအပေါ် လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် ကြိုတင် ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အထိမ်းအမှတ်ပါအလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ **(ယာပုံ)**၊ တိုင်းရင်းသား ရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလ ပန်းခြံအတွင်း ရောင်စုံအလှမီးများ ထွန်းညှိ ပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ် စိုက်ထူထားခြင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ်၊ ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်း **(အောက်ပုံ)**တို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

အလားတူ အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







နေပြည်တော်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်းဘုတ်များ စိုက်ထူထားစဉ်။

# ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**
**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက် နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီး ဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇) ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂) ကြိမ်၊ စုစုပေါင်း (၃၄) ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက် မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နီးနီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်** မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်** အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ သွန်းသံစဉ်နှင့် မေနွယ်လေးတို့သည် ၎င်းတို့အသုံးပြုသည့် "သွန်းသံစဉ်" Facebook အကောင့်နှင့် "မေနွယ်လေး" Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဝဏ္ဏထွန်းနှင့် စိုးမမသူတို့သည် ၎င်းတို့အသုံးပြုသည့် "ဝဏ္ဏထွန်း" Facebook အကောင့်နှင့် "Soe Ma Ma Thu" Facebook အကောင့်၊ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ပုံမှန်ဖွင့်လှစ်ခြင်းမရှိဘဲ အသံတိတ်သပိတ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် "မိဘမေတ္တာ" ဆေးဆိုင်ပိုင်ရှင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးစန်းအောင်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်မှန်စည်းကမ်းပြည့်ဝမှုနှင့် . . . ဖက်ဒရယ်ဒီမိုကရေစီဟူသည်

မိုးမြင့်

**နိုင်ငံတော်၏ အနာဂတ်အတွက် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်သွားမည်ဟု အလေးအနက်အာမခံထားပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်သည် မြန်မာ့ဒီမိုကရေစီနှင့် နိုင်ငံရေးစနစ်တစ်ခုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သကဲ့သို့ ၁၃၅ မျိုးသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတော်အတွက် ဖက်ဒရယ်ဒီမိုကရေစီစနစ်သည်သာ အသင့်တော်ဆုံးဖြစ်သည်ဟုလည်း ဆိုထားပါသည်။**



၂၄-၁၂-၂၀၂၁ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

### အတုယူ ခိုးချစရာမလိုပါ

ကျွန်တော်တို့နိုင်ငံတွင် မိမိနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သော ခိုင်မာသည့် ဒီမိုကရေစီစနစ်တစ်ခုတော့ ရှင်သန်မြဲမြံဖို့ လိုနေသည်။ ပုံစံအမျိုးမျိုးသော ဒီမိုကရေစီစနစ် အမျိုးမျိုးကိုလည်း ကမ္ဘာ့နိုင်ငံများတွင် တွေ့ရပါလိမ့်မည်။ ပုံစံမျိုးစုံထဲကမှ မိမိနိုင်ငံ နောက်ခံသမိုင်းကြောင်းနှင့် နိုင်ငံရေးဖြစ်စဉ်များ၊ ပထဝီဝင်နှင့် တိုင်းရင်းသားများအနေအထား၊ နိုင်ငံသားများ၏ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု၊ ဘာသာသာသနာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအပေါ် မူတည်၍ ပုံစံတစ်မျိုးကို ကျင့်သုံးသင့်သည်။

နိုင်ငံခြားတိုင်းပြည်များ၏ ပုံစံသည် သူ့ပုံစံနှင့်သူသာဖြစ်သည်။ သူ့အမျိုးသားအကျိုးစီးပွားအတွက် သူနှင့်လိုက်ဖက်သလို ကျင့်သုံးသည်ဖြစ်၍ အတုယူခိုးချစရာမလို၊ ကောင်းသောကျင့်စဉ်နှင့် အသုံးတည့်မည့်အချက်များကိုသာ ယူရပါမည်။ ကောင်းလှပါသည်ဆိုသော ဒီမိုကရေစီကျင့်စဉ်များအနက်မှ မိမိနိုင်ငံနှင့်ဆီလျော်စွာ လက်တွေ့ကျကျ ထုတ်ယူအသုံးချနေသော ပါတီစုံမဟုတ်သည့် တစ်ပါတီအုပ်ချုပ်သည့် နိုင်ငံများစွာလည်း ရှိနေပြီး ထိုနိုင်ငံများတွင် နိုင်ငံတည်ငြိမ်ပြီး စီးပွားရေးလူမှုရေးဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိနေသည်ကိုလည်း တွေ့ရပါသည်။

### ဒီမိုကရေစီကို တလွဲအသုံးချနေခြင်းကြောင့်သာ

ဒီမိုကရေစီ အမည်ခံထားသော်လည်း ဒီမိုကရေစီစံနှုန်းများအတိုင်း မဖြစ်သည့် နိုင်ငံ များစွာလည်းရှိသည်။ ဒီမိုကရေစီဆိုသော အမည်ပညတ်ကို ကိုယ်ပိုင်ဥစ္စာအဖြစ် တလွဲသုံးပြီး အခြားသူများကိုတော့ ဒီမိုကရေစီမရှိဘူးဆိုကာ ဘယ်ပေတံဖြင့် တိုင်းသည်မသိ၊ လက်ညှိုးထိုးစွပ်စွဲနေသော ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများလည်းရှိသည်။ ဒီလို ဒီမိုကရေစီအနိုင်ကျင့်နေသော နိုင်ငံများကြောင့်လည်း တန်ဖိုးထားခံရသော ဒီမိုကရေစီမှာ တန်ဖိုးများယုတ်လျော့လာနေသည်၊ နောက်ပြန်ဆွဲနေသည်၊ ပျက်စီးလွယ်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရသည်။

ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်အချို့မှာ ဒီမိုကရေစီ တန်ဖိုးကျနေသည်ကို ထင်ထင်ရှားရှား တွေ့ရပါလိမ့်မည်။ နိုင်ငံရေးသမားများကိုယ်တိုင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းမသိ၊ စံနှုန်းအတိုင်းမကျင့်၊ အတ္တများပြီး ဒီမိုကရေစီတန်ဖိုးကို ပျက်အောင်လုပ်နေကြ၍ပဲဖြစ်မည်။ ဒီမိုကရေစီဆိုသော ဝေါဟာရ၏ရှေ့တွင် မိမိအကျိုးစီးပွားအတွက် နာမဝိသေသနအမျိုးမျိုးကို ချဲ့ထွင်၍ လှည့်ပတ်သုံးစွဲနေကြပြီး အဓိပ္ပာယ်အမျိုးမျိုးကို လိုသလို ကောက်ယူနေကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ပြည်သူတွေကတော့ ဒီမိုကရေစီအသံကြားလိုက်သည်နှင့် ငါတို့ဘဝတွေ နေ့ချင်းညချင်းကောင်းစားသွားတော့ မယောင်ယောင် ဆန္ဒစောပြီး အကောင်းမြင်လွန်းတာကြောင့်လည်း ဖြစ်မည်။

**○ ဒီမိုကရေစီစနစ်အပေါ်တွင် ပြည်သူတို့၏ မျှော်လင့်ချက်ကြီးမားနေခြင်းကိုလည်း အဆိုးမဆိုသာပါ။ အဓိပ္ပာယ်ကိုက "ပြည်သူတို့ဆီက ဆင်းသက်လာသော အာဏာကို ပြည်သူတို့အကျိုးအတွက် ပြည်သူကိုတာဝန်ခံ၍ ပြည်သူ့ထံသို့ ပြန်လည်စီးဆင်းစေခြင်း" ဖြစ်သည်ဟု ဆိုထားသည်မဟုတ်ပါလား။ ပြည်သူ့ထံမှ လာသောအာဏာကို တလွဲအသုံးချနေ၍သာ၊ ပြည်သူ့အကျိုး ရှေးရှုမှုမရှိသည့်အခါတွင်သာ အဆိုးဘက်သက်ရောက်မှုက ကြီးမားသွားခြင်းဖြစ်သည်**

**ဒီမိုကရေစီစနစ်အပေါ်တွင် ပြည်သူတို့၏ မျှော်လင့်ချက်ကြီးမားနေခြင်းကိုလည်း အဆိုးမဆိုသာပါ။ အဓိပ္ပာယ်ကိုက "ပြည်သူတို့ဆီက ဆင်းသက်လာသော အာဏာကို ပြည်သူတို့အကျိုးအတွက် ပြည်သူကို တာဝန်ခံ၍ ပြည်သူ့ထံသို့ ပြန်လည်စီးဆင်းစေခြင်း" ဖြစ်သည်ဟု ဆိုထားသည်မဟုတ်ပါလား။ ပြည်သူ့ထံမှ လာသောအာဏာကို တလွဲအသုံးချနေ၍သာ၊ ပြည်သူ့အကျိုး ရှေးရှုမှုမရှိသည့်အခါတွင်သာ အဆိုးဘက် သက်ရောက်မှုက ကြီးမားသွားခြင်းဖြစ်သည်။**

### စစ်မှန်မှုဟူသည်

တကယ်တော့ "စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော" ဆိုသည့် စကားစုနှင့် ပံ့ပိုးထားသော ဒီမိုကရေစီဆိုသော အဓိပ္ပာယ်သည် အနှစ်သာရများစွာရှိနေသည်ကို သတိထားမိပါသည်။ ဒီမိုကရေစီ ကျင့်သုံးနေပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝမတိုးတက်၊ မတည်ငြိမ် မငြိမ်းချမ်းဘူးဆိုလျှင် ကျင့်သုံးနေသည်ဆိုသော ဒီမိုကရေစီသည် စစ်မှန်သည်ဟု ဘယ်နည်းနှင့်မျှ မဆိုနိုင်ပါ။ ဒီမိုကရေစီစံနှုန်းတွေအတိုင်း ဆောင်ရွက်နေပါသည်ဆိုသူတို့၏ အသိမှား အမြင်မှား၊ ဖောက်လွဲဖောက်ပြန်မှုများကြောင့်သာ ဖြစ်ရသည်ဟု တထစ်ချဆိုနိုင်ပါသည်။

အများဆန္ဒအရ ပြည်သူ့ထံမှ လာသောအာဏာကို ပြည်သူအတွက် ပြန်လည်အသုံးပြုသလား၊ ပြည်သူ့အကျိုးကို ရှေးရှု၍ အမှန်တကယ် အလုပ်လုပ်မည့်သူ အားလုံးရော ပြည်သူကို ကိုယ်စားပြု၍ ပါဝင်ခွင့်ရပါရဲ့လား။ အတ္တများပြီး တန်းတူညီမျှမှုရော ရှိကြပါရဲ့လား၊ အများအကျိုးအတွက် အနည်းစုဆန္ဒကိုရော အလေးထားပါရဲ့လား၊ တာဝန်ယူ တာဝန်ခံမှုရော ရှိကြရဲ့လား၊ ပြည်သူကို ကိုယ်စားပြုသည်ဆို၍ ထင်သာမြင်သာရော ရှိရဲ့လား၊ ပြည်သူတွေကိုယ်တိုင် လွတ်လွတ်လပ်လပ် တရားမျှတစွာဖြင့် မဲပေးခွင့်ရော ရကြပါရဲ့လား၊ ရိုးသားပြီး သည်းခံစိတ်မွေးနိုင်ကြရဲ့လား၊ စည်းကမ်းရှိပြီး ဥပဒေကို လေးစားလိုက်နာမှုရောရှိရဲ့လား၊ အဂတိကင်း၍ တရားဥပဒေစိုးမိုးမှုရှိပါသလား စသည်ဖြင့် မေးခွန်းများစွာဖြင့် တိုင်းတာသောအချက်များသည် ဒီမိုကရေစီစံနှုန်းများပင်ဖြစ်သည်။

**ဘယ်လိုပုံစံဖြင့် ဒီမိုကရေစီကို ကျင့်သုံးသည်ဖြစ်စေ ထိုထိုစံနှုန်းများက**တော့ ဒီမိုကရေစီ၏ အသက်သွေးကြောများပင်ဖြစ်သည်။ ထိုစံနှုန်းများ ပျောက်လျှင် ဒီမိုကရေစီလည်း ပျောက်မည်ဖြစ်သည်။ ထိုစံနှုန်းများမရှိလျှင် စစ်မှန်သော ဒီမိုကရေစီမရှိဟု ဆိုချင်သည်။ ရွေးကောက်ပွဲပြုလုပ်ရုံ၊ ပြည်သူ့အစိုးရဖြစ်ရုံနှင့်လည်း မလုံလောက်ပါ။ လုပ်သမျှသည် ပြည်သူ့အကျိုးစီးပွားကို ထိထိရောက်ရောက်နှင့် အမှန်တကယ်ဖြစ်ထွန်းစေမှသာ စစ်မှန်သော ဒီမိုကရေစီဟု ခေါ်နိုင်မည်ဖြစ်ပါသည်။

### လွတ်လပ်မှုနှင့် စည်းကမ်းပြည့်ဝမှု

ဒီမိုကရေစီတွင် လွတ်လပ်မှုဟူသော စကားလုံးကိုလည်း တွင်တွင်ကျယ်ကျယ် သုံးကြသည်။ လွတ်လပ်စွာ ဟောပြောစည်းရုံးခွင့်၊ အသင်းအပင်းများ ဖွဲ့စည်းထူထောင်ခွင့်၊ မဲပေးရွေးချယ်တင်မြှောက်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ သတင်းရယူခွင့်စသည်ဖြင့် ဖြစ်သည်။ လွတ်လပ်စွာဟူသော စံနှုန်းအောက်တွင်ပင် ပရမ်းပတာလွတ်လပ်မှုကြောင့် ဒီမိုကရေစီသည် ကျဆုံးနိုင်ခြေ ရှိပြန်သည်ကို သတိထားရန်လိုသည်။ စည်းမရှိကမ်းမရှိ လွတ်လပ်မှုမျိုးသည် အုပ်ချုပ်ရေးကဏ္ဍကို ထိခိုက်နိုင်သည့်အပြင် တရားဥပဒေစိုးမိုးရေးအပေါ်တွင်လည်း ဆိုးရွားသော သက်ရောက်မှုရှိသောကြောင့် ဖြစ်သည်။

တစ်ဦးချင်းဆိုင်ရာ လူ့အခွင့်အရေး အကာအကွယ်အောက်တွင် လွတ်လပ်ခွင့် ရှိသော်လည်း အများပြည်သူအတွက် အနှောင့်အယှက် မဖြစ်စေသင့်၊ အမုန်းတရားအတွက် ထိုးနှက်မှုတစ်ခု မဖြစ်သင့်၊ အစိုးရ၏ ဂုဏ်သိက္ခာကို အကြည်အညိုမပျက်စေသင့်၊ လူတစ်ဦးတစ်ဖွဲ့၏ လွတ်လပ်မှုက အများကို မထိခိုက်သင့်ဟု ယူဆသည်။ တစ်ခါတစ်ရံ လွတ်လပ်သည့် အတွေးအခေါ်များကြောင့်ပင် လူ့အဖွဲ့အစည်းတွင် အနုတ်လက္ခဏာ ဆောင်သွားတတ်သည်ကို သတိမူသင့်ပါသည်။ လွတ်လပ်မှုကို ထိန်းကွပ်သည်မှာ စည်းကမ်းဖြစ်သည်။ လွတ်လပ်မှုနှင့် စည်းကမ်းသည် ဒွန်တွဲနေပြီး စည်းကမ်းမဲ့ခြင်းသည် လွတ်လပ်မှုကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ ဒီမိုကရေစီ၏ တန်ဖိုးကို အကဲဖြတ်ရာတွင် ဆောင်ရန် ရှောင်ရန် စည်းကမ်းသည် မရှိမဖြစ်အရာဖြစ်သည်။ ဥပဒေကို ရိုသေလေးစားလိုက်နာပြီး စည်းကမ်းနှင့်အညီ နေထိုင်တတ်သည့် နိုင်ငံသားများရှိသည့် နိုင်ငံတွင်သာ ကျင့်ဝတ်နှင့်ညီသော ဒီမိုကရေစီတန်ဖိုးများ မြင့်မားနေတတ်ပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ် ဟူ၍လည်း သတ်မှတ်ထိုက်ပါသည်။

### ဘာသာတရားအဆုံးအမများနှင့်ထပ်တူ ဒီမိုကရေစီကျင့်စဉ်

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်းကူးပြောင်းစ ဒီမိုကရေစီနိုင်ငံတိုင်းတွင် အဓိကတွေ့ရသည့် စိန်ခေါ်မှုမှာ အားပြိုင်မှုပင်ဖြစ်သည်။ မရင့်ကျက်သေးသည့် သဘောက အလွဲလွဲအချော်ချော်ဖြစ်တတ်သည်ကို အထူးသတိပြုရန်လိုပါသည်။ ဒီမိုကရေစီကို အသက်သွင်းလိုက်သည်နှင့် တစ်ပြိုင်နက် ပါလာသည်က မဏ္ဍိုင်သုံးရပ်အကြား အပြန်အလှန် ထိန်းကျောင်းမှုပင်ဖြစ်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မဏ္ဍိုင်သုံးရပ်စလုံးတွင် တစ်ပါတီတည်း ကြီးစိုးသွားသည့်အခါ ပို၍ဆိုးသွားသည်။ ရံဖန်ရံခါ နိုင်ငံရေးအားပြိုင်မှုမျိုး သို့မဟုတ် ဒီမိုကရေစီအာဏာရှင်ပုံစံမျိုးအထိ ရောက်သွားတတ်သည်။ လျှောက်လှမ်းမည့် ဒီမိုကရေစီအတွက် အလွန်အန္တရာယ်ကြီးလှ၍ သတိထားလျှောက်လှမ်းပြီး ကောင်းမွန်သော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်ယူရပါမည်။

အချုပ်အခြာနှင့် အမျိုးသားအကျိုးစီးပွားကိုသာ အခြေခံသော၊ ဗြဟ္မာစိုရ်တရားလေးပါး ကိုယ်ကျင့်သီလ ဓမ္မတရားကို အခြေခံသော၊ အမျိုးဘာသာသာသနာနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သော ဘုံရပ်တည်ချက်များရှိသည့် မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီသည်သာ နိုင်ငံနှင့် နိုင်ငံသားများအားလုံးအတွက် ပို၍အကျိုးရှိမည်ထင်ပါသည်။ မြန်မာ့နည်း မြန်မာ့ဟန်ဆို၍ အများစုလက်ခံသော ဒီမိုကရေစီစံနှုန်းများဆိုသည်ကို ပစ်ပယ်ထားခြင်းလည်း မဟုတ်ပါ။ ဗုဒ္ဓဘာသာအပါအဝင် မည်သည့်ဘာသာတွင်မဆို သတ်မှတ်ပြဋ္ဌာန်းရှိနှင့်ပြီးသား ကိုယ်ကျင့်သီလဆိုင်ရာ လမ်းညွှန်ချက် အဆုံးအမများသည် ယနေ့ခေတ် ဒီမိုကရေစီကျင့်စဉ်များနှင့် ကိုက်ညီသည်ဖြစ်၍ ထိုဘာသာတရားအဆုံးအမများအတိုင်း ကျင့်ကြံလိုက်နာခြင်းသည်ပင် ဒီမိုကရေစီစံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံတွင် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်မည့် ကိုယ်စားလှယ်များသည် အထွေထွေရွေးကောက်ပွဲများမှ တစ်ဆင့် ယှဉ်ပြိုင်အရွေးခံပြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြရသည်။ ထိုအခါ ပြည်သူ့ဆန္ဒအမှန် ဖြစ်စေမည့် ရွေးကောက်ပွဲများအတွက် လွတ်လပ်ပြီး သန့်ရှင်းတရားမျှတရန် လိုအပ်ချက်သည် အထူး အရေးကြီးလာပါသည်။

ပွင့်လင်းမြင်သာမှုရှိပြီး လွတ်လပ်၊ သန့်ရှင်း၊ တည်ငြိမ်၊ လုံခြုံသော ရွေးကောက်ပွဲတစ်ခုသည် စစ်မှန်စည်းကမ်းပြည့်ဝမှု ဂုဏ်ပုဒ်ကို ထင်ဟပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုမရှိသော မည်သည့်ရွေးကောက်ပွဲများမဆို ရွေးကောက်ပွဲရလဒ်ကို အကြီးအကျယ် ပြောင်းလဲပြီး အဆိုးသဘောသက်ရောက်မှုများစွာ ရှိနိုင်သည့်အတွက် သန့်ရှင်းပြီး တရားမျှတမှုကို အထူးလိုအပ်ခြင်းလည်းဖြစ်ပါသည်။



စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဟူသော ဆောင်ပုဒ်နှင့်အညီ လောကနီတိကျင့်ဝတ်များ စတင်သင်ကြားပေးရာ ကျောင်းတော်မဟာတွင် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများ။

◆ **ပွင့်လင်းမြင်သာမှုရှိပြီး လွတ်လပ်၊ သန့်ရှင်း၊ တည်ငြိမ်၊ လုံခြုံသော ရွေးကောက်ပွဲတစ်ခုသည် စစ်မှန်စည်းကမ်းပြည့်ဝမှု ဂုဏ်ပုဒ်ကို ထင်ဟပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုမရှိသော မည်သည့်ရွေးကောက်ပွဲများမဆို ရွေးကောက်ပွဲရလဒ်ကို အကြီးအကျယ်ပြောင်းလဲပြီး အဆိုးသဘောသက်ရောက်မှုများစွာ ရှိနိုင်သည့်အတွက် သန့်ရှင်းပြီးတရားမျှတမှုကို အထူးလိုအပ်ခြင်းလည်းဖြစ်ပါသည်**

### ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စု

ဒီမိုကရေစီနှင့် ဖက်ဒရယ်အိပ်မက်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ဖိတ်ခေါ်မှုများနှင့်အတူ ငြိမ်းချမ်းရေးခြေလှမ်းများ ယခုကာလကတည်းက စတင်နေပြီ ဖြစ်ပါသည်။ တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုအကြိမ်ကြိမ်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်တွင် စစ်ဘက်/ အရပ်ဘက်/ တိုင်းရင်းသားမျိုးစုံ ပါဝင်ဖွဲ့စည်း ဆောင်ရွက်မှုများက သက်သေခံနေပါသည်။ လွှတ်တော်များမှာ မတူကွဲပြား တိုင်းရင်းသားလူမျိုးပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ရပါမည်။ ထို့အတွက်လည်း အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် PR ကို သွားနေပါပြီ။

PR က မတူညီမှုများအတွက် တူညီသော အခွင့်အရေးများ ပေးနိုင်တော့မည်လား၊ လူနည်းစု၏ ဆန္ဒနှင့်အသံကို ပိုမိုကြားနိုင်၊ ဆောင်ရွက်နိုင်တော့မည်ဟု ခံယူချက်နှင့်အညီ တန်းတူရည်တူအခွင့်အရေးများကို PR စနစ်က ပို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိမည်ဟု ယုံကြည်မိပါသည်။ PR သည် ဖက်ဒရယ်၏ အခြေခံပင်ဖြစ်သည်။ မတူကွဲပြားသောဒေသများ၊ လူမျိုးများအကြား ပေါင်းစည်းနေထိုင်၍ စုစုစည်းစည်း လုပ်ကိုင်ကြပြီး လုပ်ကိုင်နိုင်ခွင့် အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးကာ မျှဝေခံစားခြင်းဟူသော သဘောတရားကို အခြေခံထားသည်ကိုတွေ့ရသည်။ လက်ရှိ မိမိတို့နိုင်ငံအနေအထားနှင့် ပို၍သဟဇာတဖြစ်ပါသည်။

### ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းကသာ

စစ်မှန်ပြီး စည်းကမ်းပြည့်ဝမှု လမ်းကြောင်းမှန်ကို ပြည်တွင်းအားကို အခြေခံ၍ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုသာလျှင် ရရှိနိုင်ပါမည်။ ရေရှည်အစီအစဉ်အနေဖြင့် နိုင်ငံတွင် ကျင့်သုံးမည့် ဒီမိုကရေစီနှင့် လိုက်ဖက်မည့် လူသားအရင်းအမြစ်များစွာကို ပညာရေးကို အခြေခံ၍ မွေးထုတ်ရန် လိုအပ်နေပါသေးသည်။ ရေတိုအစီအစဉ်ကတော့ တည်ငြိမ်သော နိုင်ငံရေးဖြစ်ရန် လိုအပ်ချက်နှင့်အတူ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ကြိုးပမ်းဆောင်ရွက်ရေးပင်ဖြစ်သည်။

စိန်ခေါ်မှုလည်း ကြီးမားဆဲဖြစ်သည်။ စာသင်ကျောင်းများက အစပြုလိုက်သော လောကနီတိ ကျင့်ဝတ်သင်ရိုးများကသာ စံပြနိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာရောက်ပြီး ထိုထိုသော နိုင်ငံသားကောင်းများကသာ မိမိတို့ လိုချင်သော တန်ဖိုးမြင့်ဒီမိုကရေစီကျင့်စဉ်ကို ပုံဖော်နိုင်မည်ဟု ယုံကြည်ပါသည်။ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားမှု၊ လေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိမှု၊ ဘာသာတရား ယဉ်ကျေးမှုကို ရိုသေကိုင်းရှိုင်းမှု၊ အများဆန္ဒ၊ အနည်းစုဆန္ဒကို လေးစားမှု၊ အဆိုး အကောင်းချိန်ဆတတ်မှု၊ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းအား၊ စည်းကမ်းဥပဒေလေးစား လိုက်နာတတ်မှု၊ တာဝန်ယူ တာဝန်ခံတတ်မှု စသည်စသည် အချက်များသည် ဒီမိုကရေစီစံနှုန်း၊ မိမိတို့ လျှောက်လှမ်းချင်သော မည်သည့် ဒီမိုကရေစီကျင့်စဉ်၊ မည်သည့်ပုံစံအတွက်မဆို မျိုးစေ့ကောင်း၊ ခိုင်မာသော အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။

ယခုတင်ပြခဲ့သော အချက်များသည် အနာဂတ်တွင် ပုံဖော်တော့မည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအဆောက်အအုံတစ်ခုမှာ ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများနှင့်အတူ ရင်ဆိုင်နိုင်ရန်နှင့် သင်ခန်းစာယူရမည့် အချက်များဖြစ်ပါသည်။ ယခုကာလ အနှောင့်အယှက်များက ဒီမိုကရေစီအရေးထက် နိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေသည်ကို မြင်တွေ့နေရသည်။ ဒီမိုကရေစီကိုလိုချင်လျှင် ဒီမိုကရေစီပုံရိပ်များ ကျဆင်းအောင်ပြုမူသည့် အပြုအမူများအားလုံးကို ရှောင်ရှားဖယ်ရှားကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

✻ **ဘယ်လိုပုံစံဖြင့် ဒီမိုကရေစီကို ကျင့်သုံးသည်ဖြစ်စေ ထိုထိုစံနှုန်းများကတော့ ဒီမိုကရေစီ၏ အသက်သွေးကြောများပင်ဖြစ်သည်။ ထိုစံနှုန်းများ ပျောက်လျှင် ဒီမိုကရေစီလည်း ပျောက်မည်ဖြစ်သည်။ ထိုစံနှုန်းများ မရှိလျှင် စစ်မှန်သောဒီမိုကရေစီမရှိဟု ဆိုချင်သည်။ ရွေးကောက်ပွဲပြုလုပ်ရုံ၊ ပြည်သူ့အစိုးရဖြစ်ရုံနှင့်လည်း မလုံလောက်ပါ။ လုပ်သမျှသည် ပြည်သူ့အကျိုးစီးပွားကို ထိထိရောက်ရောက်နှင့် အမှန်တကယ် ဖြစ်ထွန်းစေမှသာ စစ်မှန်သောဒီမိုကရေစီဟု ခေါ်နိုင်မည်ဖြစ်ပါသည်**

# ဘဝဇာတ်ဆောင်များ

ဗညားကျန်းထော

○ လွဲချော်နေကြသူတွေကို တည့်ပေးကြရမယ်။
မှားနေသူတွေကို အမှန်ပြင်ကြဖို့ ကူညီရမယ်။
မိုက်ကန်းနေသူတွေ ရပ်တန်းက ရပ်အောင်တား။
မိုက်မဲနေသူတွေ သိမြင်အောင် ဆွဲဆောင်။
ကယ်လို့မရသူတွေ သွားပါစေ။

○ "ပုံပြောသူမသေ၊ ယုံသောသူသေ၏ တဲ့။
ဆွသူမသေ၊ အ,သူ သေ၏။
ဒေါ်လာပိုက်သူမသေ၊ ခေါ်ရာလိုက်သူသေ၏။
ကြောင်ဖားတွေမသေ၊ ယောင်မှားတွေသေ၏" တဲ့။

## ဇာတ်ဆရာ

ဝီလျှမ်ရှိတ်စပီးယား(၁၅၆၄-၁၆၁၆)ဆိုတဲ့ အင်္ဂလိပ်ပြဇာတ်ရေး ဆရာတစ်ယောက်က ရေးခဲ့ဖူးတယ်။ "လူတွေဟာ ဘဝဇာတ်ခုံပေါ်မှာ တက်လာကြပြီး ကိုယ်ကျ ရာ ဇာတ်ဆောင်ဇာတ်ရုပ်နေရာက ကပြ အသုံးတော်ခံနေကြတာပဲ။ အချိန်တစ်ခုကုန်လွန်တော့ ဇာတ်စင်ပေါ်ကနေ ဆင်းသွားကြပြီး စင်ပေါ်က ပျောက်ကွယ်သွားရတာပဲ" တဲ့။ ဝီလျှမ်ရှိတ်စပီးယားဟာ သူကိုယ်တိုင် ပြဇာတ်တွေထဲမှာ သရုပ်ဆောင်လည်း လုပ်ခဲ့တယ်။ အောင်မြင်ထင်ရှားတာမျိုးမရှိခဲ့ပါဘူး။ လန်ဒန်ကို ကျေးလက်ဒေသ အေဗွန်မြစ်ညာဆီက စထရက်ဖို့ဒ်ဆိုတဲ့ တောရွာလေးက တက်လာခဲ့တာဆိုတော့ အင်္ဂလန်ရွှေမြို့တော် ဇာတ်သဘင်လောကကို ကျရာနေရာ အောက်ခြေသိမ်းပါဝင်ကြိုးစားရင်း အနုပညာလောကမှာ ကြိုးစားရုန်းကန်ခဲ့ရတာပါ။

ဆယ့်ခြောက်ရာစုမှာ ဟာသပြဇာတ် ၁၇ ပုဒ်၊ ရာဇဝင်ပြဇာတ် ၁၀ ပုဒ်၊ အလွမ်းပြဇာတ် လေးပုဒ် (ဟမ်းမလက်၊ အော်သယ်လို၊ မက်ကဘက်နဲ့ ဘုရင်ကြီးလီယာ)၊ ဆွန်းနက်ကဗျာ လေးပုဒ်တို့ကို သူပြုစုရေးသားခဲ့ပေမယ့် ပြဇာတ်ရေးဆရာအနေနဲ့တော့ ကြွယ်ဝချမ်းသာလောက်အောင် ထင်ရှားလှတယ် မဟုတ်သေး။ ၁၆၀၆ ခုနှစ်မှာ သူ့ကဗျာတွေ ပုံနှိပ်ထုတ်ဝေပြီး ပြဇာတ်တွေ စာအုပ်စာပေဖြစ်လာတဲ့နောက်မှာမှ ဝီလျှမ်ရှိတ်စပီးယားဆိုတာ ကမ္ဘာကျော်တဲ့ (အင်္ဂလိပ်စာပေလောကရဲ့ ထိပ်တန်းစာဆိုတော်ကြီးအဖြစ်) အောင်မြင်ထင်ရှားတဲ့သူ ဖြစ်သွားခဲ့ပါတယ်။ ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းပြီး(လူပင်သေသော်လည်း ရှိတ်စပီးယားနာမည်ကတော့) ကမ္ဘာတစ်ဝန်းလုံးမှာ ယနေ့ ၂၁ ရာစုခေတ်အထိ ယှဉ်ပြိုင်နိုင်သူမရှိ စာပေပါရဂူအဖြစ် အားလုံးက အသိအမှတ်ပြုနေရဆဲပါပဲ။ (စုစုပေါင်း ၃၇ ပုဒ် ရှိတယ်ဆိုပါတယ်)

အနုပညာရှင်၊ ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ တစ်ယောက်အနေနဲ့ သူ့ဘဝတစ်လျှောက်မှာ လောကကြီးကို ရှုထောင့်အမျိုးမျိုးက ရှုမြင်သုံးသပ်ပြီး ဇာတ်ကောင်တွေကို သရုပ်ပါအောင် အသက်သွင်းဖန်တီးခဲ့တယ်။ ဒီလိုဖန်ဆင်းနိုင်အောင် သူကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ခံစားမှု အလွမ်းအဆွေးတွေ၊ ဟာသတွေ၊ ရွှင်မြူးစရာတွေနဲ့ ဥပနာပြီး အံ့ဩစရာ အနုပညာစွမ်းရည်နဲ့ ရေးဖွဲ့တင်ဆက်ခဲ့တယ်။ ဖတ်ရကြည့်ရတဲ့ ပရိသတ်ကို ရယ်မောအောင်၊ မျက်ရည်ကျအောင် ဆွဲဆောင်ဖမ်းစားနိုင်သူမို့ အနုပညာမှော်အောင်သူလို့ပဲ ခေါ်ရမှာပေါ့။ သိရသလောက်တော့ ရှိတ်စပီးယားဟာ ဘယ်တက္ကသိုလ်မှာမှ ပညာဆည်းပူးခဲ့ရခြင်းတော့ မရှိပါဘူး။ ကိုယ်တိုင်လေ့လာဆည်းပူးမှု၊ ကြိုးစားအားထုတ်မှုနဲ့သာ ထူးခြားဆန်းကြယ်တဲ့ စာပေအနုပညာလက်ရာတွေကို ဆန်းသစ်တီထွင်နိုင်ခဲ့ပါတယ်။

## စာပေလေ့လာ

အတန်းပညာလိုပဲ ကိုယ်တိုင်စာပေလေ့လာဖတ်ရှုခြင်းကလည်း ကမ္ဘာကျော်အောင် ထူးချွန်အောင်မြင်နိုင်ပါတယ်။ ပြောမယ်ဆို မြန်မာ့ဇာတ်သဘင်လောကကို သူ့ခေတ်နဲ့သူ ထိပ်ဆုံးပိုင်းက ဦးဆောင်သွားခဲ့ကြတဲ့ ဇာတ်ဆရာ ဘုရားဒါယကာဦးဖိုးစိန်၊ မင်္ဂလာ ဦးအောင်မောင်း၊ ဝဏ္ဏကျော်ထင်စိန်အောင်မင်း၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၊ ပြဇာတ်ထိပ်ခေါင် မြို့တော်သိန်းအောင် စတဲ့ ပြည်သူ့အချစ်တော်တွေဟာလည်း ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ကြပါ။ မြန်မာ့ရုပ်ရှင်ဒါရိုက်တာ အကျော်အမော်တွေ ဦးညာဏ၊ ရွှေဒုံးဘီအောင်၊ သုခ၊ သာခု၊ ချစ်ခင်၊ ရှုမဝ ဦးကျော် စသည်ဖြင့် ထူးချွန်တဲ့ အနုပညာရှင်ကြီးတွေဟာလည်း တက္ကသိုလ်ဘွဲ့ရများ မဟုတ်ကြပါ။ ဒါက တက္ကသိုလ်တက်ဖို့ မလိုဘူးဆိုတဲ့ အနက်အဓိပ္ပာယ်ကို မဆိုလိုပါဘူး။ အဲဒီတုန်းက အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်ဆိုတာလည်း မပေါ်သေးဘူး။ မရှိခဲ့ကြသေးဘူးလေ။ ပင်ပင်ပန်းပန်း ကိုယ်တိုင်လေ့လာဆည်းပူးပြီး သူတို့က ဆန်းသစ်ဖန်တီးကြရတာပါပဲ။

စာဖတ်သူရော စာရေးသူပါ ဘဝဇာတ်ခုံပေါ်မှာ ကပြနေကြတဲ့ မင်းသား၊ မင်းသမီးတွေ (ကိုယ်တိုင်) ဖြစ်နေတာပါလား။ သရုပ်ဆောင် လှုပ်ရှားနေကြရတာကိုးလို့ ကိုယ်လုံးပေါ်မှန် ပြန်ကြည့်မိသလို သတိထားစေချင်တာပါ။

"အေးဟဲ့... ဟုတ်သား"

"ဘဝဇာတ်ကောင် သရုပ်ဆောင်နေကြတာပဲ"

"မင်းသား၊ မင်းသမီးနေရာတွေမှာ"

ပရိသတ်နှစ်သက်အားပေးအောင် သဘာဝကျကျ စေတနာ မေတ္တာပါပါနဲ့ (ချီးမွမ်းရလောက်တဲ့) အနုပညာ အရည်အသွေး ပါရမီတွေ ထုတ်ဖော်ပြီး ကပြပါ။

ဒီလို မိမိကိုယ်တိုင် မိမိဘဝကို သဘာဝအရ ပါဝင်ကပြနေရတာကို သတိမထားဘဲ သွားချင်ရာသွားမှာပဲ၊ လုပ်ချင်တာလုပ်မှာပဲ၊ စားချင်ရာ စားမှာပဲ ဆိုတဲ့လူစားတွေက များနေကြတယ်မဟုတ်လား။ စာရေးသူက သူတို့ကို ဘာမှမပြောလို့။ ဘာကြောင့်လဲဆိုတော့ သူတို့က စာဖတ်နည်းကြတာကိုး။ စာဖတ်တဲ့ လူအချို့ကိုသာ စာရေးသူက ဆွေးနွေးတင်ပြခွင့်ရပေတာ မဟုတ်လား။ ဒီဆောင်းပါးကို ယခုဖတ်နေတဲ့ စာဖတ်သူကို အသက်ကြီးကြီး ငယ်ငယ်၊ ဘာလူမျိုးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီးဖြစ်ဖြစ် စာရေးသူက လေးစားယုံကြည်ပါတယ်။ စာဖတ်သူဆိုတာ နားပေါက်လွယ်၊ နားလည်လွယ်တဲ့ လူစားတွေ မဟုတ်လား။ တန်ဖိုးမြင့်မား၊ တန်ဖိုးထားပြီးသား။

ဘဝဇာတ်ကောင်၊ ဇာတ်လိုက်အဖြစ်၊ ဘဝဇာတ်ခုံပေါ်မှာ ပရိသတ် ဗိုလ်ပုံအလယ် တင်ဆက်ကပြနေရတယ်ဆိုတာ ထင်ထင်ရှားရှား သတိထားမိသွားပြီဆိုမှ စာရေးသူက ဆက်ရေးပြပါရစေ။

## ဇာတ်ရုပ်များ

လောကနိယာမမှာ ဇာတ်ရုပ်ဟာ အသေမဟုတ်ပါဘူး။ ဇာတ်ရုပ်ဆိုတာ အရှင်သဘောပါ။ ဒါလည်း ပြောပြတဲ့အချက်ကို လက်ခံသိမြင်တဲ့ ပုဂ္ဂိုလ်များ ရှိပြီးသားပါ။ " မဟုတ်သေးဘူးလေ၊ ဇာတ်ရုပ်ဆိုတာဟာ မင်းသားဟာ မင်းသား၊ စထွက်ကတည်းက မင်းသား၊ လူကောင်း။ အဆုံးထိလည်း လူကောင်း။ ဇာတ်ဝင်အခန်းတိုင်းမှာ အကောင်းဘက်ကချည်းသာ သရုပ်ဆောင်ရစမြဲ။ လူဆိုးလူကြမ်းဆိုလည်း ဇာတ်လမ်းတစ်ခုလုံး ဆိုးပြကြမ်းပြရမှာပဲ၊ ဒီလို။"

"အထင်ရှားဆုံးသာဓက ပြောရဦးမလား။ မြတ်စွာဘုရားသခင်နဲ့ ဒေဝဒတ်ဗျာ။ ဖြစ်စဉ်ဇာတ်ကွက်တိုင်းမှာ အမှန်နဲ့ အမှား၊ မေတ္တာနဲ့ ဒေါသ၊ တရားမှုနဲ့ မတရားမှု၊ ခွင့်လွှတ်ခြင်းနဲ့ စဉ်းလဲသတ်ဖြတ်ခြင်း စသဖြင့် အဖြူနဲ့အမည်း တစ်ဖက်စီ သရုပ်ဆောင်သွားနေတာ" ပြောချင်သလား။ ပြောပါ။

စရိုက်သေ ကပြသရုပ်ဆောင်ကြရတဲ့ ဇာတ်လမ်းတွေလည်း ရှိပါတယ်။ ဝန်ခံပါတယ်။ စရိုက်ရှင် ကပြရတဲ့ ဇာတ်လမ်းတွေလည်း ရှိကြပေတယ်ဆိုတာ လက်ခံစေချင်တာပါ။ တင်ပြစရာ သာဓကတွေ အများကြီးရှိပေမယ့် အထင်ရှားဆုံးလို့ ယူဆတဲ့ ဇာတ်ကောင်တစ်ဦးကိုပဲ ဖော်ပြပါရစေ။

## သာဓက

ဟိန္ဒကခေါ် အင်္ဂုလိမာလ၊ လူငယ်တစ်ဦး။

သူဟာ စာတော်တယ်၊ လိမ္မာတယ်၊ ဒိသာပါမောက္ခဆရာကြီးကရော၊ ဆရာကတော် ကရော သားတပည့်လို ချစ်ကြတယ်။ စာညံ့တဲ့ ကျောင်းနေဖက်အဖော်တချို့က မနာလိုတာကြောင့် ဆရာကြီးကို သွားပြီး ကုန်းချောကြတယ်။ ဆရာကတော်နဲ့ ဟိန္ဒကနဲ့ ပရောပရီဖြစ်နေပြီ၊ဘာဘာညာညာလုပ်ကြံစွပ်စွဲကြတာလေ။ တစ်ယောက်လည်း မဟုတ်။ တစ်ကြိမ်လည်း မဟုတ်၊ ယုတ်မာညစ်ပတ်သူကျောင်းသားတွေက မကြာမကြာ ဆရာကြီးအမုန်းဆိုက်အောင် ကုန်းတိုက်ဖန်များလေတော့ ဟိန္ဒကကို "မင်းငါပြောတဲ့ စကားနားထောင်မယ်ဆိုရင် လူသား လက်ညှိုးတစ်ထောင်ကို ပန်းကုံးလိုသီပြီး ငါ့ကို ပူဇော်ကန်တော့ပါ" ဆိုပါလေရော။ (ဆရာ အထင်မှားလေပြီနော်)

ဘာမဆိုထက်ထက်မြက်မြက် ထူးထူးချွန်ချွန် လုပ်တတ်တဲ့ ဟိန္ဒကဟာ "ဆရာပြောတဲ့ စကားကို မြေဝယ်မကျ နားထောင်မယ်ကွ" ဆိုပြီး တောပုန်းကြီးလုပ်ကာ တောခိုလူသတ် လက်ညှိုးဖြတ်၊ လူသတ်သမား အကြမ်းဖက်လူရမ်းကား ဘဝဖြစ်ရတော့တာပဲ။ လူတော်လမ်းလွဲရင် လူတွေသေကျေဆင်းရဲ။

တစ်ထောင်ပြည့်ဖို့ ဒီကနေတော့ တစ်ယောက်ပဲလိုတော့တဲ့အချိန်ကျမှ မိခင်အိုက သားဟိန္ဒကကို ဘုရင်ကိုယ်တိုင် တပ်ထောင်ကာ ဗိုလ်ထုနဲ့ တောအုပ်ထဲ မြေလှန်ရှာ ဖမ်းကြတော့မယ်ဆိုတာ (နန်းတော်ထဲက အတွင်းသတင်းကို ထောက်လှမ်းစနည်းနာထားလို့) သိနေတော့ လွတ်အောင်ပြေးရှောင်ဖို့ သတိပေးလေမှပဲ (ခုခေတ်လို လက်ကိုင်ဖုန်းကလည်းမရှိ) အမေအိုဟာ ကိုယ်တိုင်ပြေးရှာတယ်။ တောကြီးမြိုင်ကြီး ဂနိုင်ကြီးထဲမှာ တကျော်ကျော်ခေါ်ပြီး

"သားရေ လူကလေး ဟိန္ဒက၊ ဒီတောထဲမှာ မခိုနေနဲ့။ ဘုရင်ကိုယ်တိုင် တောနင်းပြီး ဆင်တပ်၊ မြင်းတပ်တွေပါ မင်းကိုလာရှာနေပြီကွဲ့။ လွတ်ရာအဝေးသာ ရှောင်ပြေးပေတော့ကွယ်"

ဟိန္ဒကက စိတ်မိုက်စိတ်ရိုင်းဝင်နေတာ မဟုတ်လား။ ကြောက်စိတ်လည်းမပေါ်၊ အမေကို ကျေးဇူးတင်ရကောင်းမှန်းလည်းမသိ။ နောက်ဆုံးလက်တစ်ချောင်း ဖြတ်ရဖို့ အတော်ပဲဟ၊ ဟန်ကျပြီလို့ ပျော်သွားသေး။

မိုက်လုံးကြီးတဲ့ ဟိန္ဒက ခေါ် အင်္ဂုလိမာလ။

သားနဲ့ အမေကြားမှာ ဘုရားကြွရောက်လာပြီး တားမြစ်ဆုံးမ၊ တရားဟောပြတော့ တရားရသွားတယ်ပေါ့။

## ပြောင်းလဲခြင်း

(အားလုံးသိကြပြီးသားမို့ ထားလိုက်ကြပါစို့)

အင်္ဂုလိမာလဘွဲ့မည်ရတဲ့ ရှင်ရဟန်းဘဝ၊ မြတ်စွာဘုရားရဲ့ သာသနာတော်အဆုံးအမ အပြည့်အဝခံယူတဲ့ သံဃာဖြစ်လာခဲ့ပေမယ့် ဆွမ်းခံလေရာ ရပ်ကွက်ကျေးရွာ လူတကာက ဆွမ်းမလှူတဲ့အပြင် တုတ်တွေခဲတွေနဲ့ ပစ်ပေါက်နှိပ်စက်တဲ့အတွက် (သူတို့မိဘဆွေမျိုးတွေကို မကြာခင်ကမှ ရက်ရက်စက်စက် သတ်သွားသေးတာ သွေးမခြောက်ကြသေးဘူး။ ပူပူနွေးနွေး ပူဆွေးနေကြရတုန်း အချိန်လေ)၊ ဆွမ်းမရတာ ရက်တွေကြာလာခဲ့။ ထိပ်ပေါက်ခေါင်းကွဲ၊ ထိပ်ပြောင်ပြောင်မှာ သွေးသံရဲရဲ။ ရှင်ရဟန်းဘဝထိ ခံစားရ။

တိုတိုချုံ့တော့ မြတ်စွာဘုရားသခင်က သုတ္တံတစ်ခုသင်ပေးပြီး ကလေးမွေးဖွားရန် ခက်ခဲနေသူများ လွယ်ကူချောမောစွာ မွေးစေတဲ့ဂါထာ, "အင်္ဂုလိမာလသုတ်" ရပ်ရွာလူထု ကောင်းကျိုးပြုကြောင်း လက်တွေ့ပြတဲ့အခါမှာမှ ပြည်သူတွေက ခွင့်လွှတ်ကြည်ဖြူကြတယ်လေ။

ဘုရားရှင်နဲ့ တွေ့ကြုံခွင့်ရလို့ လူဆိုးတွေ၊ လူမိုက်တွေ၊ လူပေလူတေ၊ လူအမျိုးမျိုးဟာ အကျွတ်တရားတွေရကာ ကျွတ်တန်းဝင်ကြတာ ဗြဟ္မာ၊ ဘီလူး၊ နဂါး စသဖြင့် များစွာများစွာ စရိုက်ပြောင်းလဲ၊ သရုပ်ဆောင်သွားကြတဲ့ သာဓကတွေ အများကြီးပါ။ တွေ့ရပြီနော်။

လွဲချော်နေကြသူတွေကို တည့်ပေးကြရမယ်။
မှားနေသူတွေကို အမှန်ပြင်ကြဖို့ ကူညီရမယ်။
မိုက်ကန်းနေသူတွေ ရပ်တန်းက ရပ်အောင်တား။
မိုက်မဲနေသူတွေ သိမြင်အောင် ဆွဲဆောင်။
ကယ်လို့မရသူတွေ သွားပါစေ။

လူတိုင်းလူတိုင်းက ကိုယ့်ဘဝကို တန်ဖိုးအရှိဆုံးဖြစ်အောင် စိတ်ကောင်း စေတနာကောင်းနဲ့ ကိုယ်ကျရာကဏ္ဍ ကိုယ်ရောက်ရာနေရာက အကောင်းဆုံးသရုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ၊ အားလုံးမြန်မာတွေ။
စစ်မီးလောင်အောင် ရှို့သူတွေက ဟိုးအဝေးမှာ။
ခြင်းထဲက ကြက်တွေလို အချင်းချင်း ဆိတ်နေလို့ အဖြေမပေါ်။ ညီအစ်ကိုနှောင်ရင်း တစ်အူထုံ့ဆင်းတွေကို ပြင်ပက အိုးမဲသုတ်လို့ သွေးသံရဲရဲ ခွပ်နေတဲ့ ကြက်နှစ်ကောင်လို။ အကြမ်းဖက်တွေ သွားရာလမ်းကတော့ ကြမ်းမှာပဲလေ။

ယာလည်းညက်စေ၊
ကြက်တွေလည်း ပန်းစေ။

နှစ်ကောင်လုံး နာပြီးမောမှ ကောက်ပြီး အောင်သေအောင်သား ချက်စားကြဖို့ သွားတဖြီးဖြီး စောင့်နေကြတဲ့ကောင်တွေကိုလည်း မြင်နေကြပြီပဲ။ ဖုန်းထဲမှာ ဖတ်လိုက်ရတာ သတိပြုစရာပဲ။ မျှဝေလိုက်ပါရစေ။

"ပုံပြောသူမသေ၊ ယုံသောသူသေ၏ တဲ့။
ဆွသူမသေ၊ အ,သူ သေ၏။
ဒေါ်လာပိုက်သူမသေ၊ ခေါ်ရာလိုက်သူသေ၏။
ကြောင်ဖားတွေမသေ၊ ယောင်မှားတွေသေ၏"
တဲ့။ (မူရင်းရေးသူ Credit ပေးပါတယ်)

မှန်သလား။ မှားသလား၊ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြဖို့သာ ဖြစ်ပါတယ်။ ။

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၇

**နေပြည်တော်၌ ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။**



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ ကျောက်မျက်ရတနာပြတိုက်၌ လေ့လာကြစဉ်။



အဆိုပါ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် လွှတ်တော်အဆောက်အအုံ (အပေါ်ပုံ)၊ ကျောက်မျက်ရတနာပြတိုက်နှင့် Junction Centre တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် နေပြည်တော်ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦးနှင့် ရခိုင်ပြည်နယ် မှ ၃၅ ဦး ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အခုဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံစည်းခွင့်ရတယ်။ ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတယ်။ အချင်းချင်း နှုတ်ဆက်ခွင့်နဲ့ သူတို့ စကားသံလေးတွေကိုလည်း ကြားရတဲ့အတွက် ဘာနဲ့မှမလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေ ဖြစ်ပါတယ် ဦးခေါင်ဂျိုး

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။**



ဒေါ်နီနီမင်းသိန်း



မနန်းဖြိုးဖြိုးစံ



ဒေါ်ဆာဆု



ဦးခေါင်ဂျိုး

**ဒေါ်နီနီမင်းသိန်း(ကြီးကြပ်သူ၊ ကယားပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ကယားပြည်နယ် အဖွဲ့မှာ အဖွဲ့ဝင် ၂၈ ယောက် ပါပါတယ်။ ကျွန်မတို့အဖွဲ့က ပြည်ထောင်စုနေ့မှာ ကယားလူမျိုးတွေရဲ့ ရိုးရာအကအလှတွေနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ အဲဒါကတော့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကယား၊ ဇယိမ်၊ ကယန်း(ပဒေါင်)၊ ဂေခို(ကဲ့ခို)၊ ဂေဘား၊ ပရဲ(ကယော)၊ မနုမနော၊ ယင်းတလဲနဲ့ ယင်းဘော် စတဲ့ အကတွေနဲ့ သီဆိုဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အခုလို စိန်ရတုပြည်ထောင်စုနေ့ကို ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာကြတဲ့ တိုင်းရင်းသားတွေ စုံစုံလင်လင်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကလေးတွေအတွက်လည်း အခုလို အခွင့်အရေးမျိုးကို ရရှိတဲ့အတွက်လည်း သူတို့ကိုယ်စား ပိုပြီးတော့ ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးအောင်သူလတ် (အကနည်းပြတာဝန်ခံ-ကယားပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့ အကအဖွဲ့ကို ရွေးချယ်တဲ့ အခါမှာ ကျွန်တော်တို့ ပါဝင်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိတယ်။ ကိုယ့်ရဲ့ ပြည်ထောင်စုအတွက် အခုလို လာရတဲ့အတွက် တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်။ ဒီရောက်တော့လည်း လေ့လာရေးခရီးစဉ်တွေ ပို့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ သိရှိလေ့လာခွင့် ရခဲ့ပါတယ်။ ဘုရားတွေလည်း ဖူးခွင့်ရပြီး မနေ့ကဆိုရင် အင်မတန်ထုထည်ကြီးမားတဲ့ မာရဝိဇယ ဆင်းတုတော်ကြီးကိုလည်း သွားရောက်ဖူးခဲ့ရပါတယ်။ ဒီနေ့မှာတော့ တီဗွီမှာပဲ အမြဲတမ်းတွေ့နေရတဲ့ လွှတ်တော်တွေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာရေးရောက်ခဲ့တဲ့အတွက် အိပ်မက်တစ်ခုလိုပါပဲ။ လွှတ်တော်တွေရဲ့ လုပ်ဆောင်ရတဲ့ တာဝန်၊ အခန်းကဏ္ဍတွေကိုလည်း ဒီနေ့ လေ့လာတွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့ အရင်စာထဲမှာ ရှိခဲ့တဲ့ ညီနောင်တစ်စု တည်ထောင်ပြုတဲ့ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကို အခုလို တိုင်းရင်းသား ဆွေမျိုးပေါင်းစုံ လာတွေ့ဆုံရတဲ့အခါမှာ ပိုပြီးတော့ လက်တွေ့ကျကျခံစားရပါတယ်။ အဲဒီအနှစ်သာရကြောင့် ကိုယ်တိုင်လည်း ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မမြင်ဖူးတဲ့ ကချင်က တိုင်းရင်းသားတွေနဲ့ တွေ့ရတယ်။ မမြင်ဖူးတဲ့ ကရင်တွေနဲ့လည်း တွေ့ရတယ်၊ ပြီးတော့ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကို မောင်နှမလို ဆက်ဆံကြတာဆိုတော့ ပိုပြီးတော့ အနှစ်သာရရှိရှိနဲ့ ပျော်စရာ ကောင်းပါတယ်။

အခုကျွန်တော်တို့ တက်ရောက်လာတဲ့ အချိန်အခါဟာ စိန်ရတုပွဲတော်ကြီးလည်း ဖြစ်ပါတယ်။ စိန်ရတုပွဲတော်ကြီးမှာ ပါဝင်ရတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကိုယ်စား အင်မတန် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**မနန်းဖြိုးဖြိုးစံ (ကရင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ကရင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့မှာ အဖွဲ့ဝင် စုစုပေါင်း ၄၀ ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ ကရင်ရိုးရာ ဒုံးအက "ဖွံ့ဖြိုးဝေဆီ ဒို့ဌာနေ" ဒုံးအကနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒုံးအဖွဲ့ကလူတွေဆိုရင် ရွာကလူတွေလည်း ပါကြပါတယ်။ ကိုယ်မရောက်ဖူးတဲ့ နေရာတွေကိုလည်း လေ့လာရေးခရီး လိုက်ပို့ပေးတဲ့အတွက် အသိပညာ ဗဟုသုတ တော်တော်များများ ရရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဒီလိုဗဟုသုတရအောင် ပို့ဆောင်ပေးတဲ့အတွက် တာဝန်ရှိ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒီလိုမျိုး တိုင်းရင်းသားတွေ စုံစုံညီညီ တွေ့ရဖို့ဆိုတာကလည်း မလွယ်ပါဘူး။ တစ်နေရာနဲ့ တစ်နေရာ သွားဖို့ဆိုတာလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် သွားရောက်ဖို့ အဆင်မပြေပါဘူး။ (၇၅) နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် အထူးဂုဏ်ယူမိသလို မောင်နှမသားချင်း တိုင်းရင်းသားအားလုံးနဲ့ ဆုံတွေ့ခွင့်ကို နောင်နှစ်တွေလည်း ကြုံချင်ပါတယ်။

**ဒေါ်ဆာဆု (အုပ်ချုပ်သူ၊ ချင်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ချင်းပြည်နယ် ရိုးရာယဉ်ကျေးမှု အဖွဲ့အနေနဲ့ စုစုပေါင်း ၃၇ ယောက် ပါပါတယ်။ ကျွန်မတို့ရဲ့ ခူမီးလူမျိုးတွေရဲ့ ရိုးရာအကနဲ့ **"ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းပါစေ"** သီချင်းနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ ဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရတဲ့အတွက်ကြောင့်မို့ ကိုယ့်ညီအစ်ကိုမောင်နှမတွေ ပြန်ဆုံတွေ့ရသလို ကြုံတောင့်ကြုံခဲ စိန်ရတုမှာမို့ တကယ်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမိပါတယ်။

**ဦးခေါင်ဂျိုး( ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့ ကချင်တိုင်းရင်းသားမျိုးနွယ်စု ခြောက်စု ပါပါတယ်။ အဲဒီမျိုးနွယ်စုခြောက်စု အကနဲ့ ကပြဖျော်ဖြေ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံးအကြိမ် လာရောက်ခွင့်ရတဲ့အတွက်လည်း ကံကောင်းတယ်လို့ ခံယူပါတယ်။ နေပြည်တော်မှာ ရောက်နေစဉ်မှာလည်း ဒီမှာရှိတဲ့ အထင်ကရနေရာတွေကို သွားရောက်လေ့လာခွင့် ရတဲ့အတွက် အသိပညာဗဟုသုတတွေ တော်တော်များ ရရှိပါတယ်။ အခုဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံစည်းခွင့်ရတယ်။ ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတယ်။ အချင်းချင်း နှုတ်ဆက်ခွင့်နဲ့ သူတို့ စကားသံလေးတွေကိုလည်း ကြားရတဲ့အတွက် ဘာနဲ့မှ မလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေ ဖြစ်ပါတယ်။

**သန်းမင်းအောင်(သတင်းစဉ်)**

# ဟွန်ဒူးရပ်စ်သမ္မတ ကိုဗစ်- ၁၉ ကူးစက်ခံရ

**တေဂူစီဂါလ်ပါ ဖေဖော်ဝါရီ ၇**

ဟွန်ဒူးရပ်စ်သမ္မတ စီယိုမာရာ ကက်စထရိုက ၎င်းတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း ဖေဖော်ဝါရီ ၆ ရက်က ကြေညာခဲ့သည်။

ဖေဖော်ဝါရီ ၅ ရက်က ဆေးစစ်ချက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရခြင်းမရှိဟု တွေ့ရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၆ ရက်တွင်မူ ရလဒ်မှာ ပြောင်းလဲသွားခဲ့သည်။ ၎င်းတွင် အပျော့စားရောဂါလက္ခဏာများသာ ခံစားရကြောင်းနှင့် သီးခြားခွဲနေထိုင်ကာ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောသည်။

၎င်း၏ ခင်ပွန်းသည်ဖြစ်သူ မန်နျူရယ်ဇီလာရာမှာ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဟွန်ဒူးရပ်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဇီလာရာမှာလည်း ဇန်နဝါရီလအစောပိုင်းတွင် ကိုဗစ် - ၁၉ ကူးစက်ခံခဲ့ရသည်။

ယခုသီတင်းပတ်အစောပိုင်းအထိ ဟွန်ဒူးရပ်စ် နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၉၇၅၄၈ ဦးရှိပြီး သေဆုံးသူ ၁၀၅၄၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ



ဟွန်ဒူးရပ်စ်သမ္မတ စီယိုမာရာ ကက်စထရို။

# တစ်ရက်လျှင် လူပေါင်းတစ်သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးအပိုဆောင်း ထိုးပေးနိုင်ရေး ဂျပန်ဝန်ကြီးချုပ် မျှော်မှန်း

**တိုကျို ဖေဖော်ဝါရီ ၇**

ယခုလအစောပိုင်း၌ တစ်ရက်လျှင် လူဦးရေ တစ်သန်းနီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်း ထိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးများကို ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ညွှန်ကြားသွားမည်ဟု သိရသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ဂျပန်ဝန်ကြီးချုပ်က တိုက်ရိုက်ညွှန်ကြားမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုများပြားနေသည့် ကာလအတွင်း မြူနီစီပယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သတ်မှတ်ထားသည့် ရည်မှန်းချက်အတိုင်း ကာကွယ်ဆေး ထိုးပေးနိုင်ရေး ကူညီကြရန်လည်း တောင်းဆိုသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက်တွင် သက်ဆိုင်ရာ ဝန်ကြီးများနှင့် ပြောဆိုဆွေးနွေးမှု ပြုလုပ်စဉ်အတွင်း တတိယအကြိမ် ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် အမြန်လုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း အတည်ပြုခဲ့သည်။

နေ့ကလေးထိန်းစောင့်ရှောက်ရေးကျောင်းများနှင့် စာသင်ကျောင်းများတွင် ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့နေသည့် အတွက် ကျောင်းဆရာများနှင့် ကလေးထိန်းကျောင်းမှ ဝန်ထမ်းများကို တတိယအကြိမ် ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်သည်။

လူမှုရေးလုပ်ဆောင်မှုများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် အတွက်လည်း မီးသတ်သမားများနှင့်ရဲများကို တတိယအကြိမ် ကာကွယ်ဆေး ထိုးကြရန် တိုက်တွန်းသွားမည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါး။

# အစ္စရေးရဲချုပ် ယူအေအီးနိုင်ငံသို့ ပထမအကြိမ် လာရောက်လည်ပတ်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၇**

အစ္စရေးရဲချုပ် ခိုဘီရှပ်ဘ်တိုင်သည် ယူအေအီးနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်အတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ခရီးစဉ်အတွင်း ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများ၊ အဘူဒါဘီနှင့် ဒူဘိုင်းတို့မှ ရဲမင်းကြီးများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

အဘူဒါဘီရှိ အစ္စရေးသံရုံးတွင် တာဝန်ထမ်းဆောင်ရန် အစ္စရေးရဲကိုယ်စားလှယ်ကိုလည်း ခန့်အပ်သွားရန်ဆန္ဒရှိကြောင်း အစ္စရေးရဲချုပ်ကပြောသည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး ဘန်နီဂန့်စ် ဘာရိန်းနိုင်ငံသို့ သွားရောက်ပြီး သုံးရက်အကြာတွင် ယခုလို ခရီးစဉ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး ဘန်နီဂန့်စ်သည် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွင် သဘောတူလက်မှတ်ရေးထိုးရန်အတွက် ပင်လယ်ကွေ့နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေး၊ ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဆင်ဟွာ

# သြစတြေးလျနိုင်ငံအနောက်ပိုင်း၌ တောမီးလောင်မှုပြင်းထန်လာသည့်အတွက် သတိပေးချက်ထုတ်ပြန်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၇**

သြစတြေးလျနိုင်ငံအနောက်ပိုင်း၌ ဖေဖော်ဝါရီ ၇ ရက်က တောမီးများ ဆက်လက်လောင်ကျွမ်းလျက်ရှိရာ တောမီးလောင်မှုအရေးပေါ် သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း သြစတြေးလျအနောက်ပိုင်းပြည်နယ်ရှိ မြို့အချို့တွင် တောမီးလောင်မှု ခြိမ်းခြောက်မှုများဖြစ်ပေါ်လာသည်။ အချို့သောဒေသမှ ဒေသခံများနှင့် ဟတ်စတာမြို့မှ ဒေသခံများကို ယခုထက်ပို၍ နောက်မကျမီ နေရပ်မှ ထွက်ခွာကြရန် သတိပေးထားသည်။



တောမီးလောင်မှုကို ငြိမ်းသတ်နေသည့် မီးသတ်သမားများကို တွေ့ရစဉ်။

လေထုထဲတွင် အဆိပ်သင့်စေသည့်ပစ္စည်းများ ပါဝင်ပျံ့နှံ့နေသည့်အတွက် ဟတ်စတာမြို့မှ ဒေသခံ ၅၀၀ ကိုလည်း ချက်ချင်းကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့သည်။ ဟတ်စတာမြို့သည် တောမီးလောင်မှု၏ခြိမ်းခြောက်မှုအောက်တွင် တိုက်ရိုက်မရှိသော်လည်း အရေးပေါ် ဒေသဖြစ်နေဆဲဖြစ်ကြောင်း ပြည်နယ် မီးသတ်နှင့်အရေးပေါ်ဌာနက ပြောသည်။

အခြားသော ဒေသများမှ ဒေသခံများအတွက်လည်း သတိပေးချက်အသစ်များ ထုတ်ပြန်ထားသည်။ ဒေသခံများ နေရပ်မှ ထွက်ခွာရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်နှင့် ခိုင်ခံ့သောဖိနပ်များ ဝတ်ဆင်၍ ထွက်ခွာကြရန်လည်း သတိပေးထားသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၅၂၈၆ ထပ်မံတွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၇**

တောင်ကိုရီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်က ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၅၂၈၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၀၄၄၉၆၃ ဦးအထိရှိလာကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုမှာ ၃၈၆၉၈ ဦးအထိရှိခဲ့သော်လည်း နေ့စဉ်ကူးစက်ခံရသူဦးရေ ၃၀၀၀၀ ကျော်လွန်နေသည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်ဟု တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးအေဂျင်စီက ပြောသည်။

နောက်ထပ်ကူးစက်ခံရသူများထဲတွင် ဆိုးလ်ဒေသခံမှ ၆၈၇၃ ဦးရှိပြီး အင်ချွန်းမြို့နှင့် ဂယောင်းဂီပြည်နယ်မှ ကူးစက်ခံရသူ ၉၇၈၀ နှင့် ၂၃၆၆ ဦး ရှိသည်ဟု သိရသည်။ နောက်ထပ်ကူးစက်ခံရသူများအနက် ပြည်ပမှကူးစက်လာသူ ၁၅၅ ဦးရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် လူဦးရေ၏ ၈၆ ဒသမ ၀ ရာခိုင်နှုန်းမှာ ကိုဗစ်- ၁၉ ကာကွယ်ဆေး အပြည့်ထိုးပြီးဖြစ်ကြောင်း သိရသည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေမှာ တိုင်းပြည်လူဦးရေ၏ ၅၄ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ သုံးရက်ဆက်တိုက် တစ်သောင်းကျော်ဖြစ်ပွား

ဘန်ကောက် ဖေဖော်ဝါရီ ၇

**ထိုင်းနိုင်ငံတွင် နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ဖေဖော်ဝါရီ ၇ ရက်က ၁၀၄၇၀ တိုးလာပြီး နောက်ထပ် ၁၂ ဦး သေဆုံးခဲ့ကြောင်း ကိုဗစ်–၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။**

နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ ကျော်လွန်ခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလလယ်က ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ နောက်ဆုံးအကြိမ်အဖြစ် ၁၀၀၀၀ ကျော်လွန်ခဲ့သေးသည်။

မြို့တော်ဘန်ကောက်၊ ဆမွတ် ပရာခန်၊ ချွန်ဘူရီ၊ နွန်သာဘူရီနှင့် ဖူးခက်ပြည်နယ်များတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ နိုင်ငံ၏အစိတ်အပိုင်း အတော်များများတွင် လအတော်ကြာ ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ခဲ့ခြင်း၏ ရလဒ်ကောင်းများကြောင့် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူနှင့် သေဆုံးသည့်အရေအတွက်မှာ တည်ငြိမ်သောအခြေအနေတစ်ခုသို့ ရောက်ရှိလာခဲ့သည်။

ယခုအချိန်အထိ နိုင်ငံအတွင်း လူပေါင်း ၁၁၇ သန်းကျော် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်–၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးပြီဖြစ်ပြီး ၂၂ ဒသမ ၅ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီ ဖြစ်သည်။

နိုင်ငံအတွင်းကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၅ သန်းအထိ မြင့်တက်လာခဲ့ပြီး သေဆုံးသူပေါင်းမှာလည်း ၂၂၃၀၃ ဦးရှိသည်။ **ဆင်ဟွာ**




ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့် စီးပွားရေးနှင့်လူမှုရေးအပေါ် အကျိုးသက်ရောက်လာနိုင်မှုကို လျှော့ချလာနိုင်ရန်နှင့် အလုပ်သမားထုကို တည်ငြိမ်စေရန် လူမှုကာကွယ်ရေးအစီအစဉ်များကို အသုံးပြုထားသည့် ထိုင်းနိုင်ငံသားများကို တွေ့ရစဉ်။

## ဗီယက်နမ်မြို့တော် ဟနွိုင်းသည် ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်

**ဟနွိုင်း ဖေဖော်ဝါရီ ၇**

ဗီယက်နမ်နိုင်ငံတွင် ဖေဖော်ဝါရီ ၇ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၈၁၅ ဦး ရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ခြောက်ဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၁၆၈၀၉ ဦးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၅၈၇၈၆ ဦးအထိ ရှိလာပြီး ၃၈၄၂၄ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်–၁၉ အစုလိုက်ကူးစက်မှုများအနက် ဗီယက်နမ်မြို့တော် ဟနွိုင်းသည် ကိုဗစ်–၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၈၈ ဦး၊ အလယ်ပိုင်း ငါအန်းပြည်နယ်တွင် ၁၂၄၇ ဦး၊ အလယ်ပိုင်း ဒါနန်ပြည်နယ်တွင် ၉၃၅ ဦးတို့ ဖြစ်ကြသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၁၂၂၃၈၀ ရှိလာပြီ ဖြစ်သည်။

တတိယအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၉ သန်း အပါအဝင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၈၂ ဒသမ ၄ သန်းရှိလာပြီ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်–၁၉ လှိုင်းဂယက် လေးကြိမ်ရိုက်ခတ်ခံခဲ့ရသည်။

လွန်ခဲ့သောနှစ်ဧပြီနှောင်းပိုင်း လက်ရှိ ကိုဗစ်–၁၉ လှိုင်း စတင်ကတည်းက ဖေဖော်ဝါရီ ၇ ရက်အထိ ပြည်တွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၃၅ သန်း ရှိလာခဲ့သည်။

**ဆင်ဟွာ**




ဗီယက်နမ်နိုင်ငံ ဟနွိုင်းရှိ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးသည့်နေရာတစ်ခုကို တွေ့ရစဉ်။

## မလေးရှားအာဏာပိုင်များက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်လာနိုင်သည့်အပေါ် ကြိုတင်ပြင်ဆင်ထားကြောင်း ပြောကြား

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၇**

အိုမီခရွန်မိုင်းရပ်စ်ကြောင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု များပြားလာခဲ့ရာ မလေးရှားအာဏာပိုင်များသည် ရုတ်တရက် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု မြင့်လာနိုင်သည့်အပေါ် ကြိုတင်ပြင်ဆင်ထားရှိကြောင်း ကျန်းမာရေးဝန်ကြီး ခိုင်ရီဂျာမာလူဒင်က ဖေဖော်ဝါရီ ၇ ရက်က ပြောသည်။

ပြင်ဆင်ထားရှိသော ဆောင်ရွက်ချက်များအနက် အမျိုးသား ကိုဗစ်–၁၉ ဆန့်ကျင်ရေးလုပ်ငန်းအဖွဲ့ကို ပြန်လည်လှုပ်ရှားစေခြင်း၊ ဆေးရုံခုတင်ရရှိနိုင်မှု အရေအတွက်တိုးခြင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

လတ်တလောအချိန်တွင် ကျန်းမာရေးဌာနများတွင် အသုံးပြုနိုင်သည့် ခုတင်အရေအတွက်သည် မလောက်မငမဖြစ်တော့ဘဲ လိုအပ်သည့် ခုတင်များ ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကုသပေးသည့် ဆေးရုံပေါင်း ၁၂၀ ရှိပြီး အန္တရာယ်ဖြစ်ပွားမှုနည်းသည့် ကွာရန်တင်းစင်တာ ၄၃ ခုတွင် နောက်ထပ် ခုတင်ပေါင်း ၁၀၈၁၀ ရှိကြောင်း ၎င်းကထပ်လောင်းပြောကြားလိုက်သည်။ မလေးရှားနိုင်ငံသည် လွန်ခဲ့သောသီတင်းပတ်မှစကာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခဲ့သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ အသက် ၅ နှစ်မှ ၁၁ နှစ်ရှိ ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံပေး

**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၇ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၈၃၅ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၆၁၆၃၈၇ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် ၁၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ပေါင်း ၅၄၅၃၈ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၆၇၂၀ ကျဆင်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၇ ရက်မှစကာ အသက် ၅ နှစ်မှ ၁၁ နှစ်ရှိ ကလေးများကို ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။ လွန်ခဲ့သောနှစ် မတ်လကတည်းက လူသန်းပေါင်း ၆၀ ကျော် ကိုဗစ်–၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု စတုတ္ထလှိုင်းကို ခံခဲ့ရသည်။ နောက်ဆုံး ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုသည် ဇန်နဝါရီလတွင် မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက် နေ့ တစ်နေ့တည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၃၉၀၀၄ ဦးဖြင့် တစ်နေ့တည်း ကိုဗစ်–၁၉ ကူးစက် ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးပြီး သူပေါင်း ၂၅ သန်းကျော်လွန်လာပြီဖြစ်သည်။ **ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ကြောင့် ၁၀၂ ဦး သေဆုံး

**ဘန်ဒါဆီရီဘီဂါဝန် ဖေဖော်ဝါရီ ၇**

ဘရူနိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၇ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၈ ဦး တိုးလာသောကြောင့် စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၁၅၂ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအားလုံးသည် ပြည်တွင်းကူးစက်ခံရသူများ ဖြစ်ကြောင်း ဘရူနိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက် မှ ဖေဖော်ဝါရီ ၇ ရက်ကြား ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းတို့တွင် အဆင့်မြင့် ပညာရေး အင်စတီကျူနှင့် ကျောင်းပေါင်း ၁၁၆ ခု ပါဝင်သည်။

ကျောင်းသားများ ပါဝင်သည့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများသည် ကျောင်းများတွင် အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့် မဟုတ်ဘဲ အိမ်မှ ကူးစက်မှုများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်အထိ ကိုဗစ်–၁၉ ကာကွယ်ဆေး အနည်းဆုံး ပထမအကြိမ်ထိုးပြီးသူ ၉၄ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ ၉၄ ရာခိုင်နှုန်းရှိကြောင်းသိရပြီး သုံးကြိမ်ထိုးနှံပြီးသူ ၄၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

လတ်တလော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၇၂ ဦးကို စောင့်ကြည့် ကုသပေးလျက်ရှိသည်။ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၀၂ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံတစ်ဝန်း မြန်ဆန်တဲ့ ကိုဗစ်လှိုင်းဂယက်ဖြစ်ပွားစေခဲ့တဲ့ အိုမီခရွန်

ထွန်းကျော်

ကမ္ဘာတစ်ဝန်း အိုမီခရွန်ဗီဇပြောင်းမျိုးကွဲက မီးလောင်ရာလေပင့်သကဲ့သို့ လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ပိုမိုအားကောင်းစေခဲ့ခြင်းက အမေရိကန်ပြည်ထောင်စုရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ထို့အတူ သေဆုံးမှုတွေလည်း ပိုမိုဖြစ်ပွားစေခဲ့ပါတယ်။ ကိုဗစ်-၁၉ ဒဏ်ခံနိုင်ငံကို လှုပ်လေမြုပ်လေပုံစံမျိုး ဖြစ်စေခဲ့ပါတယ်။

### နိုင်ငံကိုဖရိုဖရဲဖြစ်စေ

ပြင်းထန်သေဆုံးစေတတ်ပြီး ရောဂါဖြစ်ပွားစေတတ်တဲ့ ပစ္စည်းက အခုအချိန်အထိ နိုင်ငံကို ဖရိုဖရဲဖြစ်စေတုန်းပါ။ အဲဒီလိုအခြေအနေက ဆေးရုံတွေကို အလုပ်ဝန်ပိမှုတွေ ဖြစ်စေပါတယ်။ အလုပ်သမားပြတ်လပ်မှုတွေသာမက လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အနှောင့်အယှက်ကိုလည်း ဖြစ်စေပါတယ်။ အမေရိကန်မီဒီယာများနဲ့ ကျန်းမာရေးကျွမ်းကျင်သူတွေက ဒီထက်ပိုဆိုးတဲ့အခြေအနေတွေကို ခန့်မှန်းထားရမယ်လို့ ပြောကြားထားပါတယ်။

အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာခြင်းဟာ သူ့ရဲ့ထိရောက်တဲ့စွမ်းအားတွေနဲ့အတူ အမေရိကန်ပြည်ထောင်စုတစ်ဝန်း မြန်ဆန်တဲ့ ကိုဗစ်လှိုင်းဂယက် ဖြစ်ပွားလာခဲ့ပါတယ်။ နိုင်ငံတွင်းမှာရှိတဲ့ ကိုဗစ်-၁၉ သေဆုံးနှုန်းဟာ တခြားဖွံ့ဖြိုးပြီးနိုင်ငံတွေထက် ပိုနေပါတယ်။ ဒါတောင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးတဲ့အရေအတွက်ဟာ တခြားနိုင်ငံတွေထက် များတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

### သေဆုံးနှုန်းအမြင့်ဆုံး

လက်ရှိမှာတော့ နိုင်ငံတစ်ဝန်း နေ့စဉ်ကိုဗစ်-၁၉ သေဆုံးနှုန်းဟာ ၂၆၀၀ ကျော်ရှိပါတယ်။ လွန်ခဲ့တဲ့နှစ်ပတ်ထက် ၃၀ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ လူ့အသက်ပေါင်း ၉၀၀၀၀၀ ကျော်ကို သေဆုံးစေခဲ့ပါတယ်။ ဒီနှုန်းဟာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတစ်ခုချင်းစီအနေနဲ့ဆိုရင်တော့ အမြင့်ဆုံးနှုန်းလို့ ပြောရမှာဖြစ်ပါတယ်။

နယူးယောက်တိုင်းမ်ရဲ့ ဖော်ပြချက်အရ အမေရိကန်တွေဟာ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး လမ်းပျောက်နေတဲ့ အခြေအနေလို့ သိရပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအသစ်တွေနဲ့ ဆေးရုံတက်တဲ့ပမာဏ ကျဆင်းသွားတယ်လို့ဆိုသော်လည်း သေဆုံးသူတွေဟာ ဆက်လက်မြင့်တက်နေဆဲ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ရဲ့ခြိမ်းခြောက်မှုဟာ အမေရိကန်ပြည်သူများကြား ပျံ့နှံ့လျက်ရှိပါတယ်။

ဇန်နဝါရီလလယ်လောက် ကိုဗစ်-၁၉ အမြင့်ဆုံးကူးစက်ဖြစ်ပွားမှုအခြေအနေမှာ အကြမ်းဖျင်းအားဖြင့် အမေရိကန် ငါးဦးမှာ တစ်ဦးလောက် ကိုဗစ်-၁၉ ကူးစက်ခံရတယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီလလယ် ကိုဗစ်-၁၉ အမြင့်ဆုံး ကူးစက်မှုပြီးဆုံးချိန်မှာတော့ ကိုဗစ်-၁၉ ကူးစက်နှုန်းဟာ နှစ်ဆလောက် မြင့်တက်လာနိုင်ပါတယ်။

### ကူးစက်ခံရသူ ၅ ရာခိုင်နှုန်းဖျားနာ

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတိုင်း ဖျားနာကြတာတော့ မဟုတ်ပါဘူး။ သို့သော်လည်း ကူးစက်ခံရသူ ၅ ရာခိုင်နှုန်းဟာ ဖျားနာကြတယ်လို့ သိရပါတယ်။




အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် နယူးအော်လင်းရှိ ကုန်တိုက်တစ်ခုတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူတစ်ဦးကို တွေ့ရစဉ်။

အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုဟာ နေရာအတော်များများမှာ ထိပ်ဆုံးရောက်နေပါတယ်။ ဖေဖော်ဝါရီလမှာလည်း အလားတူကူးစက်မှု မြင့်တက်နိုင်ပါတယ်။ ဒီအခြေအနေမှာ ဆေးရုံတွေ၊ စက်ရုံတွေမှာ အလုပ်သမားပြတ်လပ်မှုတွေလည်း ဖြစ်ပေါ်နေတယ်လို့ ဝေါစထရိဂျာနယ်မှာ ဖော်ပြထားပါတယ်။

### ညွှန်ကြားချက်အတိုင်းမလုပ်ရင် မတိကျနိုင်

အစိုးရက နေအိမ်၌ ကိုဗစ်-၁၉ အခမဲ့စစ်ဆေးတဲ့ စစ်ဆေးမှုတွေကို COVIDTests.gov မှာ စာရင်းသွင်းထားတဲ့သူတွေဆီကို ပေးပို့တဲ့ အစီအစဉ်တစ်ခုကို စတင်လိုက်ပါတယ်။ စစ်ဆေးမှု တစ်ဘီလီယံကို အမေရိကန်စာတိုက်မှတစ်ဆင့် ဖြန့်ဖြူးပေးဖို့အတွက် ညွှန်ကြားထားပါတယ်။ သို့သော်လည်း နိုင်ငံတစ်ဝန်း တာရှည်နေတဲ့ အေးတဲ့ရာသီဥတုက မကောင်းတဲ့အချက်တစ်ခု ဖြစ်နေပါတယ်။

နေအိမ် ကိုဗစ်-၁၉ စစ်ဆေးမှုထုတ်ကုန်တွေကို အပူချိန် ၃၅ ဒီဂရီဖာရင်ဟိုက် (၁ ဒသမ ၆၇ ဒီဂရီ ဆဲလ်စီးယက်စ်) အထက်မှာ သိုလှောင်ဖို့ အကြံပြုထားပါတယ်။ အဲဒီမှာပါတဲ့ ဓာတ်စမ်းပစ္စည်းအရည်က နေအိမ်ကိုဗစ်-၁၉ စစ်ဆေးခြင်းတွေမှာ ညွှန်ကြားချက်အတိုင်းမလုပ်ဘူးဆိုရင် ခဲသွားနိုင်ချေရှိတတ်ပါတယ်။ အဲလိုဖြစ်ခဲ့မယ်ဆိုရင် တိကျမှုက လျော့နည်းသွားနိုင်ပါတယ်လို့ ကျွမ်းကျင်ပညာရှင်တစ်ဦးက သတိပေးထားပါတယ်။

### အင်န် 95 ပါးစပ်နှာခေါင်းစည်းက ကိုရိုနာဗိုင်းရပ်စ်ကို ပိုမိုကာကွယ်နိုင်

အမေရိကန်ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနက ဖေဖော်ဝါရီ ၇ ရက်က ကိုယ်ခံအားစနစ်နည်းတဲ့သူတွေကို ဖိုက်ဇာ-ဘီရွန်တက် သို့မဟုတ် မော်ဒါးနားကာကွယ်ဆေးထိုးပြီး ငါးလအစား သုံးလကြာပြီးနောက်မှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ညွှန်ကြားချက်အသစ် ထုတ်ပြန်လိုက်ပါတယ်။

ထို့အတူ ဖေဖော်ဝါရီ ၄ ရက်ကလည်း အမေရိကန်ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနက သူ့ရဲ့ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမယ့် ညွှန်ကြားချက်ကိုလည်း ပိုမိုကောင်းမွန်အောင်ပြုပြင်မွမ်းမံခဲ့ပါတယ်။

အဲဒီမွမ်းမံလိုက်တဲ့အချက်ထဲမှာ ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်းတွေဟာ ရောဂါကူးစက်နိုင်မှုကို ၆၆ ရာခိုင်နှုန်းပဲ လျှော့ချနိုင်ကြောင်းနဲ့ အရည်အသွေးပိုမိုကောင်းမွန်တဲ့ အင်န် 95 ပါးစပ်နှာခေါင်းစည်းနဲ့ ကေအင်န် 95 ပါးစပ်နှာခေါင်းစည်းတို့ဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ပိုမိုကာကွယ်နိုင်ကြောင်း ဖော်ပြထားပါတယ်။

### အမြင်မတူမှုတွေရှိနေ

သို့သော်လည်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ ပတ်သက်ပြီး နိုင်ငံတွင်းမှာ အမြင်မတူမှုအချို့ ရှိနေပါတယ်။ အခုချိန်ထိတောင် တချို့လူတွေ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ဖို့ ငြင်းဆန်နေတုန်းရှိပါသေးတယ်။

အမေရိကန်ဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုမှာ ကမ္ဘာ့ပထမဆုံးနေရာမှာ ရှိနေပါတယ်။ သို့သော်လည်း နောင်လာမယ့်ကာလတွေမှာ ဘယ်လိုမျိုး ဆက်ဖြစ်ဦးမလဲဆိုတာ လေ့လာစောင့်ကြည့်သွားရမှာပဲ ဖြစ်ပါတယ်။

**ကိုးကား ဆင်ဟွာ၊ အေအက်ဖ်ပီ**

❐ ပြင်းထန်သေဆုံးစေတတ်ပြီး ရောဂါဖြစ်ပွားစေတတ်တဲ့ ပစ္စည်းက အခုချိန်အထိ နိုင်ငံကို ဖရိုဖရဲဖြစ်စေတုန်းပါ။ အဲဒီလိုအခြေအနေက ဆေးရုံတွေကို အလုပ်ဝန်ပိမှုတွေ ဖြစ်စေပါတယ်။ အလုပ်သမားပြတ်လပ်မှုတွေသာမက လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အနှောင့်အယှက်ကိုလည်း ဖြစ်စေပါတယ်။ အမေရိကန်မီဒီယာများနဲ့ ကျန်းမာရေးကျွမ်းကျင်သူတွေက ဒီထက်ပိုဆိုးတဲ့အခြေအနေတွေကို ခန့်မှန်းထားရမယ်လို့ ပြောကြားထား

# ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၈၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၀၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၄၆,၃၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၈,၄၀၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၇) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၂၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၇၉) ခု | (၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၇) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၇) ခု | (၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၂၄) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၈၁) ခု | (၉၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၅၆) ခု | (၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၉၇၂) ခု | (၂၆၁) ဦး |
| **စုစုပေါင်း** | (၂၄,၈၃၆) ခု | (၅၀၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၇- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၈၀၁၇၄၀၂ | ၄၇၉၉၈၃၇၀ | ၉၂၆၀၂၉ |
| ၂။ | အိန္ဒိယ | ၄၂၂၇၂၀၁၄ | ၄၀၆၆၀၂၀၂ | ၅၀၂၉၀၅ |
| ၃။ | ဘရာဇီး | ၂၆၅၃၆၅၉၇ | ၂၂၇၁၇၉၀၇ | ၆၃၂၂၈၉ |
| ၄။ | ပြင်သစ် | ၂၀၇၅၈၃၇၁ | ၁၄၁၄၂၀၂၂ | ၁၃၂၅၀၆ |
| ၅။ | ဗြိတိန် | ၁၇၈၀၃၃၂၅ | ၁၅၂၄၆၉၄၃ | ၁၅၈၃၁၈ |
| ၆။ | ရုရှား | ၁၂၉၈၂၀၂၃ | ၁၀၆၂၄၉၅၄ | ၃၃၆၀၂၃ |
| ၇။ | တူရကီ | ၁၂၂၃၈၅၀၁ | ၁၁၄၁၃၈၉၆ | ၈၈၇၃၄ |
| ၈။ | အီတလီ | ၁၁၆၂၁၇၃၆ | ၉၃၉၉၇၁၇ | ၁၄၈၇၇၁ |
| ၉။ | ဂျာမနီ | ၁၁၀၅၉၈၇၃ | ၈၁၄၂၁၀၀ | ၁၁၉၃၆၆ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇– ၂ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၄၂၆၀၁ | ၄၁၉၁၆၀၄ | ၁၄၄၆၃၆ |
| ဖိလစ်ပိုင် | ၃၆၁၆၃၈၇ | ၃၄၄၅၁၂၉ | ၅၄၅၃၈ |
| မလေးရှား | ၂၉၁၄၂၂၀ | ၂၈၁၂၆၁၄ | ၃၂၀၃၄ |
| ထိုင်း | ၂၅၀၇၄၇၁ | ၂၃၉၂၃၈၄ | ၂၂၃၀၆ |
| ဗီယက်နမ် | ၂၃၅၈၇၈၆ | ၂၁၂၂၃၈၀ | ၃၈၄၂၄ |
| မြန်မာ | ၅၃၈၄၀၉ | ၅၁၄၂၂၃ | ၁၉၃၁၀ |
| စင်ကာပူ | ၃၉၇၈၂၃ | ၃၆၀၃၄၃ | ၈၇၁ |
| လာအို | ၁၃၆၇၂၀ | ၁၃၂၁၃၂ | ၅၇၄ |
| ကမ္ဘောဒီးယား | ၁၂၁၈၈၁ | ၁၁၈၂၁၂ | ၃၀၁၅ |
| ဘရူနိုင်း | ၁၈၁၅၂ | ၁၆၁၇၈ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နီးလျက်နဲ့ မဝေးစေလို

***ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)***

## မြင်ကွင်း(၁)

အို... မြန်မာတို့ . . . ရှုလော့. . . စဉ်းစားလော့. . .

မြန်မာနိုင်ငံတွင် ယနေ့တူးဖော်တွေ့ရှိရသော ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများအရ သမိုင်းဦးအချိန်ကပင် မြန်မာဘိုးဘေးဘီဘင် မွန်ဂိုလွိုက်မျိုးနွယ်တွေနေလာခဲ့ကြရာ ဘီစီ ၆၀၀ မှာတော့ ပျူလူမျိုးတို့ကအရှေ့၊ ကယန်းတို့က အနောက်၊ သက်လူမျိုးတို့က မြောက်အရပ်နဲ့ မွန်တို့ဟာ ဧရာဝတီလွင်ပြင်၊ စစ်တောင်းနဲ့ သံလွင်ချိုင့်ဝှမ်းလွင်ပြင် မြို့ရွာများမှာ တည်ထောင်ပြီး မြန်မာ့မြေမှာ တိုင်းရင်းသား အသီးသီးဟာ ကိုယ့်အဖွဲ့အစုနှင့်ကိုယ် နေထိုင်ခဲ့ရာမှ မြို့ပြများတည်ထောင်နေခဲ့ကြပါတယ်။ တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ မြို့ပြများတည်ရှိခဲ့ပါတယ်။ ဧရာဝတီ မြစ်ကြီးအနီး တကောင်း (Tagaung) မြို့ပြတည်ခဲ့ရာ ရှေးမြန်မာဘုရင်တို့ဟာ တကောင်းဒေသ လူထုထဲမှ ပေါက်ဖွားလာခဲ့ပါတယ်။

ပုဂံခေတ် အေဒီ ၁၁၉၀ ခန့်က တောင်ဂူနီဘုရားအတွင်း ကျောက်သားပေါ် (Stone tablet) မှာ "မြန်မာ" (အဓိပ္ပာယ် မြန်ဆန်တောင့်တင်း) ဟူသော စာသားကိုတွေ့ရပါတယ်။ "ဗမာ" ဆိုတာ ကုန်းဘောင်ခေတ်မှာ ပေါ်ခဲ့ပါတယ်။ ပုဂံခေတ်၊ ပင်းယနဲ့ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ တောင်ငူ – ညောင်ရမ်းခေတ်နဲ့ ကုန်းဘောင်ခေတ်ဟူသော ကာလများမှာ မြန်မာတို့ဟာ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ လယ်ယာစိုက်ပျိုးရေးကို အခြေပြု လွတ်လပ်စွာအသက်မွေးဝမ်းကျောင်းပြုခဲ့ကာ အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးခဲ့ပါတယ်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင် မြန်မာနိုင်ငံဟာအမြဲတမ်းအေးချမ်းသာယာနေသည်တော့မဟုတ်၊ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်နဲ့ ကိုယ့်ခေတ် ကိုယ့်စနစ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရပါတယ်။ မတည်ငြိမ် မအေးချမ်းတဲ့ ကာလရှိခဲ့ပေမယ့်၊ သမိုင်းနဲ့ ချိပြီးပြောရရင် အလွန်ပင်တိုတောင်းတာမို့ မြန်မာတို့ရဲ့ လူမှုဘဝ၊ မြန်မာတို့ရဲ့ စာပေယဉ်ကျေးမှုဟာ တိုးတက်မှုရှိခဲ့ပါတယ်။ မြန်မာနိုင်ငံလို့ခေါ်တဲ့ မြေပြန့်ကုန်းမြင့်အရပ်ဒေသအသီးသီး မြို့ပြအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာတို့ဟာ တိုင်းရင်းသားအမည်နာမအသီးသီးဖြင့် အေးအတူပူအမျှ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ဘုရင်ကိုယ့်သခင်တို့ရဲ့ စီမံအုပ်ချုပ်ခန့်ခွဲမှုကို ကျေနပ်ခဲ့ပါတယ်။ ၁၉ ရာစု အစပိုင်းအထိ မြန်မာတို့ဟာ ကျယ်ပြန့်တဲ့မြေပြင်နဲ့ ကုန်းမြင့်ဒေသတွေမှာ နေထိုင်ကြသော်လည်း တစ်ဦးနဲ့တစ်ဦး နီးစပ်တဲ့လက္ခဏာ ရှိခဲ့ပါတယ်။ ကမ္ဘာ့လူသားကောင်းများအဖြစ် ထားအပ်တဲ့ ဖြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ ချစ်ခင်စွာ နေထိုင်ခဲ့ကြပါတယ်။ ပထဝီမြေပြင်အရ အလှမ်းဝေးဟန်ရှိကြပေမယ့် တိုင်းရင်းသားအပေါင်းတို့ဟာ အကျိုးကျေးဇူးဖြစ်ထွန်းဖို့ကိစ္စမှာ စိတ်တူကိုယ်တူရှိကာ စည်းလုံးညီညွတ်ခဲ့ကြပါတယ်။ တရားသဘောအရ အဆွေခင်ပွန်းတွေပဲ၊ ဘဝသံသရာမှာ တွေ့ရသခိုက် တိုပင်တိုငြားသော်လည်း ဒီမြေဒီရေဒီလေကို ရှူရှိုက်နေထိုင်စားသောက်ရင်း ကိုယ့်ဘဝကိုယ့်အသက် တန်ဖိုးအရှိဆုံးဖြစ်အောင် ရပ်တည်နေထိုင်ခြင်းဖြင့် ဂုဏ်ယူကြ စံနမူနာပြခံရပါတယ်။ ရိုးသားကြိုးစားကာ မိမိရဲ့ဘဝနဲ့ တစ်ပါးသူအား ဒုက္ခမပေးဘဲ တိုင်းပြည်ရဲ့ အရှိဘဝကို သာယာစွာ အေးချမ်းစွာ နေထိုင်ခဲ့ကြပါတယ်။

## မြင်ကွင်း (၂)

ဒီလိုအေးချမ်းစွာ နေထိုင်ခဲ့ကြ နေခဲ့တာဟာ အေဒီ ၁၆၀၀ ပြည့် နှစ်ထိတိုင် ဆိုနိုင်သော်လည်း ဥရောပတိုက်သားများအနက် ပေါ်တူဂီ တို့ဟာ ၁၅၁၉ ခုနှစ်မှ စ၍ ၁၅၉၉–၁၆၀၀ ပြည့်နှစ်တိုင် မြန်မာနိုင်ငံ တောင်ပိုင်းသံလျင်ဆိပ်ကမ်းကို စာချုပ်စာတမ်းများ ချုပ်ဆိုကာ စီးပွားရေး၊ စစ်ရေးနယ်ချဲ့ ကျူးကျော်ခြင်းဖြစ်ကြောင်း၊ ၁၆၁၂ ခုနှစ်၌ (မြန်မာသက္ကရာဇ် ၉၇၄ ခု၊ ပြာသိုလဆန်း ၄ ရက်) မဟာဓမ္မရာဇာမင်း အင်းဝဘုရင်က ရှမ်းပြည်အပါအဝင် နိုင်ငံတစ်နံတစ်လျားမှ လူသူလက်နက်စုဆောင်း၊ သံလျင်ကို ပြန်လည်သိမ်းပိုက်ရာတွင် သံလျင်မြို့တွင်းမှ မွန်အမတ်ကြီးက မြို့တွင်းဝင်ရောက်နိုင်ရေး စွန့်စားကူညီခဲ့ကြောင်း၊ မြန်မာ ရှမ်း မွန်တို့ရဲ့ ကနဦးစည်းလုံးခဲ့လို့ ပေါ်တူဂီတို့ ကျူးကျော်နယ်ချဲ့ခြင်း ရပ်တန့်သွားကြောင်း တွေ့ရှိရပါတယ်။ သို့သော် ပြင်သစ်နဲ့ အင်္ဂလိပ်တို့ဟာ မြန်မာနိုင်ငံအောက်ပိုင်းမှာ စီးပွားရေး ခြေကုပ်ရယူဖို့ ပုန်ကန်ထကြွတဲ့ဘက်ကို အင်္ဂလိပ်စစ်သင်္ဘောသုံးစင်းက မြန်မာတပ်များအား တိုက်ခဲ့တဲ့ကိစ္စဟာ စီးပွားရေး၊ စစ်ရေးနယ်ချဲ့ခြင်း ဆိုသည်သာမက မြန်မာတို့ စည်းလုံးညီညွတ်မှုကို ဖြိုခွဲခြင်းတစ်မျိုးဖြစ်ခဲ့ပါတယ်။ ၁၈– ၁၉ ရာစု နှစ်များအတွင်းမှာ ဗြိတိသျှနယ်ချဲ့တို့ဟာ ပေါ်တူဂီ၊ ပြင်သစ် တို့ထက် ခြေသွက်ကာ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး လက်နက် အားကိုးဖြင့် အဓမ္မဇွတ်အတင်း သိမ်းခဲ့ခြင်းဖြစ်ပါတယ်။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သီပေါမင်းကို နန်းချ၊ ဧရာဝတီ မြစ်ကြောင်းမှ သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်၊ ရန်ကုန်မှ တစ်ဆင့် မဒရပ်၊ ရတနာဂီရိသို့ ပို့လိုက်ပါတယ်။



မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

## မြင်ကွင်း(၃)

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ကေရီဘုရင်မမင်းမြတ်၏ အမိန့်အာဏာတော်အရ ကြေညာလိုက်သည်မှာ အထက် သီပေါမင်းအုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။ ၎င်းနိုင်ငံနယ်မြေများသည် အသျှင်ဘုရင်မမင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အသျှင်ဘုရင်မမင်းမြတ်ဘုရား အလိုတော်မြတ်ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဣန္ဒိယဘုရင်ခံမင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ်အရာရှိ ခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်"

**❖ ရှေးဟောင်းကိုလွမ်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်ကို တမ်းတ၊ အနောက်ကို မျှော်မှန်း၊ မျှော်ကိုးမျှော်ဆဲဆိုပြီး မြန်မာတို့ဟာ အကွဲကွဲအပြားပြားဖြစ်ကာ ဗြိတိသျှနယ်ချဲ့ဝါဒီရဲ့ အမှောင်ထုအောက်မှာ နှစ်ပေါင်းတစ်ရာကျော်ကြာ မျက်စိလည်လမ်းပျောက်ခဲ့ရပါတယ်။ သူ့ကျွန်ဘဝမရောက်အောင်၊ ခွန်နဲ့အား မမျှသည့်တိုင် ကျွန်တော်တို့ ဘိုးဘွားတွေ၊ အသက်သွေးချွေးပေးခဲ့ကြသူတွေကို ပို၍ ပို၍ အောက်မေ့ကြရလိမ့်မယ်**

ဟူ၍ အိန္ဒိယဘုရင်ခံ ဒတ်ဖရင်က လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည့် ကြေညာစာဟာ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ဇန်နဝါရီလ ၄ ရက် နေ့တွင် မန္တလေးမြို့၌ လည်းကောင်း နှစ်နေရာထုတ်ပြန်လိုက်ပြီးသည့်နောက် မြန်မာနိုင်ငံဟာ နယ်ချဲ့အင်ပါယာအတွင်းကျရောက် ကမ္ဘာပေါ်မှမြန်မာ့မြေပုံပျောက် ကျွန်သပေါက်ဘဝသို့ ရောက်ခဲ့ရပါတယ်။

၁၈၂၄ ခုနှစ်မှ ၁၉၂၄ ခုနှစ်ထိ နှစ်တစ်ရာ သမိုင်းကို အသေးစိတ်ပြန်လည်ဖတ်ရှုတဲ့အခါ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးမှုဟာ ယူကျုံးမရကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပါတယ်။ ၁၈၈၈ ခုနှစ်တိုင် ပြည်မတွင်သာမက ပြည်နယ်၊ ပြည်စွန်ပြည်ဖျားများ (Frontier Areas) မြန်မာနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းများပေါ်မှ ချင်းအမျိုးသားများ၊ လူရှိုင်းအမျိုးသားများ၊ စီယင်အမျိုးသားများ၊ ကချင်အမျိုးသားများကလည်း တွန်းလှန်တော်လှန်ခဲ့ကြတာ တွေ့ရပါတယ်။

ပုဂံမှ ဗိုလ်ချို၊ ပုပ္ပားမှ ဗိုလ်နက်ကျော်၊ ဝန်းသိုမှ စော်ဘွားကြီးဦးအောင်မြတ်၊ ရွှေဘိုမှ ထိပ်တင်မှတ်၊ ကျောက်ဆည်မှ ဗိုလ်သာကျန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ ဇီးပင်ကြီးမှ မြင်စိုင်းမင်းသား၊ ရှိမ္ဗကားမှ ဗိုလ်ရိုင်း၊ နတ်မောက်မှ ဗိုလ်မင်းရောင်တို့ဟာ လွတ်လပ်ရေးပြန်လည်ရရှိရေး လမ်းစကိုပြပေးခဲ့တဲ့ မီးရှူးတန်ဆောင် ယနေ့တိုင် မေ့မရတဲ့ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ပါတယ်။

သီပေါမင်းပါတော်မူပြီးနောက် အနီးအဝေး စော်ဘွားတို့ဟာ အင်္ဂလိပ်မင်းရဲ့ သစ္စာကို ခံခဲ့ကြသော်လည်း၊ စော်ဘွားကြီး ဦးအောင်မြတ်ကမူ ဗြိတိသျှတပ်တို့ကို ရင်ဆိုင်တိုက်ခိုက်သူ၊ စစ်ရေးကျွမ်းကျင်သူ၊ သူရသတ္တိနှင့်ပြည့်စုံသူ၊ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရယူလိုသူ၊ နိုင်ငံချစ်ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ပါတယ်။ သီပေါမင်းလက်ထက်မောရိယမဟာဝံသ သီရိဓမ္မရာဇာဘွဲ့ရရှိကာ ကသာခရိုင် ဝန်းသိုနယ်ကိုအုပ်ချုပ်၊ ပြည်သူအပေါင်းရဲ့ ကောင်းကျိုးများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝန်းသိုစော်ဘွားကြီးဟာ ၁၀၄ နှစ်တိုင် သက်တော်ရှည်ကာ မြန်မာ့လွတ်လပ်ရေးကို မြင်သွားရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အင်္ဂါနေ့ နံနက် ၂ နာရီတွင် တောင်ကြီးမြို့ ဟော်ကုန်းရပ် ဝန်းသိုနန်းတော်၌ ကွယ်လွန်သွားခဲ့ပါတယ်။

တိုက်ချွန်း ၊ ချင်းတော်လှန်ရေးခေါင်းဆောင်ကြွမ်ဘိစ်နဲ့ ချင်းတောင်တန်းအမျိုးသားတစ်စုဟာလည်း ဗြိတိသျှတို့ကို အားရှိသမျှ တွန်းလှန်တိုက်ခိုက်ခဲ့ပါတယ်။

## မြင်ကွင်း (၄)

တိုင်းတစ်ပါးသား လက်အောက်ရောက်ရပြီဆိုကတည်းက အုပ်ချုပ်သူတို့ရဲ့ နိုင်ငံသမိုင်း၊ နေမဝင် အင်ပါယာ ၊ သူတို့ရဲ့ သူရဲကောင်းများအား ချီးမွမ်းခန်းထုတ်ကာ ယူနီယံဂျက်အလံကို အလေးပြု သူတွေ၊ မကျေမချမ်း အလေးပြုသူတွေ ဖြစ်ပေါ်လာပါတော့တယ်။ ရှေးဟောင်းကိုလွမ်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်ကိုတမ်းတ၊ အနောက်ကို မျှော်မှန်း၊ မျှော်ကိုးမျှော်ဆဲဆိုပြီး မြန်မာတို့ဟာ အကွဲကွဲအပြားပြားဖြစ်ကာ ဗြိတိသျှနယ်ချဲ့ဝါဒီရဲ့ အမှောင်ထုအောက်မှာ နှစ်ပေါင်းတစ်ရာကျော်ကြာ မျက်စိလည် လမ်းပျောက်ခဲ့ရပါတယ်။ သူ့ကျွန်ဘဝ မရောက်အောင်၊ ခွန်နဲ့အား မျှသည့်တိုင် ကျွန်တော်တို့ ဘိုးဘွားတွေ၊ အသက်သွေးချွေးပေးခဲ့ကြသူတွေကို ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်။

ဗြိတိသျှနယ်ချဲ့တို့ဟာ အစအလယ်အဆုံး မြှောက်စားတစ်ဖုံ သွေးခွဲတစ်မျိုးနဲ့ ဖိနှိပ်ချုပ်ချယ်ခြင်း၊ "ကြိမ်လုံးနဲ့ ခါကြက်ဥ" (Stick and Carrot) ရေလဲသုံး သွေးခွဲအုပ်ချုပ် စနစ်ကျင့်သုံးခဲ့တာ မြန်မာတိုင်းရင်းသားအပေါင်းတို့ ကြုံခဲ့ရပါတယ်။ ဗြိတိသျှတို့ မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက် အိန္ဒိယနိုင်ငံ၌ ပြဋ္ဌာန်းခဲ့တဲ့ ၁၈၇၈ ခုနှစ် ဘိန်းအက်ဥပဒေကို ၁၉၀၉ ခုနှစ်တွင် မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေဟာ ကောင်းမွေထက် ဆိုးမွေအဖြစ် မြန်မာနိုင်ငံအတွက် 'ပိုက်ဘော' ပေးခဲ့တာပဲလို့ ခေတ်စကားနဲ့ ပြောရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် လူတစ်ဦးလျှင် ဘိန်း ၆ တိုလာ (၇၈ ဂရမ်)၊ ကချင်ပြည်နယ်တွင် လူတစ်ဦးလျှင် ဘိန်း ၂၅ တိုတာ (၂၉၂ ဂရမ်) လက်ဝယ်ထားခွင့်ပြုခဲ့တာကြောင့် လွတ်လပ်ရေးရသည့်တိုင် ပြည်နယ်စွန်တိုင်းရင်းသားတို့နေထိုင်ရာမှာ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုကို တွေ့မြင်ရပါတယ်။ ကမ္ဘာ့လူသားတို့အရေး ဘိန်းစိုက်ပျိုးမှုကို တိုက်ဖျက်ရာမှာ ယနေ့တိုင် ပြည်တွင်းသောင်းကျန်းမှုမျိုးစုံနဲ့ ရောယှက်နေတာကြောင့် တိုးတက်ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် မရောက်နိုင်ဖြစ်ခဲ့ရပါတယ်။

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မရနိုင်လောက်အောင်၊ ရှမ်းပြည်နယ်များ အက်ဥပဒေ (Shan States Art of 1888)၊ ကချင်တောင်တန်းလူမျိုးစုများ စည်းမျဉ်းဥပဒေ (Kachin Hill Tribes Regulation 1895)၊ ချင်းတောင်တန်း စည်းမျဉ်းဥပဒေ (Chin Hill Regulation 1896) ဆိုပြီး အုပ်ချုပ်မှုပုံစံအမျိုးမျိုး ကျင့်သုံးကာ ပြည်မနဲ့ ခွဲခြားထားခဲ့ပါတယ်။ ရှေးယခင်ကပင် 'ရခိုင်တိုင်းရှိ ဗမာများနှင့် တနင်္သာရီတိုင်းရှိ ဗမာများ' ဟူ၍လည်းကောင်း၊ 'တောင်ပေါ်ကလူရိုးများနဲ့ တောင်အောက်မြေပြန့်ကလူဆိုးများ' ဟူ၍လည်းကောင်း စနစ်တကျ သွေးခွဲခြင်းခံခဲ့ကြရပါတယ်။

၁၉၂၁ – ၁၉၃၇ ခုနှစ် ဒိုင်အာခီ (Diarchy) အုပ်ချုပ်ရေးဟာလည်း ပြည်မကို ဗဟိုပြု၊ တိုင်းရင်းသားဒေသတွေနဲ့ မဆိုင်သရောင်၊ ချန်လှပ်ထားကာ ပြည်မနဲ့ မပူးပေါင်းမိအောင် စီမံအုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ မြန်မာတို့ တိုင်းတစ်ပါးအောက် ရောက်ခဲ့ရပြီဆိုကတည်းက ရုန်းကန်ကြီးထွားလာခဲ့ရပုံတွေဟာ အခြားသောနိုင်ငံတွေနဲ့ မတူညီတဲ့ အဖြစ်တွေ့လာရပါတယ်။

ခါကာဘိုရာဇီတောင်ထိပ်မှသည် ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းကုန်းပြင်မြင့် စတဲ့ တောင်တန်းကြီးများ၊ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း၊ ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလှိုင်မြစ်စဉ်မြစ်ကြောင်း မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းရိုးတန်းအရေးတွေကို မျှော်တွေးမမြင်နိုင်လောက်အောင် မြန်မာပြည်သူတွေနဲ့ ခေါင်းဆောင်တွေဟာ ကြုံခဲ့ရပါတယ်။



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် နု– အက်တလီစာချုပ်ကို ဦးနုလက်မှတ်ရေးထိုးစဉ်။

## မြင်ကွင်း(၅)

မြန်မာဘုရင်များလက်ထက်မှာ နန်းတွင်းရေးအရှုပ်အထွေးတွေ ရှိခဲ့ပါတယ်။ ပြည်တွင်းက တိုင်းရင်းသားအရေးထိ ကျယ်ပြန့်လောက်အောင် မရှိခဲ့ကြောင်း၊ သက်ရောက်မှု ရှုပ်ထွေးမှု မရှိခဲ့တာကြောင့် စည်းစည်းလုံးလုံးရှိမှုကို တည်ဆောက်နိုင်ခဲ့ပါတယ်။ အတိတ်သမိုင်းကို ရှာပုံတော်ခရီး စူးစမ်းလေ့လာခြင်းဟာ အမှန်တွေဟု လက်ခံယုံကြည်ရင် လျှောက်လှမ်းဖို့နဲ့ တိမ်းစောင်းယိမ်းယိုင် မှားယွင်းခဲ့ရင်လည်း ဒုတိယမွိ မမှားဖို့ဘဲဖြစ်ပါတယ်။

နှစ်ပရိစ္ဆေဒ ကြာညောင်းစွာ အေးအတူ ပူအမျှ အတူတကွနေလာကြတဲ့ တိုင်းရင်းသားအပေါင်းဟာ ၁၉၀၀ ပြည့်နှစ်များမှာ လွတ်လပ်ရေး ပြန်လည်ရယူနိုင်ဖို့ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ အသင်းချုပ်ကြီးများ၊ ထိုမှတစ်ဆင့် တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ရဲဘော်သုံးကျိပ် ထိုမှတစ်ဆင့် ဗမာနိုင်ငံအပါအဝင် အာရှတောင်ပိုင်းဒေသများကို စည်းရုံးသိမ်းသွင်းနိုင်ရေး မီနာမီကီကန် (Minami Kikan) ကို ဖွဲ့စည်းခဲ့ခြင်း၊ ထိုအဖွဲ့မှာ ကာနယ်ဆူဇူကီးနဲ့ အောင်ဆန်းတို့ ရေးဆွဲတဲ့ စီမံကိန်းအရ စစ်ရေးလေ့ကျင့်မှု၊ ရဲဘော်သုံးကျိပ် ပြည်တော်ပြန်တို့ရဲ့ အံ့မခန်း ကြိုးပမ်းမှုအားလုံးဟာ "ဗမာ၊ ငါတို့ ဗမာ သခင်မျိုး ဟော့ဒို့ဗမာ" ဟု အမည်နာမတပ် ကြွေးကြော်တော်လှန်ခဲ့ရာမှာ တောင်ပေါ်မြေပြန့် တစ်မျိုးသားလုံးရဲ့လွတ်လပ်ရေး မြန်မာ့လွတ်လပ်ရေးဖြစ်ပါတယ်။ အလွန်တရာ ကြမ်းတမ်းခက်ထန်တဲ့ ခရီးရှည်ကြီးကို ဆင်းရဲဒုက္ခကိုမမှု၊ ညည်းညူခြင်းမရှိ၊ ဇွဲသတ္တိဖြင့် အသက်သွေးချွေးတွေပေးခဲ့တဲ့ စွန့်စားမှုကြီးများဟာ ဂုဏ်ယူလို့မဆုံးနိုင်တဲ့ မြန်မာတို့ရဲ့ ဇာတိမာန်မော်ကွန်းများဖြစ်ပါတယ်။ ဒီလိုနဲ့ ၁၉၄၆ ခုနှစ်၊ ဇွန်လထဲမှာ ဆာဟူးတ်ရန့်ဘုရင်ခံရဲ့ လိုက်လျောမှု ကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ ယာယီအစိုးရအဖွဲ့ရဲ့ ဒုတိယ ဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။

ယနေ့ခေတ် လူကြီးလူငယ်အပေါင်းဟာ အတိတ်သမိုင်းကြောင်းကို စေ့စေ့တွေးလေ လွတ်လပ်ရေးရဖို့ မည်မျှခက်ခဲကြောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်ကာလကို ကြည့်ရင်သိမြင်နိုင်ပါတယ်။ အောင်ဆန်း – အက်တလီ စာချုပ်ကို လေ့လာရင် မလွယ်ကူလှကြောင်း၊ အောင်ဆန်း – အက်တလီ စာချုပ်ဟာ နယ်နယ်ရရမဟုတ် နှလုံးရည်ဆိုင်ရာ ဆွေးနွေးပွဲကဲ့သို့ ရှုမြင်နိုင်ပါတယ်။

ဗြိတိသျှပါလီမန်မှာ နန်းရင်းဝန် ကလင်းမင့်အက်တလီနဲ့ သခင်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အခြေအတင်ဆွေးနွေးရာမှာ အထူးအလေးထားပြီး ဆောင်ရွက်ရမည့် ကဏ္ဍကြီးသုံးရပ်ရှိကြောင်း တွေ့ရပါတယ်။ ဒါတွေဆောင်ရွက်ဖို့ တာဝန်တွေနဲ့ ကတိကဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေထိ အသေးစိတ်ရေးဆွဲထားတဲ့ စာချုပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပထမကဏ္ဍက ဖွဲ့စည်းအုပ်ချုပ်ပုံ အဆောတလျင်ရေးဆွဲရေးနဲ့ ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့အား စီမံအုပ်ချုပ်မှု အာဏာလွှဲပြောင်းရေးဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင်ချုပ်ဆိုခဲ့ရာမှာ ထိုနှစ် ဧပြီလတွင် ရွေးကောက်ပွဲကျင်းပရန်၊ အခြားအရေးကြီးတဲ့ အချက်တစ်ခုကတော့ နယ်စပ်ဒေသ (Frontier Areas) ရှိ တိုင်းရင်းသားများဟာ မြန်မာပြည်မနှင့် ပူးပေါင်းလိုသည်၊ မပူးပေါင်းလိုသည်ကို ဆန္ဒခံယူရန်ဆိုတဲ့ကိစ္စမှာ လွန်စွာအကျပ်အတည်း ဖြစ်စေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း စိတ်ကုန်လောက်အောင် ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ဗြိတိသျှတို့ဟာ လွတ်လပ်ရေးပေးရခါနီးမှာပင် တောင်တန်းဒေသများ (Frontier Area) ကို ချန်လှပ်ထားလိုခဲ့ပါတယ်။ မြန်မာပြည်မနှင့် တိုင်းရင်းသားများ ပူးပေါင်းလိုသည်၊ မပူးပေါင်းလိုသည်ကို ဆန္ဒယူရန်ဆိုတဲ့ အချက်ဟာ အချိန်ဆွဲခြင်း၊ ပြည်မနှင့်မပူးပေါင်းလိုဟုဆိုပါက ဗြိတိသျှတို့က ဆက်လက်အုပ်ချုပ်လိုမှုဆိုတာ ထင်ရှားပါတယ်။

ဗြိတိသျှပါလီမန် အတိုက်အခံ ဆာဝင်စတန်ချာချီရဲ့ တုံ့ပြန်ဆွေးနွေးချက်တွေဟာ မြန်မာကိုယ်စားလှယ်များအပေါ် ဇဝေဇဝါ ဂယက်ရိုက်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အင်္ဂလိပ်နန်းရင်းဝန် မစ္စတာအက်တလီတို့ ရေးဆွဲတဲ့ အောင်ဆန်း– အက်တလီ စာချုပ်ကို ဂဠုန်ဦးစောနဲ့ သခင်ဗစိန်တို့က လက်မှတ်မထိုးကြောင်း တွေ့ရပါတယ်။ ဒီမှာတင် မြန်မာကိုယ်စားလှယ်အဖွဲ့အတွင်း မညီညွတ်တဲ့ လက္ခဏာပေါ်လာပါတယ်။

သမိုင်းကို ပြန်ဆန့်ကြည့်ရင် ပုဂံခေတ်မှာ မြန်မာ၊ ကုန်းဘောင်ခေတ်မှာ ဗမာ၊ ဗြိတိသျှခေတ်မှာ ဘားမား၊ ဂျပန်ခေတ်မှာ ဘီရုမာ မည်သို့ပင်ခေါ်ခေါ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နဲ့ ရှမ်းတို့ဟာ မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ်ပရိစ္ဆေဒများစွာကတည်းက အေးအတူ ပူအမျှ အတူတကွ ဒီမိုးဒီရေဒီမြေမှာနေလာခဲ့တဲ့ သမိုင်းကြောင်း သံယောဇဉ်တွေဟာ ကြီးမားခဲ့တာကြောင့် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့တကွ ကချင်၊ ချင်း၊ ရှမ်းစသော အမြော်အမြင်ကြီးသူများရဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦး တို့ဟာ တစ်စည်းတစ်လုံးနေထိုင်ကာ လွတ်လပ်ရေးအရယူမည်ဟူသော သန္နိဋ္ဌာန်နဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တစ်တိုင်းတစ်ပြည်လုံး လွတ်လပ်ရေးရပြီး ကိုယ့်ကြမ္မာကိုဖန်တီးနိုင်ဖို့ ကြီးမားတဲ့ဆုံးဖြတ်ချက်ချနိုင်တဲ့ မော်ကွန်းဝင်မှတ်တိုင်ကြီး ဖြစ်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**❖ သမိုင်းကို ပြန်ဆန့်ကြည့်ရင် ပုဂံခေတ်မှာ မြန်မာ၊ ကုန်းဘောင်ခေတ်မှာ ဗမာ၊ ဗြိတိသျှခေတ်မှာ ဘားမား၊ ဂျပန်ခေတ်မှာ ဘီရုမာ မည်သို့ပင်ခေါ်ခေါ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နဲ့ ရှမ်းတို့ဟာ မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ်ပရိစ္ဆေဒများစွာကတည်းက အေးအတူ ပူအမျှအတူတကွ ဒီမိုးဒီရေဒီမြေမှာနေလာခဲ့တဲ့ သမိုင်းကြောင်းသံယောဇဉ်တွေဟာ ကြီးမားခဲ့တာကြောင့် ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့**

# ကျန်းမာရေးသတိ

ဆရာမဲဇာ

**"ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်လာသောအခါ "တစ်ကိုယ်ရေ ကျန်းမာရေးသတိ" သည် အသက်တမျှ အရေးကြီးလာပါ၍ နှာခေါင်းစည်းတပ်ဖို့ လက်ဆေးဖို့ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာ၍ နေဖို့ လူစုလူဝေးထဲ မသွားဖို့ ကိစ္စရပ်များသည် မေ့၍မရ။ မေ့သည့်အချိန်၊ သတိလွတ်သွားသည့် အချိန်တွင် မမြင်ရသော ရောဂါပိုးသည် အလွယ်တကူ လေထဲမှဝင်ကာ သေသည်အထိ ဒုက္ခပေးနိုင်"**

အသက်အရွယ်နှင့် အတွေ့အကြုံအပေါ်မူတည် ၍ လူတိုင်းမှာ ဗဟုသုတရှိကြပါသည်။ Trial and error ခေါ် "စမ်းမှား" အတွေ့အကြုံများမှာ မွေးလာကတည်းကရှိခဲ့၏။ ပက်လက်နေရာက မှောက်ဖို့ကြိုးစားနေသော ကလေးတစ်ဦးကိုကြည့်လျှင် အကြိမ်ကြိမ် ကြိုးစားနေရကြောင်း တွေ့နိုင်ပါသည်။ တစ်ကြိမ်စမ်းသပ်၍ မှောက်ကြည့်သည်။ မရ။ နှစ်ကြိမ် သုံးကြိမ် အကြိမ်ကြိမ် စမ်းသပ်ကြည့်ပြီးမှ ကျော်လွှားရသော ကျွမ်းကျင်မှုဖြစ်ပါသည်။ မှားမှာကြောက်၍ မမှောက်ဘဲပြုလျှင် တစ်သက်လုံး ပက်လက်နေသွားရဖို့သာ ရှိလေသည်။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ကြိုးစားအားထုတ်မှုများသည် အရိပ်တကြည့်ကြည့် နေရသော လက်ဦးဆရာမိဘတို့၏ စောင့်ရှောက်ခြင်းကြောင့် ပို၍အားရှိလာ၊ ပို၍ကြိုးစားလာကြရပါသည်။ ထိုင်ရာမှ မတ်တတ်ရပ်ဖို့ ကြိုးစားလာသောအခါတွင် ဘေးနားမှာနေ၍ "ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့" ဟု လက်ခုပ်လက်ဝါးတီးကာ အားပေးနေခဲ့သော မိဘဆွေမျိုးများကြောင့် အောင်မြင်မှုရလဒ်များကို အတွေ့အကြုံအဖြစ် စတင်ခံစားမိစေပါသည်။

### အတ္တ-ပရ မျှတမှုအပေါ် အခြေခံ

မွေးကင်းစမှ အဆင့်ဆင့်ဖွံ့ဖြိုးမှုဖြစ်စဉ်(Mile stones) များသည် ကလေးတိုင်း မဖြစ်မနေဖြတ်သန်းခဲ့ရသော်လည်း တစ်ကိုယ်တည်း အထီးကျန်ရုန်းကန်ရသော ကလေးငယ်နှင့် လူ့အသိုင်းအဝိုင်းမှ ထောက်ကူအားပေးခံရသော ကလေးငယ်မှာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုချင်းကွာသည်။ "Sense of Community" ခေါ်သည့် လူ့အဖွဲ့အစည်းကြောင့် အားရှိသောခံစားချက်နှင့်အတူ အပြန်အလှန် အကျိုးပြုမှု (Interdependence) နှင့် လူမှုတာဝန်များကို တဖြည်းဖြည်းနားလည်လာခဲ့လေသည်။ အထူးသဖြင့် အရှေ့တိုင်းယဉ်ကျေးမှုသည် "အတ္တ-ပရ မျှတမှု" အပေါ် အခြေခံသဖြင့် တစ်ကိုယ်ကောင်းဆန်ဆန် လွတ်လပ်လွန်းစွာ ကြီးပြင်းလာသော အနောက်တိုင်းသားများနှင့် ကွဲပြားမှုများရှိလာပါသည်။

"သင့်လက်ကို လွတ်လပ်စွာလှုပ်ရှားနိုင်ပါသည်။ သို့သော် သူများနှာခေါင်းကို မထိခိုက်မိအောင် သတိထားဖို့လိုပါသည်" ဟူ၍ ထိန်းချုပ်နေရခြင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အကြိမ်ကြိမ်ကြုံနေရလေသည်။

"နှာခေါင်းစည်းမတပ်ဘူး"၊

"ကာကွယ်ဆေးမထိုးဘူး"၊

"အိမ်ထဲမှာပဲ Stay at home မနေဘူး" ဟူသော ကြွေးကြော်သံများ၊ ဖီဆန်မှုများနှင့်အတူ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူပေါင်းသန်းရှစ်ဆယ်လောက် ကူးစက်ခံရပြီး လူရှစ်သိန်းခန့် သေခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယနေ့ထက်တိုင် လူ့အခွင့်အရေးပေတံနှင့်တိုင်းတာ၍ ကူးစက်ရောဂါတားမြစ်ရေးဆိုင်ရာ စည်းကမ်းဥပဒေများကို တမင်သက်သက်ဆန့်ကျင်ကြလျက်ရှိ၏။ အသိပညာမဲ့၍မဟုတ်။ "လွတ်လပ်လွန်းသော တစ်ကိုယ်ကောင်းစိတ်" ကို ထိပါးလာသည်ဟု ခံစားကြရသောကြောင့်ဖြစ်ပါသည်။

"သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်သည်" ဟူ၍သာ ဆိုရပေတော့မည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သော အသိပညာများသည် မိမိတို့ကိုယ်တိုင် ကျန်းမာဖို့၊ မိမိတို့ လူ့အဖွဲ့အစည်း မထိခိုက်အောင် တာဝန်ယူဖို့ကိစ္စများတွင် အသုံးချရန် သတိမရှိကြတော့သည်ကို တွေ့နေရ၏။ အမေရိကန်တို့နည်းတူ ဥရောပတိုက်မှ နိုင်ငံကြီးတော်တော်များများတွင်လည်း ထိုနည်းအတိုင်းပင်။ ကပ်ရောဂါကျရောက်လာခဲ့သည်မှာ နှစ်နှစ်ကျော်လာပြီဖြစ်သော်လည်း တစ်ကိုယ်ကောင်းဆန်လှသော လူသားများကြောင့် ပို၍ပို၍ဆိုးလာနေ၏။




နိုင်ငံတိုင်းအတွက် အမျိုးသားရေးတာဝန်၊ ကမ္ဘာသားတိုင်းအတွက် "ကမ္ဘာ့အရေးတာဝန်" များကိုဦးစားပေး ခွဲဝေထမ်းဆောင်ကြခြင်းမရှိသရွေ့ ကပ်ရောဂါဝဲဂယက်ထဲတွင် စုံးစုံးမြုပ်ကြဖို့ရှိပါသည်။

ကျန်းမာရေးအသိများ ရှိကြသော်လည်း ကျန်းမာရေးသတိမရှိကြခြင်းသည် အခြေခံအကြောင်းရင်းပင်ဖြစ်တော့၏။

- ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ကူးစက်တတ်ကြောင်း သိကြ၏။ သို့သော် သတိမရှိ။
- ဗိုင်းရပ်စ်ပိုးသည် လေထဲတွင်ပျံ့နှံ့ကြောင်း သိ၏။ သို့သော် နှာခေါင်းစည်းကို စနစ်တကျ တပ်ဖို့ သတိမရှိ။
- ရောဂါမကူးရန်အတွက် လူတစ်ယောက်နှင့်တစ်ယောက် ခြောက်ပေလောက်ခွာ၍နေရမည်ကိုသိ၏။ သတိမရှိ။
- လက်ကိုဆပ်ပြာနှင့် ရေသန့်သန့်ဖြင့် ဆေးခြင်းဖြင့် ရောဂါပိုးအကူးမခံရရန် ကာကွယ်နိုင်ကြောင်းသိ၏။ သတိမရှိ။

### သတိမရှိသူသည် သေသည်နှင့်တူ၏

"သတိမရှိသူသည် သေသည်နှင့်တူ၏" ဟူသည့် ဆုံးမစကားသည် ကိုဗစ်-၁၉ ကပ်ရောဂါ ခေတ်တွင် တကယ်ဖြစ်လာ၏။ သေလူနှင့်တူရုံမက ကိုဗစ်-၁၉ ရောဂါကူးခံရ၍ မုချသေသွားသူများမှာ ခြောက်သန်းနီးပါးရှိသွားပေပြီ။

"အပ္ပမာဒေန သမ္ပာဒေထ" ဟု ဘဝနေနည်းလမ်းညွှန်ချက်သည် ဗုဒ္ဓဘာသာဝင်များမှသာမဟုတ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့်ဆိုင်၏။ "သတိ"ကို တည်ဆောက်ဖို့အတွက် ဘာသာအမျိုးမျိုးမှာ နည်းလမ်းအမျိုးမျိုးရှိကြပါသည်။

ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရပြီး မသေလျှင်လည်း စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများ ကာလတာရှည်ခံစားရ၏။ ရောဂါမရသည့်တိုင် ကပ်ရောဂါဟုသိရသည့်အချိန်မှစ၍ ယနေ့အထိ စိုးရိမ်စိတ်များဖြင့်နေကြရ၏။ ထိုအခါကျမှ " သတိ" ကို ဖြစ်စေမည့် နည်းလမ်းများအကြောင်းကို ဆိုရှယ်မီဒီယာများထဲတွင် ပလူပျံနေအောင်တွေ့ရ၏။ ကောင်းသောအကြံပြုချက်များဖြစ်၍ သာဓုခေါ်ပါ၏။

သို့သော် "သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များ"ကို တစ်နေ့တစ်ရက်နှင့် ထူထောင်၍မရ၊ ဆေးမြီးတိုမဟုတ်ကြောင်း လက်တွေ့လုပ်ကြည့်မှ သိနိုင်ပေလိမ့်မည်။ အချိန်ယူရ၏။ အားထုတ်အလုပ်လုပ်မှရ၏။

### ဆောင်သုံးဆောင်

ကျန်းမာလိုသူများအတွက် "ဆောင်သုံးဆောင်" အဖြစ် အကြံပြုထားသည့် အချက်သုံးချက်တွင် အခြေခံကျသော "မျှတသောအာဟာရကို သုံးဆောင်ခြင်း"သည် လွယ်မယောင်နှင့်ခက်ပါသည်။ မည်သည့်အစားအစာသည် မည်မျှအာဟာရရှိပြီး မည်ကဲ့သို့သုံးဆောင်ရမည်ကို ပညာပေးထားသည်မှာ ပြည့်လျှံနေသော်လည်း လက်တွေ့တွင် မိမိတို့ လက်လှမ်းမမီနိုင်သော ကိစ္စရပ်များ၊ မိမိတို့ကိုယ်တိုင် မဖြေရှင်းနိုင်သောကိစ္စရပ်များရှိပါ၏။

ယာခင်းထဲမှစ၍ ထမင်းပန်းကန်ထဲအထိ စားသုံးသူဖြစ်သော မိမိတို့ကိုယ်တိုင်မသိသော ကိစ္စများမှာ များပြားလှပါသည်။ ထိုအထဲတွင် ဥပမာတစ်ခုအနေဖြင့် စံကိုက်အလေးတင်းတောင်း၊ အိုးခွက်ပန်းကန်၊ ဇွန်း စသည်တို့၏ အရေးပါမှုကို "ဒုတိယသာလွန်" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားထားခဲ့ပြီးဖြစ်ပါသည်။

ကိုယ့်အားကိုယ်ကိုး၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သော အချက်နှစ်ချက်ကိုမူ ကြိုးစားဆောင်ရွက်စေချင်ပါသည်။ "ကိုယ်လက်လှုပ်ရှား အားကစားလုပ်ဆောင်ခြင်း" နှင့် "သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များကို လုပ်ဆောင်ခြင်း" များသည် အချိန်အခါ အခြေအနေမရွေး ဆီလျော်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ဖြစ်၍ မမေ့မလျော့ ဆောင်ရွက်ဖို့လိုပါသည်။

ထင်းခွေရေခပ်ခြင်း၊ ခြေလျင်တောင်တက်ခရီးသွားခြင်းတို့အပြင် ရှေးရိုးအစဉ်အလာ ကိုယ်ခံပညာများ ပုံမှန်လေ့ကျင့်ခြင်းအထိ အားကစားလုပ်ငန်းအဖြစ်လည်းကောင်း၊ နိစ္စဓူဝတာဝန်အဖြစ်လည်းကောင်း အကျိုးရှိရုံမက ကိုယ်လက်ကြံ့ခိုင်မှုနှင့် တွဲ၍ စိတ်ဓာတ်ကြံ့ခိုင်မှု ထူထောင်ခြင်းကိုပါ ပြုလုပ်ပြီးသားဖြစ်၍သွားလေသည်။ အိမ်မှုကိစ္စရေးဆောင်ရွက်ခြင်းနှင့် စိတ်ကျင့်စဉ်များကိုတွဲ၍ အမြဲပြုလုပ်ခြင်းဖြင့် အဆင့်မြင့်သော ပုထုစဉ်ဘဝမှ မိမိတို့အလိုရှိရာ ကမ္မဋ္ဌာန်း၊ ဝိပဿနာများ၊ အလုပ်များအတွက် ဆရာကောင်းများ၏ လမ်းညွှန်ချက်ကို အလွယ်တကူ နားလည်လုပ်ဆောင်နိုင်ကြောင်း သာဓကများစွာရှိပါသည်။

တောင်မြို့ မဟာဂန္ဓာရုံကျောင်းတွင် စာသင်သားများအတွက် စည်းကမ်းချက်ချမှတ်ထားရာမှာ "စိတ်ကောင်းရှိဖို့က ပထမ" ဟု တိကျစွာ ဦးစားပေးထားပါသည်။ လွန်ခဲ့သော နှစ်ပေါင်းငါးရာအတွင်း "စိတ်ကောင်းမရှိသော ပညာတတ်များ" ၏ လက်ထဲတွင် အလွဲသုံးလိုက် သော သိပ္ပံပညာရပ်များ ကြောင့် ကမ္ဘာလောကကြီးသည် ပျက်စီးလုမတတ် ဖြစ်ခဲ့သည်ကို သင်ခန်းစာယူသင့်၏။ ရာသီဥတုပျက်စီးပြောင်းလဲခြင်းနှင့် ကပ်ဆိုးများ ကျရောက်ခြင်းဖြစ်ရပ်များမှာ "တစ်ကျော့နှစ်ကျော့တေးကိုသီ" ဖြစ်နေသည်ဟုဆိုရမလိုပင်။

### ကျန်းမာရေး သတိရှိရပါမည်

ထိုအခြေအနေများကို ရင်ဆိုင်ဖို့ အသိပညာရှိရုံနှင့် မလုံလောက်ဘဲ ကျန်းမာလိုလျှင် ကျန်းမာရေး သတိရှိရပါမည်။ ထိုသတိကိုဖြစ်စေမည့်စိတ်ကို ကောင်းနေစေရန် နည်းလမ်းအမျိုးမျိုးသုံး၍ ကျင့်ကြံလုပ်ဆောင်ရပါသည်။ ဒုစရိုက်ဆယ်ပါးကို မမှားစေရန်၊ ကံသုံးပါးလုံးမှ လုံခြုံစေရန်မှာ အခြေခံအကျဆုံး "စိတ်ကောင်းရှိဖို့က ပထမ" ဖြစ်ပြီး ထိုစိတ်ကောင်းကို အခြေပြုကာ ဝစီကံ၊ ကာယကံ အမှုတို့ကို သတိထား၍ ပြုလုပ်သွားခြင်းဖြင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်းတို့ကို ဖြစ်ပေါ်စေမည်မှာသေချာ၏။

*စာမျက်နှာ ၂၂ သို့*

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော်  ဖေဖော်ဝါရီ ၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ SYRINGE ၂၇၀၀ ခု၊ ဆေးဝါးမျိုးစုံ ၂၀ စုစုပေါင်း ၃၈၈၀၉ ဒသမ ၀၈ KG တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အများအားဖြင့် သာယာမည်

နေပြည်တော်  ဖေဖော်ဝါရီ ၇

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းမည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၂-၂၀၂၂ | အင်္ဂါနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၅ | ပြည်ထောင်စုအလံသယ်ဆောင်မှု တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၀:၄၅ | စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ဆံရစ်ဝိုင်းတို့ကွန်းခိုရာဌာနေ' |
| ၁၁:၁၀ | စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုဇာတ်လမ်း 'ညီညီညွတ်ညွတ်' |
| ၁၁:၃၅ | စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုတေး |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၀ | စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ရွှေမြည်အမရသာပေစွ' |
| ၁၅:၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း |
| ၁၆:၃၅ | ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ |
| ၁၇:၁၀ | စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအက |
| ၁၇:၃၀ | စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် |
| ၁၇:၄၅ | စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုတေး |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၄၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၃၃) |
| ၂၂:၀၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်' |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:02 | Union Blood (Pann Nu Yin, Pann Su Thwin) |
| 07:07 | Products of Myanmar - Kachin Traditional Knife |
| 07:18 | Journey To The Mogok (Part-2) |
| 07:44 | Making a Living as Horticulturist |
| 08:01 | Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1) |
| 08:35 | Yay Pyan Taung Waterfall |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Lativia Pavilion at Expo 2020 Dubai |
| 09:34 | Dances of Myanmar: Tai Khun or Gon Traditional Dance |
| 09:38 | Family of Toys |
| 10:01 | Designer Ya Tu |

**MRTV NRC**

**ပအိုဝ်းရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပြည်ထောင်စုအလံသယ်ဆောင်မှု တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရေကညွတ်ဟင်း

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်ရေးမယ်တို့ချင်းစာ(အပိုင်း-၅၀)

**ချင်း (ဖျုံး) (၁၀:၀၀ မှ ၁၁:၀၀)**
ဘုံတလာရေတံခွန်အကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပညာရပ်များစွာဆည်းပူးလေ့လာ MRTVကျောင်းတော်မဟာ(အပိုင်း-၄)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ပန်လုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အလှပြာဝေမနောမြေ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပျားမွေးမြူရေး

**MRTV PARLIAMENT**

| | |
|---|---|
| ၀၅:၅၅ | အဖွင့်၊အလံ |
| ၀၆:၀၀ | ပြည်ထောင်စုအလံသယ်ဆောင်မှု တိုက်ရိုက် (LIVE)ထုတ်လွှင့်ခြင်း |
| ၁၀:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(တောင်ကိုရီးယားနိုင်ငံ) (အပိုင်း-၁) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို နေ့တနင်္ဂနွေမှအစ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊


မြန်မာ့အသံ ရေဒီယို
နံနက် (၅:၃၀) နာရီ မှ ည (၁၁:၀၀) နာရီအထိ
SW 5985 kHz / 9730 kHz
မြန်မာပြည် (အောက်ပိုင်း) MW 576 kHz
မြန်မာပြည် (အလယ်ပိုင်း) MW 594 kHz
မြန်မာ့အသံရေဒီယိုအစီအစဉ်များအား FM စနစ်ဖြင့် မြို့ကြီး (၈၅) မြို့တွင် ဖမ်းယူရရှိနိုင်ပါသည်၊

Myanma Radio
(7:00) AM to (11:00) PM
FM Radio: Yangon 94.6 MHz | Pyinmana 101.7 MHz | Sagaing 99.0 MHz

ပဉ္စမ ရေဒီယို
နံနက် (၇:၀၀) နာရီ မှ မွန်းတည့် (၁၂:၀၀) နာရီ အထိ
ညနေ (၄:၀၀) နာရီ မှ ည (၉:၀၀) နာရီ အထိ
ရန်ကုန်နှင့်အနီးတစ်ဝိုက် FM 99.6 MHz
မြန်မာပြည်အလယ်ပိုင်း MW 711 kHz

တိုင်းရင်းသား ဘာသာ အစီအစဉ်
နံနက် (၆:၀၀) နာရီ မှ ည (၈:၃၀) နာရီအထိ
ကချင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ဖျုံး)၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကိုးကန့်၊ ပအိုဝ်း၊ မန
SW 5915 kHz
နံနက် (၆:၀၀) နာရီ မှ ည (၇:၀၀) နာရီအထိ
ကယား၊ ကယန်း၊ ဓနု၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်
MW 729 kHz


## ယနေ့စျေးကွက်ပေါက်စျေးများ

၇-၂-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၈၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၇၆၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၈၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၇၆၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၆၀/၁၆၇၀ ကျပ် | ၁၆၇၅/၁၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၇၀/၁၆၈၀ ကျပ် | ၁၆၉၅/၁၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၃၀/၁၆၄၅ ကျပ် | ၁၆၆၀/၁၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၈၅/၁၇၁၅ ကျပ် | ၁၈၀၀/၁၈၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၈၇၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၉၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၃ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၃၅၁ | ၂၈၈၃၂၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၃၂၁ | ၉၆၃၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၈၀ | ၆၄၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၆၀၀ | ၆၀ | ၁၅၅၀၀၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၄၀၀ | ၁၁၂၀၀၀၀ |
| AHP | ၄၉၀၀ | ၅၄၀၀ | ၃ | ၁၅၇၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

❖ *ကျောဖုံးမှ*

လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ည မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိစဉ် မသင်္ကာဖွယ် အမျိုးသား သုံးဦးမှာ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းသော်လည်း ရပ်တန့်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်ရန် ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ ခင်ဘန်းကျေးရွာနေ **ညီညီ**(၂၈)နှစ်အား အသံတိတ်ပြောင်းပါ GLOCK ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၀ တောင့်နှင့်အတူ အခင်းဖြစ်ပွားသည့်နေရာတွင် အသေဖမ်းဆီးရမိခဲ့ပြီး သဲတောလေးကျေးရွာနေ **ကျော်သက်**(၃၀)နှစ်နှင့် **နှင်းမောင်** (၃၆) နှစ်တို့ နှစ်ဦးအား တူရကီနိုင်ငံထုတ် ပစ္စတို တစ်လက်၊ ၅ လုံးပြူး တစ်လက်၊ ပွိုင့် 38 ကျည် အတောင့် ၂၀၊ ၉ မမ ကျည် ၆၆ တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃၀ ရက်တွင် ဝမ်းတွင်းမြို့နယ် ညောင်ပင်ရပ်နေ **သန့်ဇင်ထွန်း(ခ)ကိုဦး** (၃၂)နှစ်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်သက်**၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃၁ ရက်တွင် ဝမ်းတွင်းမြို့နယ် အင်းယင်းကျေးရွာအနီးရှိ ဖမ်းဆီးရန်ကျန်တရားခံ **ထွန်းနိုင်** ပိုင်ဆိုင်သည့် လယ်ကွင်းအတွင်းမှ လက်လုပ်ဗုံး သုံးလုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ **နှင်းမောင်** ၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၂ ရက်တွင် ဝမ်းတွင်းမြို့နယ် အမှတ်(၁)ရပ်ကွက်၌ **ငြိမ်းချမ်းဝင်း** ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ **ကျော်သက်**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာနေ **ရဲရင့်သူ** နှင့် **လှိုင်စန်းဦး** တို့ နှစ်ဦးကို လက်လုပ်ဗုံး တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ တစ်ရွာတည်းနေ **မျိုးဝင်းသန့်** ကို လက်လုပ်ဗုံး နှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ရှစ်ဦးကို လက်နက်ငယ်မျိုးစုံ သုံးလက်၊ ကျည်မျိုးစုံ ၉၆ တောင့်၊ လက်လုပ်ဗုံး ခြောက်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **နှင်းမောင်** သည် ကျင်းရွာနေ ဖမ်းဆီးရန်ကျန် တရားခံ **နန်းခိုင်** ၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းရွာနှင့် နေပူကုန်းကျေးရွာကြားရှိ သဲချောင်းတွင် လည်းကောင်း၊ **ကျော်သက်** သည် **နှင်းမောင်** ၏ ချိတ်ဆက်ပေးမှုဖြင့် ဩဂုတ်လတွင် ဝမ်းတွင်းမြို့နယ်၊ ဟစ်တော်မူစေတီအနီး၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ **ရဲရင့်သူ** နှင့် **လှိုင်စန်းဦး** တို့ နှစ်ဦးသည် **မျိုးဝင်းသန့်** ၏ ချိတ်ဆက်မှုဖြင့် အောက်တိုဘာလ (တတိယပတ်) တွင် တမာကုန်းကျေးရွာ အနောက်ဘက် တောစပ်အနီးတွင် **ထွန်းနိုင်** နှင့် **နှင်းမောင်** တို့ နှစ်ဦးမှ အကြမ်းဖက်သင်တန်းအား သင်ကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အကြမ်းဖက်ဖောက်ခွဲ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ WTRF အကြမ်းဖက်အဖွဲ့ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ဖမ်းဆီးရန်ကျန် ဝမ်းတွင်းမြို့ (၁) ရပ်ကွက်နေ၊ ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်** မှဖွဲ့စည်းခဲ့ပြီး တရားခံ **ငြိမ်းချမ်းဝင်း** သည် ဆေးကုသရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ WTRF အကြမ်းဖက်အဖွဲ့အတွက် လိုအပ်သော လက်လုပ်မိုင်း/ ဗုံးများအား ဟစ်တော်မူစေတီအနီး၌ ကျင်းရွာနေ ဖမ်းဆီးရန်ကျန် တရားခံ **သန့်ဇင်ဖြိုး** နှင့် **ရန်အောင်** တို့မှ ပြုလုပ်၍ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ **နှင်းမောင်** ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန် တရားခံ **နန်းခိုင်** ၏ ချိတ်ဆက်ပေးမှုဖြင့် အောက်တိုဘာလတွင် မြင်းခြံမြို့နေ ဖမ်းဆီးရန်ကျန်တရားခံ **ဗလကြီး** ထံမှ ပစ္စတိုနှစ်လက်နှင့် ၎င်းကျည် အတောင့် ၅၀ ကို လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်** ထံမှ ငါးလုံးပြူးသေနတ် တစ်လက်၊ ကျည် ၂၆ တောင့် တို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့် –

– ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်** ၏ စေခိုင်းမှုဖြင့် **နှင်းမောင်၊ ကျော်သက်** နှင့် သဲတောလေးကျေးရွာနေ **လွင်အောင်ဆင့်** တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ်၊ ဖလန်ကျင်းကျေးရွာအနီးရှိ Mytel တာဝါတိုင်နှင့် သဲတောလေးကျေးရွာအနီးရှိ Mytel တာဝါတိုင်ကို လည်းကောင်း။

– အောက်တိုဘာ ၁၃ ရက်တွင် သုံးဒေါင့်အိုင်ကျေးရွာအနီးရှိ Mytel တာဝါတိုင်ကိုလည်းကောင်း လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရဟန်း/ သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့မှုအနေဖြင့် –

– အောက်တိုဘာ ၁၅ ရက်တွင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်** ၏ စေခိုင်းမှုဖြင့် **ကျော်သက်** နှင့် **နှင်းမောင်** တို့နှစ်ဦးသည် ဝမ်းတွင်းမြို့နယ်၊ သဲစုကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။


– အောက်တိုဘာ ၂၆ ရက်တွင် ခင်ကြီးကျေးရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **နောင်နောင်ဦး** သည် ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။

– အောက်တိုဘာ ၂၇ ရက်တွင် သဲစုကျေးရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်သူစိုး** နှင့် **ရန်အောင်** တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ်၊ သဃ်န်းဆွဲအုပ်စု၊ နဘဲကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။

– နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းရွာနေ WTRF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဆန်းလင်းဖြိုး** နှင့် **နန်းခိုင်** တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ်၊ သုံးထောင့်အိုင်ကျေးရွာအုပ်စု၊ ကျင်းရွာကျေးရွာနေ ကျောင်းဆရာမတစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။

*စာမျက်နှာ ၂၁ သို့*

## ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု






၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်က ဝမ်းတွင်းမြို့နယ် ဖလန်ကျင်းကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင် မီးရှို့ဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။




၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၃ ရက်က ဝမ်းတွင်းမြို့နယ် သုံးဒေါင့်အိုင်ကျေးရွာအနီး Mytel ဆက်သွယ်ရေးတာဝါတိုင် ဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာတွင် အပြစ်မဲ့ပြည်သူ တစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၂၀ မှ*

- နိုဝင်ဘာ ၁၁ ရက်တွင် **ညီညီ** သည် ဖမ်းဆီးရန်ကျန် တရားခံ **နန်းခိုင်၊ လွင်အောင်ဆင့်၊ ဆန်းလင်းဖြိုး** တို့နှင့်အတူ သဲတောလေးကျေးရွာ၊ မင်္ဂလာမုန်ကျောင်းတိုက်မှ ဆွမ်းဘုန်းပေးနေသည့် ဆရာတော် ဦးသောဘဏကို လည်းကောင်း။
- နိုဝင်ဘာ ၁၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **ရန်အောင်**နှင့် ကျင်းရွာနေ **ညို** တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ညဏ်ကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၁၄ ရက်တွင် **ညီညီ**နှင့် **ဆန်းလင်းဖြိုး**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့ (၃)ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၁ ရက်တွင် ညိုနှင့် **သန့်ဇင်ဖြိုး**တို့ နှစ်ဦးသည် ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၁ ရက်တွင် **ညီညီ** သည် ဝမ်းတွင်းမြို့နယ် ရိုးစုံအုပ်စု မကျီးအုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၇ ရက်တွင် **ညီညီ၊ ကျော်သက်၊ လွင်အောင်ဆင့်၊ ကျော်သူစိုး**တို့ လေးဦးသည် သဲတောလေးကျေးရွာနေ အပြစ်မဲ့ပြည်သူ နှစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၉ ရက်တွင် **ညီညီ၊ ကျော်သက်၊ လွင်အောင်ဆင့်၊** ဆုံကုန်းကျေးရွာနေ **ဖိုးဝ** တို့ လေးဦးသည် ဝမ်းတွင်းမြို့ သဲတော(၃) အောင်ချမ်းသာရပ်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဒီဇင်ဘာ ၂၁ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **လွင်အောင်ဆင့်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **ဖိုးဝ** တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် ဆုံကုန်းကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၈ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် **လွင်အောင်ဆင့်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့ သဲတော(၃) ရပ်ကွက် အောင်ချမ်းသာရပ်၌ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၁၇ ရက်တွင် **ညီညီ၊ ကျော်သက်**နှင့် ဆုံကုန်းကျေးရွာနေ **ဆံရှည်**တို့ သုံးဦးသည် ဝမ်းတွင်းမြို့နယ် ကျောက်အိုးကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၁၈ ရက်တွင် **ညီညီ၊ ဆံရှည်၊** ခင်ကြီးကျေးရွာနေ **နေအောင်**နှင့် **မင်းခိုင်**တို့ လေးဦးသည် ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း။
- ဇန်နဝါရီ ၂၈ ရက်တွင် **ကျော်သက်၊ ညီညီ၊ နှင်းမောင်၊ နန်းခိုင်၊ ဆန်းလင်းဖြိုး၊** ခံတောကျေးရွာနေ **ထွန်းအောင်ကျော်**နှင့် လိန်ပင်ကျေးရွာနေ **ကုလား** တို့ ခုနစ်ဦးသည် ဝမ်းတွင်းမြို့နယ် ခံတောကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဝမ်းတွင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် WTRF အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် **စံမင်းအောင်**မှ အမိန့်ကစေခိုင်းလျက်ရှိကြောင်း၊ အဖွဲ့ဝင်များအနက် အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှု ပြုလုပ်သူများအား ငွေကျပ်ငါးသောင်း ပေးအပ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ **သန့်ဇင်ထွန်း(ခ)ကိုဦး**သည် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော WTRF အကြမ်းဖက်အဖွဲ့ကို နောက်ကွယ်မှ ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ WTRF အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် **အကြမ်းဖက်ဖောက်ခွဲမှု သုံးကြိမ်၊ ရဟန်း/ သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၁၇ ကြိမ်** ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က ဝမ်းတွင်းမြို့နယ် ညဏ်ကန်ကျေးရွာအနီးရှိ ကြေးဝါကြီးဘုရားဈေး၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ဝမ်းတွင်းမြို့နယ် ကျောက်အိုးကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ဝမ်းတွင်းမြို့နယ် ကျင်းရွာကျေးရွာ၌ အမက (ကျင်းရွာ) မှ ကျောင်းဆရာမ တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ဝမ်းတွင်းမြို့ လိန်ပင်လမ်းခွဲအနီး "အင်ကြင်းစံ" ကဖေးနှင့် စားဖွယ်စုံဆိုင်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့စဉ် ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က ဝမ်းတွင်းမြို့နယ် ဝမ်းတွင်း (၃) ရပ်ကွက်တွင် အပြစ်မဲ့ ပြည်သူ တစ်ဦး သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

# ဒွါဒသမ တိပိဋက ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော်   ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဒွါဒသမ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇာတာဘိဝံသ မဟာထေရ်မြတ် သက်တော်(၅၄)နှစ်၊ သိက္ခာတော် (၃၄) ဝါသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘာမိုဂရတ်(စ်)ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊ (၇-၂-၂၀၂၂)၊ တနင်္လာနေ့၊ ထိုင်းစံတော်ချိန် (၁၈:၁၉) နာရီ၊ မြန်မာစံတော်ချိန် (၁၇:၄၉)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော်   ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကြည်သာအေးမြကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မေဃဝတီတောင်သမန်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မရမ်းကျောင်းတိုက်နှင့် သထုံမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက်တို့သို့လည်းကောင်း ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော်   ဖေဖော်ဝါရီ ၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီး ကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ် လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်း လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့် အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်တွင် ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ရုံးဝန်ထမ်းများက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် Covid Center သို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ အင်အားဖြည့် အစားအစာများနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းခဲ့ရာ အဆိုပါ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာလင်းထိုက်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

ကျွန်တော်တို့ရုံးမှ ပန်းချီအဖွဲ့၏ ရုံးခန်းနံရံတွင် ချိတ်ဆွဲထားသော စာသားကလေးကို မျှဝေ၍ ပေးလိုပါသည်။

"ချစ်သားအာနန္ဒာ

မပြောခင်အရင်စဉ်းစား

ပြောပြီးပြန်စဉ်းစား" ဟူသော ဆုံးမစကားလေး ပင်။ မြတ်စွာဘုရားက အာနန္ဒာမထေရ်ကို ဆုံးမခဲ့သော စကားပင်ဖြစ်ပါသည်။ ဤနေရာ၌ ဝစီကံ အမှုကိုပြုရာတွင်ပင် သတိချပ်စေဖို့ အရေးကြီးကြောင်း သိသာ၏။ ခရဏပရိတ်တော်တွင်ပါရှိသည့် မြတ်စွာဘုရား၏ "အာဝေဏိက" ဂုဏ်တော်များကို ညွှန်းဆိုလိုပါသည်။ "ဝစီဘေဒ၊ ထိတိုင်းရှု" မဖြစ်အောင်၊ နှုတ်ကျုံ့လျှင် နှုတ်မရဖြစ်အောင် ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုပါတော့၏။

**သတိသည်  အသက်တမျှအရေးကြီး**

ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်လာသောအခါ "တစ်ကိုယ်ရေ ကျန်းမာရေး သတိ" သည်  အသက်တမျှအရေးကြီးလာပါ၍  နှာခေါင်းစည်းတပ်ဖို့၊  လက်ဆေးဖို့၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာ၍ နေဖို့၊ လူစုလူဝေးထဲမသွားဖို့ ကိစ္စရပ်များသည် မေ့၍မရ။ မေ့သည့်အချိန်၊ သတိလွတ်သွားသည့်အချိန်တွင် မမြင်ရသောရောဂါပိုးသည် အလွယ်တကူ လေထဲမှဝင်ကာ သေသည်အထိ ဒုက္ခပေးနိုင်ပါသည်။

**ခြောက်သန်းခန့်သေကျေ**

ရောဂါမရသည့်တိုင် ကမ္ဘာကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချား၍ နေပါပြီ။ လူသားသန်းပေါင်း လေးရာနီးပါး ရောဂါကူးစက်မှုဖြစ်ရုံမက ခြောက်သန်းခန့်သေကျေစေသော ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးသည် လူတို့သာမက ခြင်္သေ့ကဲ့သို့ တိရစ္ဆာန်များ၊ မြွေပါများ၊ ကြွက်များ၊ ပူးများအထိ ကူးစက်ပျံ့နှံ့နေရာမှ ဗီဇမျိုးကွဲများလည်း တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ထွက်လာလျက်ရှိနေပါသည်။

၂၀၂၀ နှစ်ဆန်း ကပ်ရောဂါစဖြစ်ခါစက အပြင်ကို မထွက်ကြဘဲ အိမ်တွင်းအောင်းနေဖို့ (Stay at home) နှင့် လုံလောက်သည်ဟု ထင်နေသော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းမှစ၍ အိမ်ထဲတွင် နေသောသက်ကြီးရွယ်အို ရွှေနိုင်ငံသားများ (Golden Citizens) ကို သေကျေစေခဲ့ပါသည်။  မိသားစုဝင်များမှတစ်ဆင့်  အိမ်အပြင်မှ ရောဂါပိုးများ အိမ်ထဲသို့ ဝင်လာရာတွင် ကာကွယ်ရေးသတိလစ်ဟာမှုများ ရှိခဲ့ပါသည်။

လောလောဆယ် ကိုဗစ်-၁၉ မျိုးကွဲ "အိုမီခရွန်" ဝင်လာပုံသည် အလွန်မြန်နေပြီး နယ်စပ်ကိုဖြတ်ကျော်ကာ မိသားစုအတွင်း၊ ရပ်ရွာအတွင်း ကူးစက်ပျံ့နှံ့မှုများကို စတင်တွေ့ရှိနေပြီ ဖြစ်ပါသည်။

သိထားသည်များကို  ကျင့်ကြံနိုင်ရန်အတွက် ကျန်းမာရေးသတိအမြဲရှိကြဖို့မှတစ်ပါး  အခြားမရှိပြီ။   ။

# ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာတွင် ခမည်းတော် ဦးတင်ရ၊ မယ်တော် ဒေါ်ညွန့်ခင်တို့မှ ၁၃၃၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၄၁ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်နေ့တွင် ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာ၊ ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်းဆရာတော်ဘဒ္ဒန္တစိန္တိတဉာဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၄၉-ခုနှစ်၊  ပြာသိုလပြည့်ကျော် (၁) ရက်နေ့တွင် ဝက်လက်မြို့၊ သီရိရပ်၊ ဓမ္မာရုံကျောင်း၊ သာသနဝိလာသိနီသိမ်တော်၌ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့၊ ကြံ့ခိုင်ရပ်၊ ဦးသန်းထွန်း၊ ဒေါ်ဟန်ညွန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာ၊ ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက်ဆရာတော်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ မတ္တရာမြို့ သာသနဇောတိကာရုံကျောင်းဆရာတော်၊ နောင်ချိုမြို့ ကတီပင်ကျောင်း ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော်စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲများ**

ဆရာတော်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ ပါစိတျာဒိဝိနယပါဠိပါရဂူဘွဲ့၊ မဟာဝဂ္ဂါဒိပါဠိပါရဂူဘွဲ့၊ ဝိဘင်္ဂါဒိပါဠိပါရဂူဘွဲ့၊  တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၊ မုံရွာမြို့ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သဒ္ဓမ္မမာနိတာရုံကျောင်းတိုက်တို့၌ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ မြန်မာနိုင်ငံအနှံ့အပြားသို့ တရားဓမ္မများ လှည့်လည်ဟောကြားခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးအပ်သော သာသနာ့တာဝန်များကို ယနေ့အထိ ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ တိပိဋကဓရ တိပိဋကကောဝိဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၁၆ ခုနှစ်တွင် **"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"** ဘွဲ့တံဆိပ်တော် ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၅၄)နှစ်၊ သိက္ခာတော်(၃၄)ဝါအရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘာမိုဂရတ်(စ်)ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊ (၇-၂-၂၀၂၂)၊ တနင်္လာနေ့၊ ထိုင်းစံတော်ချိန်(၁၈:၁၉) နာရီ၊ မြန်မာစံတော်ချိန်(၁၇:၄၉)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မော်တော်ယာဉ်တစ်စီးပေါ်မှ I Pad pro အလုံး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်လာသည့် ခရီးသည်တင် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုခရိုင်အတွင်း တရားမဝင် ကျွန်းတံခါးရွက်၊ ကျွန်းခွဲသားများ ဆိုဒ်စုံ ၃ ဒသမ ၆၅၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၀၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၇၉၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၃၂၃,၃၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(ယာပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



သို့ပါ၍ ဖေဖော်ဝါရီ ၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၄၂၀၃၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၇

**ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကုတ်-ပြင်ဦးလွင် သွားကားလမ်း ညောင်ကုန်းစစ်ဆေးရေးစခန်းတွင် မိုးကုတ်မှ ပြင်ဦးလွင်သို့ အောင်အောင်(ခ)ရွှေတော (၃၁ နှစ်) မောင်းနှင်ပြီး အေးမင်းအောင် (ခ) ဆန္ဒ (၃၄ နှစ်) နှင့် ကျော်မင်း (ခ) မင်းမင်း (၃၂ နှစ်) တို့ လိုက်ပါလာသည့် ဟီးနိုးခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန် **(အောက်ဝဲပုံ)** သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ည ၉ နာရီ ခွဲတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မမိုးမိုးအောင် (၃၁ နှစ်) အား တိုယိုတာခရောင်း မော်တော် ယာဉ် တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များအား ရှမ်းပြည်နယ် တောင်ပိုင်းမှ ကရင်ပြည်နယ် မြန်မာ-ထိုင်း နယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီးကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။





**သတင်းစဉ်**

# မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကြံခင်းကွက်သစ်နေ မကြူကြူခိုင် က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မ---၊ (၃၀ နှစ်) နှင့် မ---၊ (၁၈ နှစ်) တို့ကို ၎င်း၏ညီမဖြစ်သူသည် တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားနှင့် လက်ထပ်ခဲ့ပြီး အဆင်ပြေနေကြောင်း၊ တရုတ်ယောကျ်ားနှင့် လက်ထပ်ပါက ငွေကျပ် ၃၅ သိန်း ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားများထံ ပို့ဆောင်ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်း(ပ) ၉၁၉/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အရှေ့ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်တွင် တရားခံ မကြူကြူခိုင် အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ရေမြောင်းပေါင်ပေါ်တွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက် မီးလောင်

**ညောင်ဦး ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီး မြင်းခြံ-ကျောက်ဆည်-မန္တလေးမြို့သို့ ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းသည် ညောင်ဦးမြို့နယ် အောက်ညဥ့်နှင့် အထက်ညဥ့် ကျေးရွာကြား သူကောင်းတည်မြစ်ရေတင်ဆည်မြောင်း ပေါင်ပေါ် ညောင်ဦး-မြင်းခြံကားလမ်းမကြီးဘေး မိုင်တိုင် ၈/၆ အနီး ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခွဲခန့်က ဓာတ်ငွေ့ပိုက်လိုင်းပေါက်၍ မီးလောင်ခဲ့ပြီး ညောင်ဦးခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများ မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းပေါက် မီးလောင်နေသည့်နေရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်ဝန်ထမ်းများသည် ဓာတ်ငွေ့ပိုက်လိုင်းပေါက် မီးလောင်နေသည့် မီးကို ငြိမ်းသတ်ကြရာ ညနေ ၆ နာရီခွဲတွင် မီးငြိမ်းနိုင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောသည်။

ဓာတ်ငွေ့ပိုက်လိုင်း ပေါက်သည့် နေရာသို့ ချောက်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်နီယာဌာနမှ (လက်ထောက် အင်ဂျင်နီယာ) ဦးသန်းဦးနှင့် ဝန်ထမ်းများ ရောက်ရှိလာပြီး ဓာတ်ငွေ့ ပိုက်လိုင်းပေါက်သည့် နေရာတစ်ဝန်းကို မီးသတ်ဦးစီးဌာန၏မီးဘေးအန္တရာယ်လုံခြုံရေး ကြိုးတားကာ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်သည့်နေရာအား U.Bolt CLAMP နှင့်ပတ်၍ ဖာထေးပြုပြင်နိုင်ရန် ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်ကာ ဓာတ်ငွေ့ ပိုက်လိုင်းရှိသည့် နေရာအား ကိုးပေအနက်အထိ တူးဖော်ပြီး ဓာတ်ငွေ့ပိုက်လိုင်း ပေါက်သည့်နေရာ (ယိုစိမ့်) သည့်နေရာကို ဖာထေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် ဓာတ်ငွေ့ ပိုက်လိုင်း ဖာထေးမှုပြီးစီးခဲ့ကြောင်း ချောက်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်နီယာဌာနမှ လက်ထောက် အင်ဂျင်နီယာ ဦးသန်းဦး က ပြောသည်။



**မောင်မောင်ထိန်**

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ခြင်း**

၂၀၂၂ ပညာသင်နှစ်၌ တက္ကသိုလ်အသီးသီး၏ အဝေးသင် သင်တန်းများတွင် ဝိဇ္ဇာ၊ သိပ္ပံအထူးပြု ဘာသာရပ်များဖြင့် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား/ ကျောင်းသူများအတွက် ကျောင်းအပ်မှတ်ပုံတင်ခြင်းကို (၂၂-၂-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စာစဉ်ပို့ချချက်များကို (၂၄-၁-၂၀၂၂) ရက်နေ့မှ စတင်ပို့ချနေပြီဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း စာစဉ်များကို တင်သွင်းရမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန




## စာပေမြင့်မှ လူမျိုးတင့်မည်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မြောင်းမြမြို့နယ်တရားရုံးတော်၌
၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁

| | | | |
|---|---|---|---|
| ဦးထွန်းအေး | နှင့် | ၁။ ဦးတင်ထွေး | ၇။ ဦးထွန်းထွန်းဝင်း |
| | | ၂။ ဦးယဉ်ထွေး | ၈။ ဒေါ်ဇင်မာလှိုင် |
| | | ၃။ ဦးတင်ကိုလတ် | ၉။ ဒေါ်သက်သက်မွန် |
| | | ၄။ ဒေါ်သိမ့်သိမ့် | ၁၀။ ဦးမျိုးကိုကို |
| | | ၅။ ဦးမြင့်ရွှေ(၎င်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်မြင့်မြင့်ဝင်း) | |
| | | ၆။ ဒေါ်ခင်ဝင်း | |
| တရားလို | | | တရားပြိုင်များ |

မြောင်းမြမြို့၊ စကမြားကျေးရွာနေ ဦးထွန်းအေး၏သားဖြစ်သူ ဦးတင်ကိုလတ် (ဘ)ဦးမြင့်စိန်၏သမီးဖြစ်သူ ဒေါ်သိမ့်သိမ့်၊ (ဘ)ဦးသန်းကြွယ်၏သမီး ဖြစ်သူ ဒေါ်ဇင်မာလှိုင်၊ (ဘ)ဦးသန်းကြွယ်၏သမီးဖြစ်သူ ဒေါ်သက်သက်မွန်၊ (ဘ)ဦးမြင့်ငွေ၏ သားဖြစ်သူ ဦးမျိုးကိုကို (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းအေးက ငွေကျပ် ၃၈၀၀၀၀၀/- ရလိုကြောင်း လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (၁၃၈၃ ခုနှစ် တပို့တွဲ လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ခိုင်သန္တာသိန်းမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြောင်းမြမြို့နယ်တရားရုံး

## (၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနား ရပ်စောက်၌ ကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဇော်ဂျီ ရပ်ကွက်အတွင်းရှိ ရဿဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဝင်းက ဖတ်ကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းထံမှ (၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးစိုးနိုင်က ဖတ်ကြားသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## ကမ္ဘာ့စနူကာပြိုင်ပွဲနှင့် အာရှဘိလိယက်၊ စနူကာပြိုင်ပွဲများတွင် မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာကစားသမားများသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မတ်လတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့စနူကာပြိုင်ပွဲနှင့် အာရှဘိလိယက်၊ စနူကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဘိလိယက်၊ စနူကာနှင့် Pool ကစားသမားခုနစ်ဦး ရွေးချယ်ထားပြီး ယင်းကစားသမားများအနက် ဘိလိယက်နှင့် စနူကာ ကစားသမား ငါးဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ကမ္ဘာ့စနူကာချန်ပီယံ ရှစ်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၁၁ ရက်၊ အာရှဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို မတ် ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အာရှပြိုင်ပွဲတွင် ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ ကမ္ဘာ့စနူကာပြိုင်ပွဲတွင် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုး သမီးပြိုင်ပွဲနှင့် ယူ-၂၁ အမျိုးသားပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာဘိလိယက်အဖွဲ့သည် စနူကာစီနီယာအဆင့်ပြိုင်ပွဲနှင့် ဘိလိယက်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ကစားသမားများဖြစ်သော ဘိလိယက်လက်ရွေးစင် အောင်ဆန်းဦး၊ ပေါက်စ၊ မင်းစည်သူထွန်း၊ စနူကာလက်ရွေးစင် အောင်ဖြိုး၊ ဝင်းကိုတို့ ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ယခုနောက်ပိုင်း နှစ်များတွင် ကမ္ဘာနှင့် အာရှအဆင့် ဘိလိယက်၊ စနူကာပြိုင်ပွဲများ၌ ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်က နောက်ဆုံးကျင်းပသည့် အာရှဘိလိယက်ပြိုင်ပွဲတွင် မြန်မာဘိလိယက် ကစားသမားနေသွေးဦးက ချန်ပီယံဆုရရှိခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲများ ပုံမှန်အတိုင်း ကျင်းပနိုင်ခြင်းမရှိသော်လည်း ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပညာ သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာ့ရိုးရာခြင်းလုံးခတ်ပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က မြန်မာ့ရိုးရာခြင်းလုံးအကြောင်း ရှင်းလင်းပြောကြားပြီး သဃ်န်းကျွန်း ပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းသီအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

"မြန်မာ့ရိုးရာ အားကစားနည်းစစ်စစ်ဖြစ်တဲ့ ရိုးရာခြင်းလုံးခတ်အတတ်ပညာကို အခြေခံပညာကျောင်းတွေအထိ ရောက်စေချင်လို့ ဖြစ်ပါတယ်။ ဒါမှလည်း ကျောင်းသားလူငယ်တွေ ရိုးရာခြင်းလုံးပညာကို စိတ်ဝင်စားပြီး လေ့ကျင့်ကြမယ်ဆိုရင် တစ်ချိန်မှာ နိုင်ငံ့လက်ရွေးစင်တွေအထိ တိုးတက်ဖြစ်ထွန်းလာနိုင်မှာပါ။ သင်တန်းမှာ ဝါရင့်ခြင်းပညာရှင်တွေက ရိုးရာခြင်းခတ်ပညာ အခြေခံခြောက်ချက်ကနေ တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ပြောသည်။

### သင်ကြားပို့ချမည်

အဆိုပါ သင်တန်းကို သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာ အတတ်ပညာ သင်တန်းမှ ဆရာ ဆရာမ ၁၅၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

● *ကျောဖုံးမှ*

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုအကြိမ်ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူကာ ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံးအင်အားအတောင့်တင်းဆုံး ကစားသမားအခင်းအကျင်းဖြင့် ပွဲထွက်လာခဲ့သည့်အတွက် အကြိတ်အနယ်ရှိသည့်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန်ခုနစ်မိနစ်တွင် ဆီနီဂေါအသင်း ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း မာနေးက ကန်သွင်းရာ အီဂျစ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ထို့နောက်တွင် ပွဲချိန်ပြည့်သည်အထိ ထိုးဖောက်တိုက်စစ်ဆင်မှုများ၊ ဂိုးကန်သွင်းမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်၊ အရှုံး အဖြေ မပေါ်သည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီ အဆုံးအဖြတ်တွင် ဆီနီဂေါအသင်းမှ ဆားရ်တစ်ဦးသာ ပယ်နယ်တီ လွဲချော်ခဲ့ပြီး အီဂျစ်အသင်းမှ အက်ဒဲလ်မိုနန်နှင့် လက်စ်ဟန်းတို့ ပယ်နယ်တီ လွဲချော်ခဲ့သည့်အတွက် ဆီနီဂေါအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် ဆီနီဂေါအသင်းသည် ပြိုင်ဘက်အီဂျစ်အသင်းထက် နိုင်လိုစိတ်ပြင်းထန်သည့် ကစားဟန်ကို ပြသနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သည်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး ကစားသမားဆုကို အိမ်ရှင်ကင်မရွန်းအသင်းမှ အဘူဘက်ကာက ရှစ်ဂိုးဖြင့်ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို ဆီနီဂေါအသင်းမှ မာနေးနှင့် အကောင်းဆုံး ဂိုးသမားဆုကို မန်ဒီတို့က ရရှိခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
# နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ပါသည်-

| စဉ် | တက္ကသိုလ် | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| (၁) | ရန်ကုန်နည်းပညာတက္ကသိုလ် | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံ ၃။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၄။ ရေနံအင်ဂျင်နီယာ ၅။ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ ၆။ ဓါတုဗေဒ ၇။ ဓာတုအင်ဂျင်နီယာ ၈။ သင်္ချာ ၉။ မြန်မာစာ |
| (၂) | မန္တလေးနည်းပညာတက္ကသိုလ် | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ နျူးကလီးယားနည်းပညာအင်ဂျင်နီယာ ၄။ ဓါတုဗေဒ ၅။ ဘူမိဗေဒ ၆။ ဓာတုအင်ဂျင်နီယာ ၇။ သင်္ချာ ၈။ ဓာတုဗေဒ |
| (၃) | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဓါတုဗေဒ ၅။ ဘူမိဗေဒ ၆။ သင်္ချာ ၇။ ရူပဗေဒ ၈။ မြန်မာစာ ၉။ အင်္ဂလိပ်စာ |
| (၄) | နည်းပညာတက္ကသိုလ်(သန်လျင်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ မက္ကာထရောနစ်အင်ဂျင်နီယာ ၄။ ရေနံအင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ ဓါတုဗေဒ ၇။ ဘူမိဗေဒ ၈။ သင်္ချာ ၉။ ရူပဗေဒ ၁၀။ မြန်မာစာ |
| (၅) | နည်းပညာတက္ကသိုလ်(မှော်ဘီ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ ဓါတုဗေဒ ၇။ ဘူမိဗေဒ ၈။ သင်္ချာ ၉။ မြန်မာစာ ၁၀။ အင်္ဂလိပ်စာ |
| (၆) | နည်းပညာတက္ကသိုလ်(မန္တလေး) | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ မက္ကာထရောနစ်အင်ဂျင်နီယာ ၃။ ရေနံအင်ဂျင်နီယာ ၄။ ဓါတုဗေဒ ၅။ ဘူမိဗေဒ ၆။ မြန်မာစာ ၇။ ဓာတုဗေဒ |
| (၇) | ပြည်နည်းပညာတက္ကသိုလ် | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၈) | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ ဓာတုအင်ဂျင်နီယာ ၆။ လေကြောင်းအင်ဂျင်နီယာ ၇။ အင်္ဂလိပ်စာ |
| (၉) | နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ အဆင့်မြင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ ၆ ။ ဓာတုဗေဒ |
| (၁၀) | နည်းပညာတက္ကသိုလ်(မအူပင်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၁၁) | နည်းပညာတက္ကသိုလ်(ပုသိမ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ |
| (၁၂) | နည်းပညာတက္ကသိုလ်(ဟင်္သာတ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ |
| (၁၃) | နည်းပညာတက္ကသိုလ် (ကျောက်ဆည်) | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ သုတနည်းပညာအင်ဂျင်နီယာ ၆။ နျူးကလီးယားနည်းပညာအင်ဂျင်နီယာ ၇။ ရူပဗေဒ ၈။ မြန်မာစာ ၉။ အင်္ဂလိပ်စာ ၁၀။ ဓာတုဗေဒ |
| (၁၄) | နည်းပညာတက္ကသိုလ်(တောင်ငူ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ ဓာတုဗေဒ |
| (၁၅) | နည်းပညာတက္ကသိုလ်(စစ်ကိုင်း) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ ဓာတုဗေဒ ၄။ ဘူမိဗေဒ ၅။ အင်္ဂလိပ်စာ |
| (၁၆) | နည်းပညာတက္ကသိုလ်(မော်လမြိုင်) | ၁။ ဘူမိဗေဒ |
| (၁၇) | နည်းပညာတက္ကသိုလ်(မကွေး) | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၁၈) | နည်းပညာတက္ကသိုလ်(မုံရွာ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။စက်မှုအင်ဂျင်နီယာ ၄။ မက္ကာထရောနစ်အင်ဂျင်နီယာ ၅။ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ ၆။ သုတနည်းပညာအင်ဂျင်နီယာ ၇။ အင်္ဂလိပ်စာ ၈။ ဓာတုဗေဒ |
| (၁၉) | နည်းပညာတက္ကသိုလ်(မိတ္ထီလာ) | ၁။ မြန်မာစာ |
| (၂၀) | နည်းပညာတက္ကသိုလ်(ပခုက္ကူ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၂၁) | နည်းပညာတက္ကသိုလ် (တောင်ကြီး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ သင်္ချာ ၆။ မြန်မာစာ ၇။ ဓာတုဗေဒ |
| (၂၂) | နည်းပညာတက္ကသိုလ်(ဘားအံ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ ၄။ မြန်မာစာ |
| (၂၃) | နည်းပညာတက္ကသိုလ်(လားရှိုး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၂၄) | နည်းပညာတက္ကသိုလ်(ပင်လုံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ သင်္ချာ ၆။ မြန်မာစာ |
| (၂၅) | နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ |
| (၂၆) | နည်းပညာတက္ကသိုလ်(ထားဝယ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ ၆။ အင်္ဂလိပ်စာ |
| (၂၇) | နည်းပညာတက္ကသိုလ် (လွိုင်ကော်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ |
| (၂၈) | နည်းပညာတက္ကသိုလ်(မြိတ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၄။ စက်မှုအင်ဂျင်နီယာ ၅။ သင်္ချာ ၆။ မြန်မာစာ ၇။ အင်္ဂလိပ်စာ |
| (၂၉) | နည်းပညာတက္ကသိုလ်(ဖန်းမော်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ |
| (၃၀) | နည်းပညာတက္ကသိုလ်(ကလေး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ မြန်မာစာ |
| (၃၁) | နည်းပညာတက္ကသိုလ်(စစ်တွေ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ မြန်မာစာ |
| (၃၂) | နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၄။ စက်မှုအင်ဂျင်နီယာ ၅။ သင်္ချာ ၆။ အင်္ဂလိပ်စာ |
| (၃၃) | သတင်းအချက်အလက် နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ |
| (၃၄) | မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ |
| (၃၅) | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ သင်္ချာ |
| (၃၆) | မန္တလေးကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၃၇) | ကွန်ပျူတာတက္ကသိုလ်(မန္တလေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၃၈) | ကွန်ပျူတာတက္ကသိုလ်(ပြည်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၃၉) | ကွန်ပျူတာတက္ကသိုလ်(မအူပင်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၄၀) | ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ) | ၁။ အင်္ဂလိပ်စာ |
| (၄၁) | ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ |
| (၄၂) | ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၄၃) | ကွန်ပျူတာတက္ကသိုလ်(သထုံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၄၄) | ကွန်ပျူတာတက္ကသိုလ်(ဘားအံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၄၅) | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၄၆) | ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၄၇) | ကွန်ပျူတာတက္ကသိုလ်(မကွေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ အင်္ဂလိပ်စာ |
| (၄၈) | ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၄၉) | ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၅၀) | ကွန်ပျူတာတက္ကသိုလ်(လားရှိုး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၁) | ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) | ၁။ ကွန်ပျူတာနည်းပညာ ၂။ အင်္ဂလိပ်စာ |
| (၅၂) | ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၃) | ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ အင်္ဂလိပ်စာ |
| (၅၄) | ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား) | ၁။ အင်္ဂလိပ်စာ ၂။ ကွန်ပျူတာသိပ္ပံ |
| (၅၅) | ကွန်ပျူတာတက္ကသိုလ် (မြိတ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၅၆) | ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ |
| (၅၇) | ကွန်ပျူတာတက္ကသိုလ်(ကလေး) | ၁။ ကွန်ပျူတာနည်းပညာ ၂။ အင်္ဂလိပ်စာ |
| (၅၈) | ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) | ၁။ ကွန်ပျူတာသိပ္ပံ |
| (၅၉) | ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) | ၁။ အင်္ဂလိပ်စာ |

၂။ လျှောက်ထားသူသည်

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

( ခ ) ပါရဂူဘွဲ့/ မဟာသုတေသနဘွဲ့/မဟာဘွဲ့/အင်ဂျင်နီယာဘွဲ့(B.E/B.Arch) ရရှိပြီးသူများ၊ ကွန်ပျူတာဘွဲ့ ရရှိပြီးသူများ [B.C.Sc(Hons), B.C.Tech(Hons), B.C.Sc, B.C.Tech] (Grading Point ၆၀% နှင့် အထက်)နှင့် B.A(Hons;)(English) (Grading Point ၆၀% နှင့်အထက်)ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

( ဂ ) ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက်(၄၄)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက် (၃၉)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက်(၃၇)နှစ်ထက် မကျော်လွန်သူ၊ B.E/B.Arch ဘွဲ့နှင့် အခြားဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် အသက် (၃၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး လုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်များတွင် အခမဲ့ရယူနိုင်ပြီး (၂၈-၂-၂၀၂၂) ရက်နေ့ (တနင်္လာနေ့) အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့် (၂၈-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်/ထောက်ခံစာ(မိတ္တူ)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ(မူရင်း)၊ အိမ်ထောင်စုစာရင်း (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာ(မူရင်း)ကို ပူးတွဲတင်ပြရမည်။ [လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များ တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။]

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၈။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၉။ ရေးဖြေနှင့် လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား မိမိလျှောက်ထားသော တက္ကသိုလ်များတွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၀-၃-၂၀၂၂)ရက်နေ့တွင် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေနှင့် လူတွေ့စာမေးပွဲစစ်ဆေးခြင်းကို မိမိလျှောက်ထားသည့်တက္ကသိုလ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် (ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၉:၀၀) နာရီ မှ (၁၀:၀၀) နာရီထိ |
| ( ခ ) | အင်္ဂလိပ်စာ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ မှ (၁၁:၀၀) နာရီထိ |
| ( ဂ ) | အထွေထွေဗဟုသုတ | (၁၁-၃ -၂၀၂၂ )ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ မှ (၁၂:၀၀) နာရီထိ |

၁၁။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၂- ၃-၂၀၂၂)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၄၂၆၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### အမည်မှန်၊ မွေးသက္ကရာဇ်မှန်နှင့် မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) အူယန် Grade-8တန်းမှ မစုစုဆန္ဒာ၏ အမည်မှန်မှာ မမေရီအောင်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်မှန်မှာ ၂၉-၈-၂၀၀၈ ဖြစ်၍ ၎င်း၏မိဘ အမည်မှန်မှာ ဦးတင်ရွှေ ၁/ မညန(နိုင်)၀၇၃၃၅၆ နှင့် ဒေါ်ဘော်မီး ၁/ မကန(နိုင်) ၁၀၂၅၄၁ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) အူယန် Grade-8တန်းမှ မအေးအေးအောင်၏ မိဘအမည်မှန်မှာ ဦးသိန်းထွန်းစံ ၅/ဗမန(နိုင်) ၀၀၅၇၆၄ နှင့် ဒေါ်အောင်မေထွေး ၁/ မညန(နိုင်) ၀၈၈၅၅၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ ဆိပ်မူ ကျေးရွာအုပ်စု၊ တောင်းကော့ကျေးရွာနေ မောင်လတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးလထော်လဂျာ ၁/ ဗမန(နိုင်)၀၄၂၈၇၁ ဖြစ်ပါကြောင်း။

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂) Grade-6 မှ ဦးဗတန် ၁/ မညန (နိုင်)၀၉၂၂၁ ၏ သမီး မချန်ကြဲ့မိုင်၏ အမည်မှန်မှာ မချန်းကြန်မိုင်ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်မ မအေးအေးသက် ၁/ မကန(နိုင်)၁၈၄၈၄၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၈၈၅၉၀၅၁၆

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅B)၊ ရုံးကြီးရပ်၊ ရုံးကြီးရပ်ကွက်၊ ဦးပိုင်အမှတ် ၆၀ᵏ၊ ဧရိယာ ၀ဒသမ ၂၃၅ ဧကအနက်၊ ဧရိယာ ၀ဒသမ ၀၅၄ ဧကရှိဘိုးဘပိုင်မြေမျိုးဖြစ်သည့် မြေသည် ဤမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရှိ ပိုင်ဆိုင်မှုမှတ်ပုံတင် စာရင်း၁(က)၌ ဒေါ်တီမှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်အား ပဲခူးမြို့၊ အမှတ်(၆၃/၃)၊ ယုဇနလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့နယ်နေ(ဘ)ဦးရွှေမြတ်၏ သမီး DKU-၀၅၉၀၀၃ ကို ကိုင်ဆောင်သူ ဒေါ်သန်းဝင်း အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားမှုရှိခဲ့သဖြင့် မြေစာရင်းလက်စွဲဥပဒေအပိုဒ်(၅၅၁) အရ အမည်ပြောင်းပေးကမ်းခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနသို့ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ၂-၁၀-၂၀၂၀ ရက် နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အဆိုပါရက်မှ ကျော်လွန်၍ ကန့်ကွက်လာသော ကန့်ကွက်လွှာများကို လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါ။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရုံး၊ ပဲခူးမြို့**

### ဖြည့်စွက်ဖတ်ရှုပါရန်

၇-၈-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ ပါ အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးရန်ရှင်းအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၅၅၆/၂၅-၁၁-၂၀၂၁) ဟုဖြည့်စွက်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/7612 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/7612, Wave A7, Tractor Head ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမျိုးမြင့်ဦး ၁၂/ဒဂန(နိုင်)၀၃၃၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## ဖခင်အမည်မှန်

သံတောင်ကြီးမြို့နယ်၊ အထက သပြေညွန့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် Grade-10(စနစ်သစ်)(A) ခန်းမှ မဖြိုးယမုံဦး ၏ ဖခင် အမည်မှန်မှာ ဦးလှစိုး ၇/ဖမန(နိုင်)၁၂၅၂၉၃ ဖြစ်ပါကြောင်း။

**ဦးလှစိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7254, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၆/ကသန(နိုင်)၀၂၉၂၃၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/32552 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ရ ၇/ရတရ(နိုင်)၀၄၉၈၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်း၀(၃)လမ်း၊ အမှတ်(၂၅၉၆)၊ မျက်နှာ၀ (၂၅)ပေ x အရှေ့အနောက်(၇၉)ပေရှိသော မြေကွက်အား ဒေါ်ရွှေ(ဘ)ဦးထွန်းဝေ ၇/ပခန(နိုင်)၀၇၉၆၄၅မှ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပြီး အဆိုပါမြေကွက်အား ကျွန်ုပ်၏အသိမိတ်ဆွေမှ (၁၅-၁-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ တန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်နှယ်ဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၆၃)**
**ဖုန်း-၀၉-၄၂၈၀၁၈၇၆၇**

## အများသိစေရန်ကြေညာခြင်း

မဥမ္မာလွင် ၁၂/တမန(နိုင်) ၁၁၂၈၉၂(ဘ)ဦးအောင်ဝင်း၏ သမီး အမှတ်(၇၄)၊ ၁၄၁လမ်း၊ (လေးလွှာ)နေ ၏ ညွှန်ကြားချက်အရ-

မဥမ္မာလွင်နှင့်ကိုကျော်မင်းထွန်း(ခ)ဟာနစ်တို့သည် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် လက်ထပ်ခဲ့ပြီး သားတစ်ယောက်ထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက် (၁၃)နှစ်ရှိပြီး အိမ်ထောင်ရေးအဆင်မပြေမှုများရှိခဲ့ပါသည်။ သည်းခံခွင့်လွှတ်၍ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ မဥမ္မာလွင်သာလျှင် ကိုကျော်မင်းထွန်း(ခ)ဟာနစ်၏ တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်သူ** — **လွှဲအပ်ခြင်းကိုလက်ခံသူ**

| | | |
|---|---|---|
| **မဥမ္မာလွင်** | **ဒေါ်သီတာခင်လတ်** | **ဒေါ်နှင်းဆုအောင်** |
| **၁၂/တမန(နိုင်)၁၁၂၈၉၂** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၇၄)၊ ၁၄၁လမ်း၊** | **(စဉ်-၅၂၆၅)** | **(စဉ်-၁၄၉၄၁)** |
| **လေးလွှာ၊ တာမွေမြို့နယ်။** | **ဖုန်း-၀၉-၇၆၂၀၇၆၉၅၀၊ ၀၁-၅၅၇၇၂၈** | |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေ၀ဒဟ ၃၇လမ်း၊ အမှတ် ၁၃၂၅/က၊ (၂)ခန်းတွဲ၊RC (၆) ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ တိုက်ကို မျက်နှာမူလျှင် (လက်ဝဲခြမ်း)၊ ဧရိယာ ၆၃၆ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၈၆၂၄၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးဝင်းမြတ်အောင် ၁၂/စခန(နိုင်) ၀၇၂၇၈၅ တို့ အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းမြတ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၇/က)၊ မြေညီထပ်(၀၁-၀၂)နှင့် ပထမထပ်(၀၁-၀၂)၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၇ လမ်း၊ အမှတ် ၇၆၅/က၊ RC (၆)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ ဧရိယာ ၉၇၂ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စံစံမောင်သန်း ၁၀/မလမ(နိုင်)၁၉၂၇၁၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သော ဒေါ်ရီနွယ်ဝင်း ၁၀/ဘလန(နိုင်)၀၉၅၃၄၄ တို့ အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရီနွယ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၇/က)၊ မြေညီထပ်(၀၁-၀၂)နှင့် ပထမထပ်(၀၁-၀၂)၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၂၁/အေ)နေ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဒေါ်ခတီဇာဘီဘီအစ္စမေးလ်ဟန်ဆီရာ(ဒါရိုက်တာ၊ MOHAMMED ISMAIL ARIFF CO.,LTD)နှင့် ဒေါ်လူကီးယား(ဒါရိုက်တာ၊ MOHAMMED ISMAIL ARIFF CO.,LTD)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် (၂၈)လမ်းထောင့်ရှိ အမှတ်(၅၂၁/၅၂၃)ဟုခေါ်တွင်သော ရတနာမြိုင်ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် ( ၁၂ ၁/၂ )တိုက်သစ်အဆောက်အအုံ၏တိုက်ပိုင်ရှင်/မြေပိုင်ရှင်ဖြစ်သော MOHAMMED ISMAIL ARIFF CO.,LTD ၏ ယခင်အုပ်ချုပ်မှုဒါရိုက်တာ ဦးကာစင်စူရတီ(ယခုကွယ်လွန်)မှ ၎င်းမကွယ်လွန်မီအချိန်က အထက်ဖော်ပြပါ တိုက်အဆောက်အအုံရှိ မူလနေထိုင်သူ ဦးကာစင်စူရတီအမည်ဖြင့် လက်ခံရရှိခဲ့သည့် ပထမထပ်(ယာဘက်) တိုက်ခန်း(၁)ခန်း၊ မြေပိုင်ရှင်အကျိုးခံစားခွင့်အနေဖြင့် လက်ခံရရှိခဲ့သည့် (၅-လွှာ)(ဝဲဘက်)တိုက်ခန်း(၁)ခန်း၊ (၅-လွှာ)(ယာဘက်)တိုက်ခန်း(၁)ခန်း၊ (၆-လွှာ)(ဝဲ/ယာ)တိုက်ခန်း (၂)ခန်း၊ (၇-လွှာ)(ယာ)တိုက်ခန်း(၁)ခန်း၊ စုစုပေါင်းတိုက်ခန်း (၆)ခန်းတို့ကို နည်းလမ်းတကျ စာချုပ်စာတမ်းများ ချုပ်ဆို၍ ဝယ်ယူသူအသီးသီးသို့ လွှဲပြောင်းရောင်းချခဲ့ပြီး ဝယ်ယူသူများမှလည်း တိုက်ခန်းလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခတီဇာဘီဘီ၏ခင်ပွန်း၊ ဒေါ်လူကီးယား၏ဖခင်ဖြစ်သူ ဦးကာစင်စူရတီ ကွယ်လွန်ပြီးနောက်တွင်မှ ၎င်းအသက်ရှိစဉ်အခါက တိကျပြတ်သားပွင့်လင်း မှန်ကန်စွာဆောင်ရွက်ခဲ့ပြီးဖြစ်သော အရောင်းအဝယ်ပြုလုပ်ခဲ့သော တိုက်ခန်းများနှင့်ပတ်သက်၍ မမှန်သတင်းပြောဆိုခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အတွက်ရည်ရွယ်ချက်ရှိရှိဖြင့် ပြောဆိုခြင်းမျိုးတို့ကို တစ်ချို့သောသူများမှ ပြုလုပ်လျက်ရှိသည်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှ ကြားသိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ကွယ်လွန်သူ MOHAMMED ISMAIL ARIFF CO.,LTD ၏ ယခင်အုပ်ချုပ်မှုဒါရိုက်တာ ဦးကာစင်စူရတီနှင့် ကျန်ရစ်သူမိသားစုဝင်များဖြစ်သည့် MOHAMMED ISMAIL ARIFF CO.,LTD၏ ယခုလက်ရှိ ဒါရိုက်တာ အဖွဲ့ဝင်များဖြစ်သည့် ဇနီး ဒေါ်ခတီဇာဘီဘီအစ္စမေးလ်ဟန်ဆီရာ၊ သမီး ဒေါ်လူကီးယား တို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ထိပါးနှောင့်ယှက်ပြောဆိုခြင်း၊ မမှန်သတင်းဖြန့်ဝေခြင်း၊ ဦးကာစင်စူရတီမှ ရောင်းချထားခဲ့ပြီးဖြစ်သော တိုက်ခန်း(၆)ခန်းနှင့်ပတ်သက်၍ ကျန်ရစ်သူ မိသားစုဝင်များအပေါ်တွင် တိုက်ခန်းဝယ်ယူထားသူများမှ အထင်အမြင် လွဲမှားစေရန် ပြုလုပ်ခြင်းမျိုးတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိဘဲ ပြောဆိုဖြန့်ဝေခြင်းများ ဆက်လက်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|---|
| **ဒေါ်ခတီဇာဘီဘီအစ္စမေးလ်ဟန်ဆီရာ** | **ဒေါ်လူကီးယား** | **ဒေါ်အေးသီတာမော်** |
| **၁၂/ဗဟန(ပြု)၀၀၀၁၀၇** | **၁၂/ဗဟန(ဧည့်)၀၀၀၁၈၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၉/၁၂)** |
| **(ဒါရိုက်တာ)** | **(ဒါရိုက်တာ)** | **အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၃၅၃၇၀၇၈၊ ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁** |

**MOHAMMED ISMAIL ARIFF CO.,LTD**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးမောင်ကျော် ၉/ကပတ(နိုင်) ၀၀၁၄၂၄ (ဘ)ဦးတင်ရွှေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက် အမှတ် ပ-၃၂၉၀၉ ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၈၃/၂၀၂၁ (၃၀-၁၁-၂၀၂၁) ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်လွင်ဦး ၉/တကန(နိုင်) ၀၀၃၂၁၄(ဘ)ဦးစိုးလွင်မှ ဦးအေးထွန်း ၁၂/ဗဟန(နိုင်) ၀၈၃၉၁၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရာဇသူရ(၁၅)လမ်း၊ မြေကွက်အမှတ် (၁၁၁၈/ခ)မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်အဆောက်အအုံမှ ပထမထပ်(၂-လွှာ/B)၊ အကျယ်အဝန်း (၁၃ ၁/၂ x ၅၄)ပေ၊ အမြင့်(၉) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံး အပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သီတာဝင်း ၆/တသရ(နိုင်)၀၀၀၃၉၆မှ မိမိသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အေးအေးစံ ၁၂/ဥကတ(နိုင်)၀၀၄၃၇၅ နှင့်ဒေါ်မြတ်မော်စိုး ၁၂/ရကန(နိုင်)၀၁၆၁၂၈တို့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ- ဒေါ်ရီရီသန့်[ 'အလင်္ကာ' Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၄)၊ အမှတ်(၃) စက်မှုဇုန်၊ ဆင်တဲလမ်း၊ ဆိုင်ခန်းအမှတ်(C-187)၊ ဆိုင်ခန်း အကျယ်အဝန်း( ၂၀ X ၃၀)ပေ၊ ဦးမြင့်စိုး ၁၂/ရကန(နိုင်)၀၆၀၂၆၂ အမည်ပေါက် ဆိုင်ခန်းနှင့် ပတ်သက်၍ ၎င်းမှ မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ ဆိုင်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘသိန်း ၁၂/မဂတ(နိုင်)၁၀၉၀၆၁ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါ သည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် [' အလင်္ကာ' Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သံသုမာလမ်း၊ မြေကွက်အမှတ် (၆၅/၇၀)မြေပေါ်တွင် ဆောက်လုပ်ထားသောချမ်းသာဂုဏ်ရောင်ကွန်ဒို (၆) ခန်းတွဲ(၁၀)ထပ်တိုက် အဆောက်အအုံမှ (၈-လွှာ)၊ အကျယ်အဝန်း စတုရန်းပေ(၁၅၅၀)၊ အမြင့်(၁၀)ပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါက်တာခင်မိုးဖီ ၁၂/မရက(နိုင်)၀၁၀၈၀၈ကသာ တရားဝင်ပိုင်ဆိုင်ပြီး စင်ကာပူနိုင်ငံ သံရုံးအရာရှိရှေ့မှောက်တွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ် လွှဲစာဖြင့် ဒေါ်သန္တာဖီ ၁၁/စတန(နိုင်)၀၂၀၂၀၈ က ဒေါက်တာခင်မိုးဖီ၏ ကိုယ်စားလှယ်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းလွင်ဦး ၁၂/တတန(နိုင်)၀၄၆၀၉၈နှင့်ဒေါ်လဲ့လဲ့ဝင်း ၁၂/သကတ(နိုင်) ၁၁၅၀၁၅တို့ကရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်[ 'အလင်္ကာ' Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေလင်းယုန်လမ်းရှိ (၄၀ပေ X ပေ ၆၀)ရှိသည့် မြေကွက်အမှတ်(၁၄၁၁) ပါမစ်မြေကွက်နှင့် (၃၀ပေ X ၆၀ ပေ)ရှိသည့် မြေကွက် အမှတ် (၅၈၀) ပါမစ်မြေကွက်တို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါ လိပ်စာပါ မြေကွက်အမှတ်(၁၄၁၁) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီးရောင်းသူ ဒေါ်ခင်နွယ်ထွန်း ၁၂/ သကတ(နိုင်)၁၄၆၄၆၆ ထံမှ ဦးတွမ်ရင်လျှို ၁၃/ကခန(နိုင်)၀၂၂၉၂၄ ကလည်းကောင်း၊ အထက်လိပ်စာပါ မြေကွက်အမှတ် ၅၈၀ မြေကွက်ကို ရောင်းသူဦးခင်ဇော် ၁၂/ဒဂရ(နိုင်)၀၀၄၅၁၂ ထံမှ မောင်တွမ်ရင်ကျန် ၁၃/တမည(နိုင်)၀၁၁၆၄၄ က လည်းကောင်း လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်သူ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာချုပ်၊ စာရွက်စာတမ်း မူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**"Pratice Lawyer" Law Group**
**ရုံးခန်း- တိုက် B-1၊ အခန်း ၁၀၂၊ ပထမထပ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
Facebook: landlawyer1@ gmail.com

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀) တောင်ကြီးမြို့နယ်တရားရုံးတော်၌ ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| ဦးမောင်မြင့် | **နှင့်** | ဦးမောင်ကို |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကျောက်တလုံးလမ်း၊ အမှတ်(ည/၂၁၂)နေ တရားပြိုင် ဦးမောင်ကို (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မြင့်က အိမ်မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရ မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ်၊ ဇီးတောကျေးရွာနေ ဦးကျော်စိုး၏သား မောင်ပြည့်ဖြိုးအောင်၏ ဇနီးဖြစ်သူ မနေခြည်(ခ)နေခြည်ဝင်းထွန်း သည် ၁၄-၄-၂၀၁၈ရက်တွင် ကင်ပွန်းချုံရွာရှိ ဦးကျော်ဝင်း နေအိမ်သို့ ပြန်ချင်သည်ပြော၍ ပြည့်ဖြိုးအောင်မှ လိုက်ပို့ပေးပြီး အဆင်ပြေသည့် အချိန်တွင် မနေခြည်အား ပြည့်ဖြိုးအောင် နေထိုင်ရာ မိဘနေအိမ်သို့ လိုက်လာရန် မှာကြားခဲ့သော်လည်း မနေခြည်မှာ လင်ယောကျ်ားဖြစ်သူ ပြည့်ဖြိုးအောင် နေထိုင်ရာဇီးတောရွာသို့ လိုက်လံပေါင်းသင်းခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြကာ လင်ယောကျ်ားအား စွန့်ပစ်သွားသည်မှာ ၂၂-၈-၂၀၁၈ ရက်မှစ၍ ယခုအချိန်အထိဆိုလျှင် (၄)နှစ်နီးပါး စွန့်ခွာသွား၍ မောင်ပြည့်ဖြိုးအောင် အနေဖြင့် မနေခြည်အားဇနီးမယားအဖြစ် မသတ်မှတ်တော့ဘဲ ပေါင်းသင်းလိုသည့် ဆန္ဒမရှိတော့ကြောင်း၊ ပြတ်စဲသွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်စင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၉၀)**
**ကမ်းနားလမ်း၊ ကျောင်းကြီး အိုးတန်းရပ်၊**
**ပြည်မြို့**
**ဖုန်း-၀၉-၄၃၀၈၄၇၃၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ် (၂၈/၂)၊ မြေဧရိယာ ၀ ဒသမ ၄၆၄ ဧကရှိ မြေကွက်ကို မူလက ဦးလထော်ဇော်ရာ အမည်ဖြင့် မြို့မြေပြေစာ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဦးလထော်ဇော်ရာ ကွယ်လွန်ပြီးနောက် ၎င်း၏ ဇနီး ဒေါ်ဂလုံခါ၊ သားဦးဇော်နော်နှင့် ဦးဇော်တူး တို့(၂)ဦးထံမှ ၄-၁၀-၂၀၁၃ရက်တွင် ဒေါ်ဂျာရာက နှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂျာရာ ၁/ မကန(နိုင်)၀၇၅၁၈၄ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် ၁၁-၁၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၃၆၃/၂၀၂၀)ကို ၁၇-၁၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၇၇၉/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (လေး)မြောက်ရပ်ကွက်၊ ရှုခင်းသာပတ်လမ်း၊ အမှတ်(၆၉)ခ၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်နှင့်မြေကွက် တစ်ကွက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ရှိ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်ညွန့် ၁၂/စခန(နိုင်)၀၄၃၃၁၁ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး အထက်ပါမြေကွက်အား သက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်တိုးတိုးကျော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၇)**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၀၇၀၄၂**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရတနာ မာန်အောင်ရပ်ကွက်နေ ကျွန်တော်၏ ဇနီးဖြစ်သူ မပြည့်ဖြိုးဝေ ၇/တငန(နိုင်)၁၃၁၁၃၄ သည် ၄-၇-၂၀၂၁ရက်မှစ၍ နေအိမ်မှ ထွက်သွားပြီး ကျွန်တော်နှင့် သားများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် စုံစမ်းမေးမြန်းခြင်းသည်းခံရန် ကြေညာအပ်ပါသည်။

**ကျော်ဇင်မျိုး**
**၇/ ကတခ(နိုင်)၀၇၉၃၇၉**

## ၂၄-၁-၂၀၂၂ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)နှင့် (၃၁-၁-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ဒေါ်နန်းနေနွယ် ၇/ပခန(နိုင်)၀၀၈၃၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝေမျိုးကိုကို (စဉ်-၁၅၄၅၆) အထက်တန်းရှေ့နေ ဦးဝင်းတင် (စဉ်-၂၀၈၁၉)နှင့် အထက်တန်းရှေ့နေ ဦးအောင်ဖြိုးဟိန်း(စဉ်-၅၃၀၃၅)တို့၏ ကြေညာချက်အပေါ်တွင် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနိုင်ဝင်းအောင် ၁၂/ဥကမ(နိုင်)၁၈၃၇၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ယခင်(ဘားလားကျေးရွာကွက်သစ်)၊ ကွင်းအမှတ်(၄၉၅/အေ)၊ မြေကွက်အမှတ်(၄၁၅)အား ဝယ်ယူစဉ်အခါ၌ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်မှ (၁၅-၁၀-၂၀၂၀) ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၅)တွင် တရားဝင်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက မြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားလွှတ်တော် ရှေ့နေ တွံ့တေး ဦးသိန်းဝင်း (စဉ်-၄၇၅၈)ဖြစ် ကြေညာ ခဲ့ပါသည်။ **ကြေညာချက်ပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်မှ ဥပဒေနှင့်အညီ ဝယ်ယူခဲ့သည့်မြေကွက်ဖြစ်ပါသည်။**

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်ထောက်ဌာနမှ (၂၀-၁၁-၂၀၂၀)ရက်၌ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅/အေ)မြေကွက်အမှတ်(၄၁၅)အား ဒေါ်နန်းနေနွယ်(ဘ)ဦးထွန်းအုံ ၇/ပခန(နိုင်)၀၀၈၃၈၂သို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကျေးရွာများ ပြောင်းရွှေ့နေရာချထား ရေးအဖွဲ့မှ**(၃၁-၁-၁၉၉၆)ရက်စွဲပါ စာအမှတ် ၁၅/၁၀/ဦး-၅ ဖြင့် ချထားပေးခဲ့ပြီး** တိုင်းစစ်ဌာနချုပ်တွင်ထိန်းသိမ်းထား သော မှတ်ပုံတင်စာရင်း မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရာ မြေကွက်ချထားပေးခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံခဲ့ပါသည်။

၃။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနိုင်ဝင်းအောင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ရက်စွဲ ၁၉၉၆ခုနှစ်၊ ဇန်နဝါရီ ၃၁ရက် အကြောင်းအရာ အိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုခြင်း စာရွက်ပါ အပိုဒ်(၂)၌ မြေကွက်ပိုင်ဆိုင်မှုအတွက် ဂရန်ထုတ်ပေးခြင်း ပြုလုပ်ပါက ယခုအထောက်အထားပါရှိသူကိုသာ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း ဂရန်မပြုလုပ်သေးပါက ယခုအထောက် အထားသည် မြေဂရန်ကဲ့သို့ ခိုင်မာမှုရှိကြောင်း ဖော်ပြအပ်ပါသည်ဟု ပါရှိပါသောကြောင့် **ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်း အောင်၏ လက်ဝယ်၌ ပိုင်ဆိုင်ထားသော အိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုခြင်း စာရွက်မှာ မြေဂရန်ကဲ့သို့ ခိုင်မာသော သက်သေအထောက်အထားဖြစ်ပါသည်။**

၄။ **လူကြီးမင်းတို့၏ ကြေညာချက်အပိုဒ်နံပါတ်(၁)တွင် ဖော်ပြထားရာ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးဌာန၏ အပိုင်းစည်းတံဆိပ်တုံးထုနှိပ်၍ (၂၅-၇-၁၉၉၅)ရက်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေအနေဖြင့် နေအိမ်ဆောက်လုပ်နေထိုင်ခွင့် ပြုထားသဖြင့် ဟုဖော်ပြထားရာ လူကြီးမင်းတို့၏ မိတ်ဆွေ ဒေါ်နန်းနေနွယ်နှင့် ၎င်း၏သမီးဖြစ်သူ ဒေါ်နေနွယ်ဝင်းမော်မှ လှည်းကူးမြို့မရဲစခန်းနှင့် ဌာနဆိုင်ရာ အသီးသီး၌ တင်ပြထားသော စာရွက်ပါအကြောင်းအရာမှာ အိမ်ဆောက်လုပ် နေထိုင်ခွင့် စည်းကမ်းဟုရေးသားဖော်ပြထားသော စာရွက်ဖြစ်နေပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်ပါအကြောင်း အရာနှင့် ဌာနဆိုင်ရာ အသီးသီး၌ တင်ပြထားသော အကြောင်းအရာမှာပင်** လွဲမှားနေကြောင်း ထင်ရှားနေပါသည်။

၅။ ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးနိုင်ဝင်းအောင်မှ တရားဝင်ခြံစည်းရိုးကာရံစဉ်အခါ၌လည်း** မြေကွက်တည်ရှိရာ ငွေနံ့သာစံပြ ကျေးရွာ၏ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမြေယာကော်မတီ(မြေစစ်၊ မြေတိုင်း)အဖွဲ့များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသ၍ မိတ္တူများအပ်နှံကာ **ကျေးရွာအုပ်ချုပ်ရေးနှင့် မြေယာကော်မတီ(မြေစစ်၊ မြေတိုင်း)အဖွဲ့များ၏ သိရှိခွင့်ပြုပါကြောင်း ထောက်ခံချက်ရယူကာ တရားဝင်မြေတိုင်းတာ၍ ခြံစည်းရိုးကာရံခဲ့ခြင်း ဖြစ်ပါသည်။** ဥပဒေမဲ့ကျူးကျော်ဝင်ရောက်၍ ခြံစည်းရိုးကာရံခဲ့ခြင်း မဟုတ်ပါ။

၆။ လူကြီးမင်းတို့၏ မိတ်ဆွေအနေဖြင့် မြေကွက်နှင့်ပတ်သက်၍ ရဲစခန်းဌာနဆိုင်ရာ အသီးသီး၌ တိုင်ကြားရာတွင် လည်း အချင်းဖြစ်မြေကွက်တစ်ခုထဲအား နာမည်အမျိုးမျိုး၊ လိပ်စာအမျိုးမျိုးပေးကာ တိုင်တန်းနေခြင်းမှာလည်း ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း မရိုးဖြောင့်သော သဘောရှိကြောင်း သိသာထင်ရှားနေပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနိုင်ဝင်းအောင်မှာလည်း အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ တိုင်တန်းထားပြီးဖြစ်သည်ဟု သိရှိရပါသည်။

၇။ လူကြီးမင်းတို့၏ ကြေညာချက်ပါအပိုဒ်(၅)ပါ ပထမသတင်းပေးတိုင်တန်းချက် ၁၁၇/၂၀၂၁၊ ပုဒ်မ ၄၄၇၊ ၁၁၄ဖြင့် အမှုဖွင့်လှစ်သည်ဆိုရာ၌ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်သည် သတင်းစာတွင် ကန့်ကွက်နိုင်ပါကြောင်း ကြေညာပြီး ကန့်ကွက်မည့်သူမရှိခြင်း၊ မြေကွက်များချထားပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ထောက်ဌာနမှ ထောက်ခံချက်ရရှိခြင်း၊ မြေကွက်တည်ရှိရာ ကျေးရွာ၏ အုပ်ချုပ်ရေးမှူးနှင့် မြေယာကော်မတီ(မြေစစ်၊ မြေတိုင်း) အဖွဲ့များ၏ ခြံစည်းရိုးကာရံခြင်းအား သိရှိခွင့်ပြုပါကြောင်း ထောက်ခံချက် ရရှိခြင်းများကြောင့် **ဥပဒေနှင့်အညီ ဝယ်ယူ၍ ခြံစည်းရိုး တိုင်းတာကာရံခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေမဲ့ အထောက်အထားမဲ့ကျူးကျော်ဝင်ရောက်၍ ခြံစည်းရိုး ကာရံခဲ့ခြင်း မဟုတ်ပါ။**

၈။ လူကြီးမင်းတို့၏ ကြေညာချက်အပိုဒ်(၅)ပါ သတင်းပေးတိုင်တန်းချက်အမှတ် ၂၀၃/၂၀၂၁၊ ပုဒ်မ ၄၂၀၊ ၄၆၈ဖြင့် အမှုဖွင့်လှစ်သည်ဟုဆိုရာ၌ ကျွန်ုပ်တို့၏မိတ်ဆွေဦးနိုင်ဝင်းအောင်သည် အချင်းဖြစ်မြေကွက်အား ဝယ်ယူစဉ်အခါ၌ သဘောရိုးဖြစ် ကန့်ကွက်နိုင်ပါကြောင်း သတင်းစာကြော်ငြာထည့်သွင်းခြင်း (၃၁-၁-၁၉၉၆)ခုနှစ်ရက်စွဲပါ နေထိုင် ခွင့်ပြုမိန့်အား စစ်ဆေးရာ မှန်ကန်ကြောင်း ထောက်ခံချက်ရရှိခြင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရာတွင် တရား လွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ၊ နိုတြီပွဗလစ်အရာရှိ ရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက်အရောင်းအဝယ်ပြုလုပ်၍ ငွေအပြေအကြေပေးချေကာ ရောင်းချသူ ဒေါ်စန်းစန်းဦးထံမှ စာချုပ်စာတမ်းများအား တရားဝင်လွှဲပြောင်းရယူ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။

၉။ လူကြီးမင်းတို့၏ကြေညာချက်တွင် ပါရှိသော ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်၏ လက်ဝယ်ရှိ စာရွက်စာတမ်း များနှင့် အိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုမိန့်များအား တုပပါသည်ဟု ပြောကြားထားရာ နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်း ထားသော ကန့်ကွက်နိုင်ပါကြောင်း၊ ကြေညာချက်တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေနှင့် နိုတြီအရာရှိတို့၏ ချုပ်ဆိုပေးထားသော၊ မှတ်တမ်းတင်ပေးထားသော စာချုပ်ရှိစဉ် နံပါတ်များ လက်မှတ်များ တံဆိပ်တုံးနှင့် ဖုန်းနံပါတ် လိပ်စာများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ထောက်ဌာန၏ ထောက်ခံချက်များ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်၊ မြေယာကော်မတီ(မြေစစ်၊ မြေတိုင်း)အဖွဲ့များ၏ ခြံစည်းရိုးကာရံခွင့်ပြုပါကြောင်း ထောက်ခံချက်များအား အတုအပများဟု ပြောဆိုခြင်းမှာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနိုင်ဝင်းအောင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး ထိခိုက်စေရန် ရည်ရွယ်၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ လည်းကောင်း၊ ဦးနိုင်ဝင်းအောင်၏ဇနီး၊ သားသမီးနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာအရ သော်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာစေရန် တမင်ရည်ရွယ်၍ ရေးသားဖော်ပြ ကြေညာခြင်းဖြစ်ပါ သည်။

၁၀။ လူကြီးမင်းတို့အပါအဝင် လူကြီးမင်းတို့၏မိတ်ဆွေမှ စွပ်စွဲကြော်ငြာထားသော ကျွန်ုပ်တို့၏ မိတ်ဆွေဦးနိုင်ဝင်း အောင် လက်ဝယ်ရှိ စာချုပ်စာတမ်းခွင့်ပြုမိန့် ထောက်ခံချက်များအား လူကြီးမင်းတို့မှ မြင်တွေ့ဖူးခြင်းမရှိပါဘဲ မည်သည့်ဌာန၊ မည်သည့်ဆိုင်ရာအဖွဲ့အစည်းများမှ တုပပြုလုပ်ပါသည်ဟု ပြောကြားဖော်ပြထောက်ခံခြင်းမရှိပါဘဲ စွပ်စွဲခြင်းမှာ ဥပဒေအကြောင်းအရ မှားယွင်းနေကြောင်း လျော်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့နှင့်လူကြီးမင်းတို့မိတ်ဆွေ ဒေါ်နန်းနေနွယ်တို့မှ (၂၄-၁-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)ပါ ကြေညာချက်နှင့် (၃၁-၁-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)ပါ ကြေညာချက်တို့မှ မှားယွင်းနေပါကြောင်း၊ ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်မှ သတင်းစာကြော်ငြာ များ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ၊ နိုတြီအရာရှိတို့၏ တရားဝင်စာချုပ် ချုပ်ဆိုမှတ်တမ်းတင် ဝယ်ယူ ထားခြင်းကြောင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ထောက်ဌာန၏ ထောက်ခံချက်အကြောင်း ပြန်ကြားစာ ရရှိ၍ ၎င်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ မြေယာကော်မတီ(မြေစစ်၊ မြေတိုင်း) အဖွဲ့များ၏ ထောက်ခံမှု ခွင့်ပြုမှုကြောင့်၎င်း၊ တရားဝင်ဝယ်ယူ၍ ဥပဒေနှင့်အညီ ခြံစည်းရိုးကာရံခြင်း လက်ရောက်ရယူထားသော မြေကွက်ဖြစ်ပါကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာ အပ်ပါသည်။

**ဦးနိုင်ဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝါဝါထွန်း** | **တွံ့တေး ဦးသိန်းဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)** |

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၀၆၅၈၉၀၊ ၀၉-၄၂၀၂၆၄၇၂၉**

# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၁၁၆နေ ဦးခွန်နောင်မြင့်ဝေ ၁၂/အစန(နိုင်)၀၂၀၄၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ် ပါသည်-

ဦးခွန်နောင်မြင့်ဝေနှင့် ဒေါ်အဏ္ဏဝါလင်းဦးတို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲရန်နှင့် ပစ္စည်းခန်းခွဲပေးခြင်း သဘောတူ ကတိစာချုပ်ကို ၂၃-၁၂-၂၀၂၁ရက်တွင် နှစ်ဖက်သော အသိသက်သေများ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ ယင်းစာချုပ်ပါ သဘောတူညီ ချက်များအရ အေးချမ်းကြည်သာစွာ ကွာရှင်းပြတ်စဲနိုင်ရန်နှင့် အသီးသီး နစ်နာမှုများ မရှိကြစေရန် ရည်ရွယ်၍ ဆောင်ရွက်နေဆဲ ကာလဖြစ်ပါသည်။

ဤကာလအတွင်း လူမှုကွန်ရက် စာမျက်နှာများကို အသုံးပြု၍ နှစ်ဦးနှစ်ဖက်၏ ဂုဏ်သိက္ခာကို လည်းကောင်း၊ တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကိုလည်းကောင်း၊ ထိခိုက်နစ်နာစေသော အပြုအမူ၊ အပြောအဆိုနှင့် မမှန်မကန်ဖော်ပြရေးသားခြင်းများ၊ ယင်းရေးသားချက်များကို ကူးယူ၍ ဝေမျှခြင်း၊ တစ်ဆင့်ပြန်လည်ဖြန့်ဝေ ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်နှင့် ယင်းသို့ ပြုလုပ်ကြောင်း အထောက်အထားများနှင့်တကွ တွေ့ရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၁၃)**
**အမှတ် ၁၁၆၁၊ ရွှေပြည်သာ ၅လမ်း**
**(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉- ၄၃၁၉၉၉၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၃လမ်း၊ အမှတ် ၈၅၆/က+ခ၊ (၅)ထပ်တိုက်၏ (၅) လွှာ၊(ခြေရင်းဘက်ခြမ်း)၊ တိုက်ခန်းအမှတ်(ဘီ-၅) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်း ၁၂/လမန(နိုင်)၀၀၇၉၇၂ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကလည်း အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင် မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၉၅၅၃၄၇၅၃၊ ၀၉- ၇၅၀၃၉၈၄၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/8284, ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးစည်သူ ၉/အခဇ(နိုင်) ၀၂၈၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားနိုင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်နေ မောင်ဟုန်းအားနိုင်း နှင့် မောင်ဟုန်းအားနိုင် ၄/မတန(နိုင်)၀၃၃၆၁၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ဟုန်းအားနိုင်း(ခ)မောင်ဟုန်းအားနိုင်**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ရာဒါကောင်း(A)၊ အိမ်အမှတ်(၁၄၅/က)၊ နယ်မြေ(၉)နေ ဦးဆိုနီ ၁/မကန(နိုင်)၁၈၄၂၄၇ နှင့် ဒေါ်ဟာရီမာယာ ၁/မကန(နိုင်) ၀၈၀၅၇၆တို့၏သား မောင်ဟာရီကူမား ၁/မကန(နိုင်)၂၀၆၆၆၄ သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အိမ်မှ ထွက်ခွာသွားပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ မိမိတို့နှင့် တစ်စုံတစ်ရာ မသက်ဆိုင်ကြောင်း တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

**ဦးဆိုနီ-ဒေါ်ဟာရီမာယာ**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၁၂၃၅, Follow Me-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၉/လဝန(နိုင်)၁၃၈၁၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အမှတ် ၈၉၀ နေ ဦးမိုးအောင် (B/RGN-014387)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊(မြေကွက် အမှတ်-၈၉၀)ဟုခေါ်တွင်သော (အလျား ၄၅ပေx အနံ ၆၀ပေ) ဦးမိုးအောင် (B/RGN-014387)အမည်ပေါက် နှစ်(၆၀)ဂရန် မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိလျှင် သော်လည်းကောင်း၊ လက်ခံထားရှိလျှင် သော်လည်းကောင်း၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်၍ အကြောင်း ကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာဝင်း(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၀/၁၂)၊(၁၀၃/E)၊ ၃၅လမ်း(ပထမထပ်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၄၁၇၇၁၇၂၊ ၀၉-၄၃၀၂၈၅၈၂**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၊ ရပ်ကွက်(၂)နေ ဒေါ်ရန်ကြားကြူ(ခ)နှင်းဖြူဖြူစိုးမှ PMP အမှတ် တံဆိပ်အား ကိုယ်ပိုင်ကျောင်း အမှတ်တံဆိပ်အဖြစ် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း တွင်ရှိသော ကိုယ်ပိုင်ကျောင်းများမှ အမည်တူရှိပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ဒေါ်ရန်ကြား ကြူ(ခ) နှင်းဖြူဖြူစိုးထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်အား ဆက်လက် လျှောက် ထား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရန်ကြားကြူ(ခ) နှင်းဖြူဖြူစိုး**
**ရပ်ကွက်(၂)၊ လောက်ကိုင်မြို့**
**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
**ဖုန်း-၀၉- ၇၅၁၆၀၈၆၀၅**

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ လာဂမို့ကွင်း၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၁၅၄နေ ဦးမြင့်သိန်း(ဘ)ဦးစံခင် ၇/ပခန(နိုင်)၁၇၃၉၉၀ မှ သစ်ခွဲရာတွင် အသုံးပြုသော 600-500 KVA မီးစက်နှင့် လွှစက်များဖြစ်သည့် One Side Plainer 20'' 4 Set, Radial Arm Saw 12'' 8 Set, Four Side Plainer 2 Gaw Rip Saw 1 Set, Mosaic Drum Saw 12'' 1 Set, Double End Tenoner 7'' 2 Set, Band Saw 5' 1Set, Band Saw 4' 3 Set. Band Saw 3 1/2' 3 Set, Band Saw 2 1/2' 3 Set, Cross Cut 3'3 Set တို့မှာ ၎င်းတရားဝင် ပိုင်ဆိုင်သော စက်များဖြစ်ကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးအေးဝင်းမှ အပြီး အပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးဝင်း ၇/ ပခန(နိုင်)၁၅၄၂၉၉**
**အမှတ် ၁၉၊ မြို့ပတ်လမ်း၊ ဗိုလ်ကုန်းရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉- ၇၈၄၈၁၆၄၆၀**

## အများသိစေရန်ကြော်ငြာစာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြအောင်စည်ရပ်ကွက်နေ ဒေါ်အုန်းမြင့် ၅/ မရန(နိုင်)၀၅၁၅၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ (၁၇)၊လမ်းသွယ်(၉)ရှိ အရှေ့လားသော်-ဒေါ်ဝင်း၊ အနောက် လားသော်-စေတနာ လမ်း၊ တောင်လားသော်-ဒေါ်အေး၊ မြောက်လားသော်-ဒေါ်တင်ချွေး ၎င်းနယ်နိမိတ် လေးရပ်တွင် တည်ရှိသော အလျား ၄၀ အနံ ၄၀ မြေကွက်ရှိ နှစ်ထပ် အိမ်သွပ်မိုး ကပ်ကာ ရေမီးအစုံ ပါဝင်သော မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အား လုံးတို့ကို ဒေါ်လှပိုင်နှင့် ၎င်း၏သားသမီးများထံမှ ဒေါ်အုန်းမြင့်က အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ဒေါ်အုန်းမြင့်သာလျှင် အဆိုပါမြေကွက်ကို လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်၏ ပိုင်ရှင်အစစ်မှာ ဒေါ်အုန်းမြင့် သာလျှင် ဖြစ်ပါ ကြောင်း အခြားမည်သူ တစ်ဦးတစ်ယောက်မှ အဆိုပါ ဝင်းမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အကယ်၍ ဒေါ်အုန်းမြင့် မပါရှိဘဲ အရောင်းအဝယ်ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့် အညီ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ပါကြောင်းကို ဒေါ်အုန်းမြင့်မှ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖူးဖူးသန့်(တရားလွှတ်တော်ရှေ့နေ)စဉ်- ၁၅၅၃၇**
**သလ္လာအမှတ်(၁၂)ရပ်ကွက်၊ သဇင်လမ်း၊ မုံရွာမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၂-၂၀၂၂ ရက်ထုတ် ဤသတင်းစာ မျက်နှာ (၂၈)တွင်ပါရှိသော အများသိစေရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရှေ့နေ ဒေါ်စုဝေလွင် ကြော်ငြာတွင် ဒေါ်ဇင်မာသီဂိ/ဝမန(နိုင်) ၁၂၄၁၃၀ အစား ဒေါ်ဇင်သီမာ ၇/ဝမန (နိုင်) ၁၂၄၁၃၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဝင်းဖေ၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ နွေပင်ကျေးရွာနေ မခင်အုန်းနှင့် မခင်ခင်အုန်း ၅/ကလဝ(နိုင်)၀၄၅၄၉၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မခင်အုန်း(ခ)မခင်ခင်အုန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ဆုပြည့်ရတနာလမ်း၊ မြေကွက်အမှတ်(၇၃၅)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀) အနက်မှ ခြေရင်းဘက်ခြမ်း၊ အမှတ်(၇၃၅-ခ)၊ အကျယ်အဝန်း(ပေ၂၀xပေ၆၀)ရှိ ဦးစံချစ်အမည် ပေါက် မြေချပါမစ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်သင်းသင်းမာ ၁၂/အစန(နိုင်)၀၅၅၇၂၃၊ ဒေါ်ချိုသဲမာ ၁၂/အစန(နိုင်)၁၄၀၈၆၂၊ ဒေါ်အေးအေးမာ ၁၂/အစန(နိုင်)၀၅၅၂၈၀၊ ဒေါ်ရတနာဖြိုး ၁၂/အစန(နိုင်)၂၀၆၇၄၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့ဝေ ၁၂/မရက (နိုင်)၀၀၇၈၃၀ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဟိန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၆၀၇)(၃၁-၇-၂၀၁၂)**
**အမှတ်(၉/၁၁) ၀၀၄-မြေညီ၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၅၇၇၅၅၆၃**

## မဆုဝတီ ၁၂/တမန(နိုင်)၁၀၆၄၃၆ နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ဇနီးမောင်နှံတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဇနီးမောင်နှံတို့၏ တစ်ဦးတည်းသောသမီး မဆုဝတီသည် မိဘ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘနှစ်ပါးကိုစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်အောင် ဆောင်ရွက်ခြင်းတို့ကြောင့် မဆုဝတီနှင့် ပတ်သက်သည့်ကိစ္စရပ်များကို မိဘနှစ်ပါးတို့မှ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မဆုဝတီနှင့်ငွေကြေး၊ ပစ္စည်းကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်မှုရှိသူများသည် ကျွန်ုပ်မိတ်ဆွေ ဇနီးမောင်နှံထံသို့ လာရောက်ဆက်သွယ်ခြင်း၊ မေးမြန်းခြင်း၊ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်းတို့ကို ပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေဇနီးမောင်နှံမှ လုံးဝလက်ခံမည်မဟုတ်ကြောင်း ပြတ်သားစွာ သတိပေးကြေညာပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေ ဇနီးမောင်နှံအား မဆုဝတီနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ပေးခြင်း၊ ထိခိုက်နစ်နာအောင်ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ပြုမူခြင်းတို့ကို ပြုလုပ်လာသူများရှိလာပါက ၎င်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ မလွှဲမသွေ ထိရောက်စွာ အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သူ**
**LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၅၂)**
**အမှတ်(A-5)၊ ရွှေငုဝါလမ်း၊ ရွှေစံပယ်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၅၂၃၇၆၄၈**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဂန့်ဂါဒင်း ၁၂/ရပသ (ပြု) ၀၀၀၀၃၂ ၏ လွှဲအပ်ချက်အရ ၎င်းနှင့် ဒေါ်ထွေးကြည် ၁၂/အစန (နိုင်) ၀၅၅၉၈၉ တို့၏သမီးဖြစ်သူ မဆာရီသား (ခ) မိုးမိုး ၁၂/အစန(ပြု) ၀၀၀၁၃၉သည် ဖခင်မှခွင့်မလွှတ်နိုင်သော လုပ်ရပ်ကိုလုပ်ဆောင်သွားပါသဖြင့် (၁-၂-၂၀၂၂) ရက်မှစ၍ အမွေစား၊ အမွေခံသမီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် သူမနှင့်ပတ်သက်သည့်မည်သည့်ကိစ္စရပ်ကိုမျှ ဖြေရှင်းပေးခြင်းမပြုသလို၊ စုံစမ်းမေးမြန်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ဝင်းမာလာ**
**အထက်တန်းရှေ့နေ (စဉ်-၃၀၇၈၄)**
**ဖုန်း- ၀၉-၄၂၅၂၉၀၇၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၉၅၆၂ Cando 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးတုပ် ၉/လဝန(နိုင်)၂၁၉၇၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၂၇၄၆)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒုတိယဗိုလ်မှူးကြီးဌေးဝင်း(ဘ)ဦးစံပေါ် ၉/မရက(နိုင်)၀၁၁၆၅၄ အမည်ပေါက်မြေကွက်အား ဒုတိယဗိုလ်မှူးကြီးဌေးဝင်းထံမှ လယ်ဝေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၀/၂၀၁၁ (၂၅-၄-၂၀၁၁)ရရှိထားသူ ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်အောင်လိန်လိန်(ဘ)ဦးကျော်မြင့်(ခ)အောင်ဟုန်ဝှက် ၁၂/လသန(နိုင်)၀၀၉၈၅၉မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ဖြူဖြူဝင်း(ခ) ဒေါ်အောင်လိန်လိန်(ဘ)ဦးကျော်မြင့်(ခ) အောင်ဟုန်ဝှက် ၁၂/လသန(နိုင်)၀၀၉၈၅၉ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၅၃၉)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ခင်ခင်ဦး(ဘ)ဦးလောက်အယ် ၁၃/သပန(နိုင်)၁၀၄၃၀၅ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ခင်ဦးထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၉/၂၀၂၁ (၁၈-၁၀-၂၀၂၁) ရရှိထားသူ ဒေါ်ခင်ညိုညိုဝိုင်း(ဘ)ဦးစိုး ၈/ရစက(နိုင်)၁၅၈၂၁၀ မှ ဒေါ်မြသီတာ(ဘ)ဦးလှစိုး ၁၂/အလန(နိုင်)၀၃၉၅၈၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၁၅)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် V ၁၈၇၊ နှစ်(၆၀)မြေငှားဂရန်မြေ၊ အမည်ပေါက် ဦးတင်ယု ၁၂/လမတ(နိုင်)၀၀၇၂၃၃၊ ဒေါ်နီလာ ၁၂/အလန(နိုင်) ၀၂၉၇၅၆ မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ယုသည် ၂၀-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ကျန်အမည်ပေါက် ဒေါ်နီလာ ၁၂/အလန(နိုင်)၀၂၉၇၅၆မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ၎င်းမှလွဲ၍ အခြားဇနီးတစ်စုံတစ်ရာမရှိကြောင်း၊ ၎င်းမှသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒဂုံမြို့နယ်တရားရုံးတွင် ၁၄-၁၀-၂၀၂၁ရက် ကျမ်းကျိန်ဆိုသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သောမြေကွက်ပေါ်ရှိ TGK VILLA, (၆)လွှာ၊ အမှတ်(၆၁၁)အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးမျိုးမြင့်လွင် ၁၂/လမန(နိုင်)၁၄၁၇၅၆ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုနိုင် ၁၂/ဒပန(နိုင်)၀၄၈၀၃၆ က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကိုကိုနိုင်**
**၁၂/ဒပန(နိုင်)၀၄၈၀၃၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဖေ B.A(Philo),H.G.P**
**အထက်တန်းရှေ့နေ(စဉ်-၇၆၅၂/၈၂)**
**၅၃၃(ပ)ထပ်(ခြေရင်းခန်း)၊ မင်းရဲကျော်စွာ(၉)လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၅၇၉၁**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အပိုင်း(၄)၊ ငမိုးရိပ်(၈)လမ်း၊ အမှတ်(၁၇၄)၊ မြေညီထပ်နေ ဒေါ်ထွေးထွေးအေး ၁၂/သဃက(နိုင်)၀၃၄၉၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အပိုင်း(၄)၊ ငမိုးရိပ်(၈)လမ်း၊ အမှတ်(၁၇၄)၊ တတိယထပ်တိုက်ခန်းအား ဒေါ်ထွေးထွေးအေး ၁၂/သဃက(နိုင်) ၀၃၄၉၅၁နှင့် ဒေါ်ဥမ္မာဦး ၁၂/သဃက(နိုင်)၁၀၈၀၉၅တို့သည် ၇-၂-၂၀၁၈ရက်စွဲပါ မိသားစုစီမံမှုကတိစာချုပ်အရ ပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၆-၁-၂၀၁၁ရက်တွင် ဒေါ်ရီရီဝင်းသို့ တရားဝင်လွှဲပြောင်းရောင်းချ၍ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ရောင်းချပြီးနောက်ပိုင်းတွင် ဒေါ်ထွေးထွေးအေးမှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မံလွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိပါ။ ထိုသို့ဆောင်ရွက်မှုများရှိလာပါက ဒေါ်ထွေးထွေးအေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ယင်းဆောင်ရွက်ချက်များအပေါ် တစ်စုံတစ်ရာ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးအေး၏ ညွှန်ကြားချက်အရ-**

**ဒေါ်မို့မို့သော်(LL.B)** **(စဉ်-၉၉၂၅/၁၄)**

**ဒေါ်ဥမ္မာခင်(LL.B)** **(စဉ်-၉၆၃၂/၁၄)**

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၄၃၀၇၃၈၁၅၊ ၀၉-၇၈၀၀၇၃၉၆၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် ၁၃ရပ်ကွက်၊ မြေကွက်အမှတ် ၁၂၃၇၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးမောင်မောင်နိုင်နှင့် ဒေါ်ဝေဝေစိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေငှားဂရန်မြေကွက်၊ မြေကွက်လိပ်စာအမှတ် ၁၂၃၇၊ ကျန်စစ်သားလမ်း၊ (၁၃)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်လက်ရှိဖြစ်သည်ဆိုသော ဦးမောင်မောင်နိုင် ၁၂/ဗဟန(နိုင်)၀၆၈၅၆၀နှင့် ဒေါ်ဝေဝေစိုး ၁၂/တမန(နိုင်) ၀၀၃၈၀၀ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၄-၂-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ယနေ့ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၇၄၆၀၂**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)အိုင်၊ မြေကွက်အမှတ် ၄၃၈ $G^3/D^1$ + ၄၃၈ $G^3/D^2$ အကျယ်အဝန်း(၅၀ x ၉၀ x ၃၆ x ၁၀၂) ပေရှိ ဘိုးဘွားပိုင်မြေကွက်ဖြစ်ပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၃၉)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သည့် ဖခင်ဦးတင်အောင်(ကွယ်လွန်)နှင့် မိခင် ဒေါ်စန်း(ကွယ်လွန်)တို့ဖြစ်ကြပြီး မြန်မာဓလေ့ထုံးတမ်းအရ အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများဖြစ်သည့် သမီး ဒေါ်ခင်မမ ၁၂/ဗဟန(နိုင်)၀၇၂၁၄၈၊ သမီး ဒေါ်ခင်လေး ၁၂/ကတတ (နိုင်)၀၂၁၇၀၉၊ သား ဦးကျော်ကျော်အောင် ၁၂/ဗဟန(နိုင်)၀၇၁၉၇၆ တို့ဖြစ်ကြပါသည်။

သို့ဖြစ်၍ အဆိုပါမြေကွက်ကို ရောင်းချလိုပါက အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီး(၃)ဦးအနက် တစ်ဦးတစ်ယောက်သောသူ၏ သဘောဆန္ဒဖြင့် ရောင်းချခွင့်မရှိဘဲ ရောင်းချပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးကျော်ကျော်အောင်)၏တရားဝင်ဇနီးဖြစ်သူ ဒေါ်သင်းသင်းမြင့်၏**
**လွှဲအပ်ညွှန်ကြား ချက်အရ-**
**ဦးဖြိုးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၉၈၄/၂၀-၁၁-၂၀၂၀)**
**အမှတ်(၁၈)၊ ပထမထပ်၊ လမ်း(၁၁၀)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၂၉၃၈၊ ၀၁-၈၂၀၁၁၈၅**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးမြင့်သိန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ နွေပင်ကျေးရွာနေ မမြင့်မြင့်မြတ်မွန်နှင့် မမြင့်မြတ်မွန် ၅/ကလဝ(နိုင်)၀၅၂၄၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မမြင့်မြင့်မြတ်မွန်(ခ)မမြင့်မြတ်မွန်**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ အင်ဒုတ်ကျေးရွာနေ မောင်ကျော်ထိုက် ၅/ကလဝ(နိုင်)၀၄၄၀၉၄ ၏ ဖခင် ဦးချိုထွေးနှင့် ဦးချိုဌေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးချိုထွေး(ခ)ဦးချိုဌေး**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ Villa B-1၊ အမှတ်(၆၅)နေ ဒေါ်မာလာဝင်း(၁၂/သဃက(နိုင်)၀၄၂၅၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် -

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်-လွန်ကောင်း၊ ကွင်းအကွက်အမည်-၄က်ကြီးသိုက်၊ ဦးပိုင်အမှတ်(44)၊ မြေအမျိုးအစား-Y မြေ၊ ဧရိယာ(၀. ၉၆)ဧကအကျယ်အဝန်းရှိသည့် ဒေါ်မြစန္ဒာ(MMO-329701)အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြစန္ဒာထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မာလာဝင်းမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ (သို့) ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးတင်အေး(ရေတာရှည်)၊** H.G.P, LL.B., D.B.L
**တရားလွှတ်တော်ရှေ့နေ(၅၇၈၈/၉၁)**

ရုံး - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၅၁၇၈၊ ၀၁-၆၄၅၁၇၉၊ ၀၁-၆၄၅၁၈၀၊ ၀၁-၆၄၅၁၈၁၊ ၀၁-၆၄၅၁၈၂။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။
ဖုန်း-၀၉-၄၂၁၇၈၆၆၁၈၊ ၀၉-၄၅၁၂၄၃၇၃၃၊ ၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃။

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဘန်ကောက်မြို့တွင် ခေတ္တနေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စိန်ထွန်း (ခ) Jolly ၁၁/စတန(နိုင်)၀၅၂၇၆၇၏ ဇနီးဖြစ်သူ မစိုးညွန့်သူ (ခ) မေသူ ၁၂/ပဘတ(နိုင်)၀၃၀၈၉၃သည် လွန်ခဲ့သည့် တစ်ပတ်ခန့်က ခင်ပွန်းဖြစ်သူမသိဘဲ ငွေကြေးမြောက်မြားစွာကို ယူဆောင်ပြီး မိမိသဘောအလျောက် ဘန်ကောက်မြို့ရှိနေအိမ်မှ ဆင်းသွားခဲ့သည့်အပြင် လူမှုရေးအရ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မစိုးညွန့်သူ (ခ) မေသူနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်စိုးအောင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၆၆၂)**

**ဦးမြသိန်း**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၈၅၃)**

**အမှတ်(၁၃၈)၊ ဒုတိယထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၉၆၁၇၊ ၀၉-၂၅၀၁၈၇၁၉၆**

## တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းကြွယ် ၁၄/ငပတ(နိုင်)၀၀၀၀၀၁၊ အမှတ်(၂၀၄)စီ/၁၆၊ မင်းဓမ္မပညာ့ရိပ်သာ၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူနှင့် ဒေါ်အေးအေးမူ(ခ)ဒေါ်အိအိခိုင် ၁၄/ပသန(နိုင်)၀၀၃၆၈၈ အမှတ်(၂၉)၊ ရွှေဝတ်မှုံလမ်း၊ ၁၃ ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးနေထိုင်သူတို့သည် ၉-၁၂-၂၀၁၁ ရက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီးနောက် လွန်ခဲ့သော(၂)နှစ်ခန့်မှစ၍ ကျွန်ုပ်၏မိတ်ဆွေအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ပြုလုပ်ခြင်းတို့ကို လူကြီးမင်းမှ အကြိမ်ကြိမ်လုပ်ဆောင်နေပါသောကြောင့် ယနေ့မှစ၍ ဒေါ်အေးအေးမူ(ခ) ဒေါ်အိအိခိုင်မှာ ဦးသန်းကြွယ်နှင့်သက်ဆိုင်ခြင်းမရှိတော့ဘဲ တရားဝင်ဇနီးအဖြစ်က စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်အေးအေးမူ(ခ)ဒေါ်အိအိခိုင်နှင့်စပ်လျဉ်းသော မည်သည့်အကြောင်းအရာကိစ္စနှင့်မျှ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝင်းအောင်(စဉ်-၈၀၄၆/၂၀၁၂)** **ဒေါ်ဇာလီအေး(စဉ်-၁၃၂၀၁/၂၀၁၇)**

**တရားလွှတ်တော်ရှေ့နေများ(MAI LawFirm)**
**အမှတ်(၂၁)၊ ၄ လွှာ၊ ဓေယျာသုခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း+၉၅ (၉)-၄၂၈၁၂၂၇၉၄၊ +၉၅(၉)-၂၅၀၇၄၇၀၅၆**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ မောင်ထင်လင်းအောင် ၈/မလန (နိုင်)၀၉၉၃၃၈ (ဘ)ဦးသောင်းအေးနှင့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ မသီရိကိုကို ၁၂/ရပသ(နိုင်)၀၅၄၇၅၉ (ဘ)ဦးသွင်ကိုကိုတို့သည် စိတ်သဘောထား မတိုက်ဆိုင်တော့ပါသဖြင့် ၃-၂-၂၀၂၂ ရက်တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်သန္တာအေး (စဉ်-၉၄၃၃/၁၃)နှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသီရိကိုကို**

## ဖခင်အမည်မှန်

ရန်ကုန်မြို့ အထက(၉) မင်္ဂလာဒုံမြို့နယ် သတ္တမတန်း(A)မှ မခိုင်ငြိမ်းစု၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၁၂/ဗတထ (နိုင်) ၀၀၁၂၀၂ ဖြစ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်နေ ဇေယျာဝင်း ၁၂/သဃက(နိုင်) ၁၈၅၂၁၆၏သား မိုဟာမက် ဆိုဝိုင်းဒ်အား မိုဟာမက်အာဒိလ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မိုဟာမက်အာဒိလ်**

## မွေးသက္ကရာဇ်အမှန်

ဦးကျော်အေး၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ အင်ဒုတ်ကျေးရွာနေ မကြူကြူဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၂-၁၉၈၁ ဖြစ်ပါကြောင်း။

**မကြူကြူဝင်း**

## မွေးသက္ကရာဇ်အမှန်

ဦးဖေမောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ နွေပင်ကျေးရွာနေ မခင်မြို့နွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၈-၁၉၉၅ ဖြစ်ပါကြောင်း။

**မခင်မြို့နွယ်**

**သွေးသည် အသက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုံးရှင်
### အသက်(၉၁)နှစ်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်-ဒေါက်တာမြင့်မြင့်ခိုင်(တွဲဖက်ပါမောက္ခ၊ စစ်ကိုင်းပညာရေးကောလိပ်)တို့၏ ချစ်လှစွာသောမိခင် ဒေါ်အုံးရှင်သည် ၇-၂-၂၀၂၂ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စက်စဲရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊အမှုထမ်းများ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ
### အသက်(၉၁)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ ဦးစိုင်းသော်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ဥမ္မာနေထွန်းတို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ(ကလောမြို့)
### အသက်(၉၁)နှစ်

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်း -ဒေါ်ဥမ္မာနေထွန်းတို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမေ
### အသက်(၉၁)နှစ်

သူငယ်ချင်း ဦးစိုင်းသော်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ဥမ္မာနေထွန်းတို့၏ မွေးသမိခင် ကျေးဇူးရှင်ဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နေ ဒေါ်သန်းမေ အသက်(၉၁)နှစ်သည် ၆-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ကြည်း ၂၇၀၂၇ ဗိုလ်ကြီးမောင်မောင်မြတ်(ငြိမ်း)
### (YOC-43)
### BE(EP)1984-93
### မော်လမြိုင်မြို့
### အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ(ဦးချမ်းစိန်)-ဒေါ်ညွန့်ဝေတို့၏သားကြီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးထွန်းရွှေမောင်-ဒေါ်ဖြူဖြူ) တို့၏သားသမက်၊ ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း)၊ ဦးညီညီထွေး၊ ဦးမောင်မောင်သိုက်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အမှတ်(၂၀)သုံးလွှာနေ မစောမာလာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အဲ ဖရတ်ထွန်း၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီးမောင်မောင်မြတ်(ငြိမ်း)သည် ၇-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၉:၂၅နာရီတွင် တာမွေ မြို့နယ်၊ သျှင်ပါကူဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၂-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ဆွေ
### (လူဝင်မှုကြီးကြပ်ရေးမှူး)
### အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးသန်းမောင်)-ဒေါ်စန်းရင်တို့၏သမီး၊ ဦးဟန်ငွေး-ဒေါ်စန်းစန်းတင်၊ဦးခင်မောင်လတ်-ဒေါ်ခင်ဝေပြုံး၊ဦးမျိုးသန့်-ဒေါ်စန်းစန်းဝင်းတို့၏အစ်မ၊ ဦးခင်ငွေး (လက်ထောက်အတွင်းဝန်၊ လဝက ဝန်ကြီးရုံး)၏ဇနီး၊ မမို့မို့ခင်ငွေး (ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)၊ မောင်ရဲရင့်သူ(B.Agr. Sc)၊ မသဲဆုနန္ဒာငွေး(တတိယတန်း-က၊ အထက-၅၊ နေပြည်တော်)တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၇-၂-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျေ့ကြီး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)
### အသက်(၅၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စီမံကိန်း၊ စာရင်းအင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ငွေး၏ ဇနီးဖြစ်သူ အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသား ဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနမှ ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)သည် ၇-၂-၂၀၂၂ ရက် (တနင်္လာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဆွေ(လူဝင်မှုကြီးကြပ်ရေးမှူး)
### အသက်(၅၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ စီမံကိန်း၊ စာရင်းအင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်ငွေး၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဆွေ (လူဝင်မှုကြီးကြပ်ရေးမှူး)သည် ၇-၂-၂၀၂၂ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးရုံး**
**စီမံကိန်း၊ စာရင်းအင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနမှ**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကျင်
### အသက်(၈၆)နှစ်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာ အဖွဲ့ဒုတိယဥက္ကဋ္ဌဦးမျိုးအောင်-ဒေါ်ဝင်းမင်းသန်းတို့၏မိခင်ဖြစ်သူ ဒေါ်မြကျင် အသက်(၈၆)နှစ်သည် ၅-၂-၂၀၂၂ရက် (စနေနေ့)ည ၇:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့နာယက၊ ဥက္ကဋ္ဌ နှင့် ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်များ**
**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကျင်
### အသက်(၈၆)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်-ဒေါ်ဝင်းမင်းသန်းတို့၏ မိခင်ဖြစ်သူ ဒေါ်မြကျင် အသက်(၈၆)နှစ်သည် ၅-၂-၂၀၂၂ရက် (စနေနေ့) ည ၇:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းငွေး၊ ဒေါ်ခင်စန်းမြင့်**
**နေပြည်တော်**

## ဒေါ်ခင်မြ
### ကထိက(ငြိမ်း)
### အရှေ့တိုင်းပညာဌာန၊ရန်ကုန်
### အသက်(၈၄)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ပုလုပ်တောင်ရပ်နေ(ဦးစောလှအောင်-ဒေါ်အေးကျော့)၏ သမီး၊(ဒေါ်စန်းရင်)၏ ညီမ၊ (ဦးကျော်သောင်း)၊ ဦးတင်မောင်(ရဲအုပ်-ငြိမ်း)၊ ဦးလွန်းမောင်(ကပရ-ငြိမ်း)၊ ဒေါ်ခင်ခင်တင့် (ဌာနခွဲမှူး-ငြိမ်း)စက်မှု(၁)တို့၏အစ်မသည် ၇-၂-၂၀၂၂ ရက်တွင် နေပြည်တော် အေးငြိမ်းချမ်းသာဂီလာနဘိုးဘွားရိပ်သာတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၉၇၄၅, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၇/သကန(နိုင်)၁၁၇၂၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ်3G/7594 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မျိုးမြင့်
### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ကမာရွတ်(၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ သန္တာလမ်း၊ အမှတ်(၆၈)နေ (ဦးဘရွှေ-ဒေါ်အေးသင်)တို့၏သမီး၊ (ဦးဘစိန်-ဒေါ်တု)တို့၏သမီးချွေးမ၊ (ဦးငွေအောင်)(ရုံးအဖွဲ့မှူး-ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)(အမှု ဆောင်အရာရှိချုပ်-ငြိမ်း၊ ကုန်သည်ကြီးများအသင်း)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်အမာ)၊ (ဦးကိုကိုကြီး-ဒေါ်သန်းချိန်)၊ (ဦးဦးထွန်း-ဒေါ် မြကျင်)၊ (ဦးချစ်ပို-ဒေါ်အုန်းမေ)၊ (ဒေါ်စောရီ)၊ ဦးကျော်သန်း-(ဒေါ်မိမိလေး)၊ (ဦးညီလေး-ဒေါ်နန့်အေးလုံ)၊ ဦးညီလေးမောင်-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ခင်မှတ်တို့၏ ညီမ၊ ဦးဝင်းသန့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်)-(ဒေါ်သန်းသန်းစိုး)၊ (ဦးကျော်ဇောအောင်)(Director, Dagon Int'l Co.,Ltd)-ဒေါ်ဥမ္မာမြင့်၊ ဦးအောင်ကျော်ဟိန်း(Director, Shwe Than Lwin Holding Co.,Ltd)-ဒေါ် ခင်နွယ်ထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာရဲရင့်အောင်-ဒေါက်တာရွှေရည်ဝင်းသန့်၊ ကိုဖြိုးဝေစိုး-ဒေါက်တာဟေမာဝင်းသန့်၊ ကိုကောင်းထက်ဝင်းသန့်-မဝင်းမြတ်အေး၊ မထူးမြတ်ကျော်ဇောအောင်၊ မောင်မင်းထက်ကျော်ဇောအောင်၊ မောင်ကျော်ဗိုလ်ဗိုလ်ခန့်၊ မောင်ရန်ပိုင်ပိုင်ဟိန်းတို့၏ ချစ်လှစွာသော အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆-၂-၂၀၂၂ရက် ညနေ ၅:၂၀ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်တင်အေး(ခ)ဒေါ်တင်ရီ
### အလက(၂)သာကေတ(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စု ရပ်ကွက်၊ ဘုရားလမ်း (၁)၊ အမှတ် ၂၇၉နေ (ဦးညွန့်ဟန်-ဆေးနှင့် ဆေးပစ္စည်း)၏ ဇနီး၊ (ဦးမင်း သူဟန်)၊ ဦးဖြိုးဝေလွင်-ဒေါ်မြသွေးညို၊ ဦးအောင်ကျော်လင်း-ဒေါ်ဖြူဖြူမြင့်တို့၏ မိခင်၊ ကိုထက်သူဟန်၊ မောင်လင်းထူးခန့်၊ မောင်လင်း ဘုန်းမြတ်တို့၏ ဘွားဘွားကြီးသည် ၆-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ သူတော်ကုန်း အထက(ခွဲ) သတ္တမတန်းမှ မဇွန်ဖူးသက်၏ ဖခင်အမည်မှန်မှာ ဦးသက်ဖေ ၁၄/ပသန(နိုင်)၁၀၀၉၀၀ ဖြစ်ပါကြောင်း။

**ဦးသက်ဖေ**

## ကန့်ကွက်နိုင်ကြောင်း
## ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၃၃၁)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဦးဖိုးဆိတ်အမည်ပေါက်ပါမစ်မြေကွက်အား ဦးခင်ဇော် ၁၃/ မတန(နိုင်) ၀၀၆၂၈၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိ ပြုချက်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အလ္လာဟ်ရှင်မြတ် အမိန့်တော်ခံယူခြင်း
## ဒေါ်ငယ်(ခ)ဒေါ်ငယ်ငယ်မာ(ခ)ခတီဇာဘီ
### စာရင်းစစ်ချုပ်ရုံး(ငြိမ်း)(B.Com)
### စာကြည့်တိုက်မှူးရုံး(ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၄လမ်း၊ အမှတ် ၆နေ [ဦးရှား(ကြိုးစက်)-ဒေါ်အမာ]တို့၏သမီး၊ (ဦးထွန်းမြင့်-ဒေါ်ခင်မာကြည်)၊ (ဒေါ်ရီရီမာ)၊(ဦးသန်း စိန်-ဒေါ်ညိုညိုတင်)တို့၏ညီမ၊ ဒေါ်နီနီမာ၊ (ဒေါ်နုနု)၊ (ဦးသန်းရွှေ)၊ (ဦးသန်းထွန်း)-ဒေါ်ခင်ထွေးရီ(အထက-၂၊ လသာ-ငြိမ်း)၏အစ်မ ဒေါ်ငယ်ငယ်မာ သည် ၇-၂-၂၀၂၂ရက် နံနက် ၂:၃၀နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးကဗ္ဗာရ်စတန်တွင် ဇိုဟိုရ်အပြီးအချိန်၌ ပို့ဆောင်ဒါဖနာပြီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၆၃၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ခင်ချိုအမည်ပေါက် ပါမစ်မြေအား ဦးဇော်ဝင်းကျော် ၉/ပမန(နိုင်) ၁၇၉၃၅၉ နှင့် ဒေါ်ဖြိုးသဇင် ၉/ကပတ(နိုင်)၁၈၇၈၅၅ တို့မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ညောင်သုံးပင်ကျေးရွာ၊ကွင်းအမှတ်(၆၈၃-က)၊မဇီးဖြူမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၁/က)၊ ဧရိယာ(၅.၂၉)ဧကရှိ ဒေါ်ဒါဆဲ(ခ)ခါစွန်အမည်ဖြင့် အခွန်စည်းကြပ်ခံရသော မြေကွက်အတွင်းမှ အုတ်ဖိုစုရပ်ကွက်၊ သနပ္ပင်လမ်းပေါ်ရှိ (၂၅ ပေ×၁၀၀ ပေ)ကျယ်ဝန်းသည့်မြေကွက်ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ကတိပြုသူ ဒေါ်လှမြင့်(၁၂/ဗတထ(နိုင်)၀၂၇၄၉၄)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးညီညီအောင်က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်မျိုးသူဇာ (LL.B.,D.B.L.,D.M.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၈၃)**

**ဦးနိုင်မင်းသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၅)**

အမှတ်(၃)၊ သမာဓိလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။
၀၉-၇၉၉၄၃၉၉၀၄၊ ၀၉-၄၂၁၀၆၅၇၀၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

❖ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။

❖ နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

❖ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာ ရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

❖ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအား မကောင်းစရာ မရှိပါဘူး။

❖ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအားလုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအားတည်ဆောက်သွားပါမယ်။

❖ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## အကြမ်းဖက်ဖောက်ခွဲ၊ သတ်ဖြတ်မှု တစ်ကြိမ်လျှင် ငွေကျပ် ငါးသောင်းရရှိသဖြင့် ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အစိုးရ အနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

## အီဂျစ်ကို အနိုင်ယူပြီး အာဖရိကနိုင်ငံများဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည့် ဆီနီဂေါအသင်း

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆီနီဂေါအသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆီနီဂေါအသင်းက ပယ်နယ်တီတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ ဆီနီဂေါအသင်းသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင်

*စာမျက်နှာ ၂၄ ကော်လံ ၁* ●



အာဖရိကနိုင်ငံများဖလားဆွတ်ခူးပြီးနောက် ဆီနီဂေါအသင်းသားများ အောင်ပွဲခံနေစဉ်။

ယနေ့ သတင်းအညွှန်း

ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း — ပြည်တွင်းသတင်း စာ - ၇

ဟွန်ဒူးရပ်စ်သမ္မတ ကိုဗစ်- ၁၉ ကူးစက်ခံရ — နိုင်ငံတကာသတင်း စာ - ၁၂

ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၈ ဦး တွေ့ရှိ — ပြည်တွင်းသတင်း စာ - ၁၅